စိတ်ကူးချိုချိုအနုပညာ

မောင်ခင်မင်(ဓနုဖြူ)

စာပေဆိုသော မိန်းမချောကလေး

(ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အတွေး)

mgyoe.com

mgyoe.com

စာပေအရေးအဖွဲ့တစ်ခုသည် မိန်းကလေးတစ်ယောက်နှင့်
တူသည်ဟု ဆိုကြပါစို့။ သို့ဆိုလျှင်
စာပေရေးဖွဲ့ရာ၌ သင့်တတ်သော အပြစ်ဒေါသတို့သည်
ထိုမိန်းကလေး၏အလှကို ဖျက်ဆီးသော မှဲ့ခြောက်၊ တင်းတိပ်၊
ဝက်ခြံတို့နှင့် တူကြောင်း၊ စာပေကို တန်ဆာဆင်သော
သဒ္ဒါလင်္ကာရခေါ် စကားတန်ဆာတို့သည် ထိုမိန်းကလေး၏
ချောမောလှပမှု၊ အကျင့်သီလကောင်းမွန်မှု၊ မယားဝတ္တရားကျေပွန်မှု
စသော အရည်အသွေးကောင်းတို့နှင့် တူကြောင်း၊
စာပေကို တန်ဆာဆင်သော အတ္ထာလင်္ကာရခေါ်
အနက်တန်ဆာတို့သည် ထိုမိန်းကလေး ဆင်ယင်ထားသော
ပုတီး၊ နားတောင်း၊ လက်ကောက် စသည့် အဆင်တန်ဆာတို့နှင့် တူကြောင်း
သုဗောဓာလင်္ကာရခေါ် အလင်္ကာကျမ်းတွင် ဥပမာဆောင်ထားပါသည်။
ဤဥပမာအရ စကားတန်ဆာသည် ပင်ကိုအရည်အသွေးဖြစ်ကြောင်း၊
အနက်တန်ဆာသည် အပေါ်က ဆင်ယင်သော
အဆင်တန်ဆာဖြစ်ကြောင်း နားလည်ရပါသည်။



မောင်ခင်မင်(ဓနုဖြူ)

စာပေဆိုသော
မိန်းမချောကလေး

ISBN 9789997118585
MKM10
9 789997 118585
4,500.00KS

mgyoe.com

စာပေဆိုသော မိန်းမချောကလေး၊ မောင်ခင်မင်(ဓနုဖြူ)
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၃၁၆ မျက်နှာ၊ ၁၄ • ၅ စင်တီx ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၄ ၅ ၀ ၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

မာတိကာ

–	စာရေးသူ၏အမှာ	က
၁။	စာပေဆိုသော မီးမှိန်းမချောကလေး	၁
၂။	စာပေမိန်းမချောကလေး၏ ပင်ကိုအရည်အသွေး (၁)	၅
၃။	စာပေမိန်းမချောကလေး၏ ပင်ကိုအရည်အသွေး (၂)	၁၀
၄။	စာပေမိန်းမချောကလေး၏ ပင်ကိုအရည်အသွေး (၃)	၁၅
၅။	စာပေမိန်းမချောကလေး၏ အဆင်တန်ဆာ (၁)	၁၉
၆။	စာပေမိန်းမချောကလေး၏ အဆင်တန်ဆာ (၂)	၂၃
၇။	ပုဂံခေတ်ပိဋကတ်စာပေအထောက်အထားအတွက် ကျောက်စာတစ်ချပ်	၂၇
၈။	မြန်မာစာပေတွင် ဇာတက၏အခန်းကဏ္ဍ	၃၀
၉။	စာဟောင်းပေဟောင်းနှင့် စာသစ်ပေသစ်	၄၃
၁၀။	'ကဗျာ' ဆိုသော ငယ်သူငယ်ချင်း	၄၈
၁၁။	ကဗျာ၏ ဝယဝုမိုဂုဏ်၊ ဂုဏဝုမိုဂုဏ်	၅၄
၁၂။	မျက်စိကာရန် (အမြင်ကာရန်) ပြဿနာ	၅၉
၁၃။	တောင်ငူခေတ် စာပေဟုပေါ်ထွန်းလာသော အသီးအပွင့် ကဗျာတစ်ပုဒ်	၆၅
၁၄။	ကလေးကဗျာယောင်ဆောင်နေသော လူကြီးကဗျာများ	၇၀
၁၅။	ရသနှင့် မယဉ်ပါးလေသောအခါ	၇၅

mgyoe.com

mgyoe.com

၁၆။ သင်္ကေတဖန်တီးပုံများ ၇၉

၁၇။ အဘိဓာန်မှာ အနက်ဖွင့်ပုံနှင့် အဆက်အစပ်နှစ်မျိုး ၈၄

၁၈။ ဖော်ပြချက်၊ ကောက်ချက်၊ ဆုံးဖြတ်ချက် ၈၈

၁၉။ ခေါင်းစကား ၉၃

၂၀။ မျက်နှာစကား ၉၈

၂၁။ 'ဝမ်း' စကား 'ရင်' စကား ၁၀၂

၂၂။ တက္ကသိုလ်ဆိုင်ရာ ဝေါဟာရများ တစေ့တစောင်း ၁၀၆

၂၃။ ဗိုလ်ချုပ်ပြောခဲ့သော သာမန်စကားများ၏ နောက်ကွယ်မှာ... ၁၁၀

၂၄။ "စီရင်သော်" နှင့် "စီရင်သော"၊ "ဝလဿ" နှင့် "ဝဿလ" ၁၁၈

၂၅။ အရေးအသား အလေးထားပါ တို့မြန်မာ ၁၂၃

၂၆။ ဒယ်နီယယ်ချန်ဒလာဖော်ညွှန်းသော ရေးနည်းဖွဲ့ နည်းများ ၁၂၇

၂၇။ အဝတ်ချုပ်နည်း၊ စစ်တုရင်နည်း၊ အဖတ်အမှတ်နည်း ၁၃၁

၂၈။ သတင်းစကားပြေ ၁၃၅

၂၉။ နှုတ်ပြောစကား အပြောစကားပြေ အရေးစကားပြေ ၁၃၈

၃၀။ နှုတ်ပြောစကားဟန်၏ လက်ရှိအနေအထားနှင့်
အနာဂတ်အလားအလာ ၁၄၃

၃၁။ ရှေးအကျဆုံး မြန်မာမင်းအမိန့်တော် ၁၅၀

၃၂။ သူရဲကောင်းဇာတ်လမ်းများ တစေ့တစောင်း ၁၅၅

၃၃။ အလောင်းမင်းတရား၏ သာမန်အမှုအရာ အဖွဲ့ကလေးများ ၁၆၂

၃၄။ စာအုပ်ဝယ်သံများ ကြားမိရာမှ... ၁၆၇

၃၅။ မာနအမှုအရာ၊ နိဝါတအမှုအရာ ၁၇၂

၃၆။ သီချင်းယောင်ဆောင်လေသောအခါ ၁၇၈

၃၇။ ဘော်လီဘောနှင့် ကျောပိုးအိတ် ၁၈၄

၃၈။ မွေးရပ်ဇာတိမြေ အတွေး ၁၈၉

၃၉။ မီးအတွေး ၁၉၄

၄၀။ ကောင်းကင်နှင့် ဆက်နွယ်၍ ၁၉၈

mgyoe.com

mgyoe.com

၄၁။ အမိန့်ရည်ဟူသော မေတ္တာသင်္ကေတ ၂၀၃

၄၂။ အသက်တစ်ရာမနေရဟု ဆိုသော်လည်း ၂၀၈

၄၃။ ဆရာဇော်ဂျီ၏ ရှေ့မှောက်မှာ ၂၁၃

၄၄။ ဆရာကြီး မင်းသုဝဏ်ရာပြည့်အလွန် ဆယ်နှစ်မှာ ၂၁၈

၄၅။ ဆရာတင့်တယ် ရာပြည့် ၂၂၄

၄၆။ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်များနှင့် ကျွန်တော် ၂၂၈

၄၇။ စစ်တွေကို မရောက်ဖူးသေးသော်လည်း ၂၄၀

၄၈။ ဘာကိုဆရာနှင့် ဘယ်လိုဆရာတို့ လက်တွဲမိကြသည် ၂၄၅

၄၉။ ပြည်ပတက္ကသိုလ်များတွင် မြန်မာစာသင်ကြားမှု ၂၅၁

၅၀။ မသိလျှင် ဘေးကင်းသည် ၂၆၀

၅၁။ သချ်ာတံခါး ၂၆၄

၅၂။ လွတ်လပ်ရေးရစ ရန်ကုန်က ကျူးကျော်ရပ်ကွက်လေးခုမှာ ၂၆၈

၅၃။ တက္ကသိုလ်ဝန်းကျင် စာပေဝန်းကျင် အငွေ့အသက်များနှင့်... ၂၇၇

၅၄။ နှစ်ငါးဆယ်က တက္ကသိုလ်မြတ်စိုး၏ သီချင်းနှစ်ပုဒ် ၂၈၃

၅၅။ သိက္ခမ်းခင်မင်ခဲ့ရသော... ၂၈၈

၅၆။ အသံတိတ်၊ အသံထွက်၊ သံစုံသွင်း ၂၉၅

၅၇။ သတိရစရာ ဆရာသာဓု၏ ဇာတ်ကားများ ၃၀၀

၅၈။ ကျောင်းတော်ကြီးများ၏ ဂုဏ်ကျေးဇူး ၃၀၅

၅၉။ စကားရည်လုကြသည့် အစဉ်အလာ ၃၀၈

၆၀။ လူငယ်များအတွက် နမူနာကောင်းတစ်ခု ၃၁၃

---

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စာရေးသူ၏ အမှာ

မဂ္ဂဇင်း ဂျာနယ်များတွင် ကျွန်တော်ရေးခဲ့သော ဤဆောင်းပါးစုကို 'စာပေဆိုသော မိန်းမချောကလေး' ဟု အမည်ပေးပါသည်။ ရှေ့ဆုံးဆောင်းပါး၏ နာမည်ကို ယူလိုက်ခြင်းဖြစ်သည်။

ရှေးကတည်းက မြန်မာစာပေတွင် ထင်ရှားခဲ့သော သုဗောဓာလင်္ကာရကျမ်းလာ တင်စားချက်ကို အခြေပြု၍ အတွေးမျှင်တန်းမိရာက 'စာပေ မိန်းမချောကလေး' ၏ အလှကို စူးစမ်းကြည့်မိခဲ့ပါသည်။ ကဗျာနှင့် ထိတွေ့ရသော အတွေ့အကြုံကို အခြေပြု၍ ကဗျာသဘော၊ ကဗျာဂုဏ်နှင့် ကဗျာဆိုင်ရာ ပြဿနာအချို့ကိုလည်း စူးစမ်းကြည့်မိခဲ့ပါသည်။ တစ်ဖန် စာပေအရေးအဖွဲ့နည်းနာများ၊ အပြောစကားပြေ၏ လက်ရှိအနေအထားနှင့် အနာဂတ်အလားအလာတို့ကိုလည်း အာရုံပြုမိပါသည်။

ဘာသာစကားတွင် တွေ့ရသော သင်္ကေတဖန်တီးမှုသဘောကစ၍ အနက်အဓိပ္ပာယ်၊ အသုံးအနှုန်း စသည့် ဘာသာစကားကိစ္စများကိုလည်း အတွေးဆက်၍ စူးစမ်းမိပါသည်။

လူပုဂ္ဂိုလ်ဆိုင်ရာ အတွေ့အကြုံများ၊ ကိုယ်တွေ့အမှတ်တရများနှင့် ပေါ်ပေါက်လာသော အတွေးများကို အလျဉ်းသင့်၍ ရေးဖြစ်သည့်အခါများလည်းရှိပါသည်။ ဤစာစုတွင် ပါဝင်သော စာများကို

mgyoe.com

mgyoe.com

အမျိုးအစားခွဲကြည့်မိခြင်း ဖြစ်ပါသည်။ ဤခွဲခြားမှုအတိုင်း ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အတွေးဟူ၍ ခေါင်းစဉ်ငယ်များဖြင့် ရည်ညွှန်းလိုက်ပါသည်။

ဤဆောင်းပါးများကို ထည့်သွင်းပေးသော မဂ္ဂဇင်း ဂျာနယ်များနှင့် စာအုပ်အဖြစ်ပုံဖော်ပေးသော စိတ်ကူးချိုချိုစာပေကို ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

မောင်ခင်မင်(ဓနုဖြူ)

၅-၅-၂၀၁၉

-- ✿ --

mgyoe.com

mgyoe.com

စာပေဆိုသော မိန်းမချောကလေး

စာပေအရေးအဖွဲ့တစ်ခုသည် မိန်းကလေးတစ်ယောက်နှင့် တူသည်ဟုဆိုကြပါစို့။ သို့ဆိုလျှင်–

စာပေရေးဖွဲ့ရာ၌ သင့်တတ်သော အပြစ်ဒေါသတို့သည် ထိုမိန်းကလေး၏ အလှကို ဖျက်ဆီးသော မှဲ့ခြောက်၊ တင်းတိပ်၊ ဝက်ခြံတို့နှင့်တူကြောင်း၊ စာပေကို တန်ဆာဆင်သော သဒ္ဒါလင်္ကာရခေါ် စကားတန်ဆာတို့သည် ထိုမိန်းကလေး၏ ချောမောလှပမှု၊ အကျင့်သီလကောင်းမွန်မှု၊ မယားဝတ္တရားကျေပွန်မှု စသော အရည်အသွေးကောင်းတို့နှင့် တူကြောင်း၊ စာပေကို တန်ဆာဆင်သော အတ္ထာလင်္ကာရခေါ် အနက်တန်ဆာတို့သည် ထိုမိန်းကလေး ဆင်ယင်ထားသော ပုတီး၊ နားတောင်း၊ လက်ကောက် စသည့် အဆင်တန်ဆာတို့နှင့်တူကြောင်း သုဗောဓာလင်္ကာရခေါ် အလင်္ကာကျမ်းတွင် ဥပမာဆောင်ထားပါသည်။

ဤဥပမာအရ စကားတန်ဆာသည် ပင်ကိုအရည်အသွေးဖြစ်ကြောင်း၊ အနက်တန်ဆာသည် အပေါ်က ဆင်ယင်သော အဆင်တန်ဆာဖြစ်ကြောင်း နားလည်ရပါသည်။

အလင်္ကာကျမ်းတွင် ဖော်ပြထားသော အပြစ်ဒေါသများကို လေ့လာကြည့်မည်ဆိုလျှင် စကားသုံးသည့်အခါ အနက်နှစ်ခွထွက်နေခြင်း၊ အသိခက်သော စကားကို သုံးခြင်း၊ စကားကိုပိုသုံးခြင်း၊ အနက်အဓိပ္ပာယ်မရှိသော စကားကိုသုံးခြင်း၊ ဝါကျအတွင်း ပုဒ်ထားရှုပ်ခြင်း၊ ရှေ့နောက် အဆက်အစပ်လွဲခြင်း စသည်ဖြင့် ဘာသာ

mgyoe.com

mgyoe.com

စကားအသုံးပြုပုံ နေရာမကျ၍ ဖြစ်ပေါ်လာသော အပြစ်များဖြစ်ကြောင်း တွေ့ရ သည်။ သဒ္ဒါလင်္ကာရခေါ် စကားတန်ဆာများကို ကြည့်လျှင် စကားရှင်းလင်းခြင်း၊ အနက်အဓိပ္ပာယ်လွယ်ကူခြင်း၊ စကားပြေပြစ်ချောသာခြင်း၊ အနက်အဓိပ္ပာယ် အပြည့်အဝ ပါဝင်ခြင်း၊ စကားကျစ်လျစ်ခြင်း၊ စကားကို အနှစ်သာရပါအောင် ချဲ့ထွင်ခြင်း စသည် ဖြင့် ဘာသာစကားနိုင်နင်းသည့်အတွက် ဖြစ်ပေါ်လာသော အရည်အသွေးများ ဖြစ်ကြောင်း တွေ့ရသည်။ 'စာပေ' ကို ဖွင့်ဆိုရာတွင် 'စာပေဟူသည် ကောင်းစွာ အသုံးပြုထားသော ဘာသာစကားဖြစ်သည်။ စာပေဟူသည် ဘာသာစကားကို စိတ်ကူးဉာဏ်ဖြင့် ဖန်တီးအသုံးပြုထားခြင်းဖြစ်သည်' ဟူသော ဖွင့်ဆိုချက်များရှိသည်။ ထိုဖွင့်ဆိုချက်များနှင့် ဆက်စပ်စဉ်းစားလျှင် စာပေရေးဖွဲ့ရာ၌ ဘာသာစကားသည် အရင်းခံဖြစ်ကြောင်း၊ ဘာသာစကားကျွမ်းကျင်လျှင် စာပေအရေးအဖွဲ့ ပြောင်မြောက်ကောင်းမွန်ကြောင်း နားလည်ရပါသည်။

အတ္ထာလင်္ကာရခေါ် အနက်တန်ဆာများကို ကြည့်လျှင် အနက်အဓိပ္ပာယ်ဆန်းကြယ်အောင် စိတ်ကူးဖြင့် ဖန်တီးရေးဖွဲ့သော ဥပမာအလင်္ကာ၊ ရူပကအလင်္ကာ စသည့် အလင်္ကာနည်းများဖြစ်ကြောင်း တွေ့ရပါသည်။ ဥပမာအလင်္ကာဖြင့် ခိုင်းနှိုင်းခြင်း၊ ရူပကအလင်္ကာဖြင့် တင်စားခြင်းတို့ကြောင့် အရေးအဖွဲ့တစ်ခုသည် နှစ်သက်စဖွယ် ဖြစ်လာရသည်။ စိန်ရွှေရတနာများဖြင့် ပြုလုပ်ထားသော ဆွဲကြိုး၊ လက်ကောက်၊ ခြေချင်း၊ နားတောင်း စသည့်အဆင်တန်ဆာများက ဆင်ယင်သူကို ပို၍ တင့်တယ်လှပအောင် ဖန်တီးပေးသည့်သဘောဖြစ်သည်။ ထိုအဆင်တန်ဆာများသည် အပေါ်ယံက ဖုံးအုပ်ဆင်ယင်သော အဆင်တန်ဆာများဖြစ်သည်။

သုဗောဓာလင်္ကာရကျမ်းလာ နောက်အဆိုအမိန့်တစ်ခုကလည်း သဒ္ဒါလင်္ကာရနှင့် အတ္ထာလင်္ကာရတို့၏ အခန်းကဏ္ဍတို့ကို ဖော်ပြနေသည်။ စာပေအရေးအဖွဲ့တစ်ခုသည် အတ္ထာလင်္ကာရခေါ် အနက်တန်ဆာများ (ဥပမာ– ရူပက စသည့် အလင်္ကာများ) မပါဝင်စေကာမူ သဒ္ဒါလင်္ကာရခေါ် စကားတန်ဆာနှင့် ပြည့်စုံလျှင် အရေးအဖွဲ့ကောင်းဖြစ်သည်ဟူသော အဆိုအမိန့်ဖြစ်သည်။ တစ်ဖက်က စဉ်းစားလျှင် စာပေအရေးအဖွဲ့တစ်ခုသည် အတ္ထာလင်္ကာရခေါ် အနက်တန်ဆာများ ပါဝင်စေကာမူ ရှေ့တွင် ဖော်ပြခဲ့သော အပြစ်ဒေါသများရှိနေလျှင် သဒ္ဒါလင်္ကာရနှင့် ပြည့်စုံမည် မဟုတ်တော့ပါ။ ထိုစာမျိုးကို စာကောင်းဟု မခေါ်နိုင်ပါ။ ထို့ကြောင့် သဒ္ဒါလင်္ကာရခေါ် ဘာသာစကားနိုင်နင်းမှုကြောင့် ပေါ်ပေါက်လာသော အရည်အသွေးများသည် စာပေ

mgyoe.com

mgyoe.com

ရေးဖွဲ့ရာတွင် ပဓာနကျပြီး အတ္တာလင်္ကာရခေါ် အနက်အဓိပ္ပာယ် အဆန်းတကြယ် ဖြစ်အောင် တန်ဆာဆင်သော အဆင်တန်ဆာများသည် အပေါ်ယံ အဆင်တန်ဆာ များဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

စာပေကို ဘာသာစကားဖြင့် ရေးဖွဲ့ရသည်။ ဝတ္ထုပဲရေးရေး၊ ကဗျာပဲရေးရေး၊ ပြဇာတ်ပဲရေးရေး၊ ရသစာတမ်း(အက်ဆေး) ပဲရေးရေး ဘာသာစကားကို အသုံးပြုရ သည်ချည်းဖြစ်သည်။ စာပေအာနိသင်ရှိအောင် ဘာသာစကားကို ထိရောက်ထက် မြက်စွာ အသုံးပြုရသည့်အလျောက် စာပေကိုအကြောင်းပြု၍ ဘာသာစကားဖွံ့ဖြိုး လာရသည်။ ထိရောက်ထက်မြက်သော အသုံးကောင်းများပေါ်လာရသည်။ ထို့အတူ ဘာသာစကားကို ထိထိရောက်ရောက် အသုံးပြုနိုင်လေလေ၊ စာပေအာနိသင် ထက်မြက်လေလေ ဖြစ်သည့်အတွက် ဘာသာစကားကို အကြောင်းပြု၍ စာပေလည်း ဖွံ့ဖြိုးလာရသည်။ ဘာသာစကားနှင့် စာပေသည် အပြန်အလှန်ကျေးဇူးပြုနေသော မိတ်ဖက်များဖြစ်သည်။

ဘာသာစကားလေ့လာမှုရော စာပေလေ့လာမှုပါ လိုအပ်ကြောင်း သုဗောဓာ လင်္ကာရကျမ်းဦးပင် မိန့်ဆိုထားပါသည်။ ပုဂ္ဂိုလ်တစ်ယောက်သည် သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်း၊ ဆန်းကျမ်း၊ အလင်္ကာကျမ်းဟူသောကျမ်း (၄) ကျမ်းကို ကျွမ်းကျင် စွာ တတ်မြောက်သည်ဆိုလျှင် ထိုပုဂ္ဂိုလ်သည် စာမရေးစေကာမူ စာဆိုအဖြစ် အသိ အမှတ်ပြုအပ်သည်ဆိုသော အဆိုအမိန့်ဖြစ်သည်။ ဖော်ပြထားသော ကျမ်း(၄) ကျမ်း ကိုကြည့်လျှင် ဘာသာစကားဖွဲ့ထုံးစည်းကမ်းကို ပြသော သဒ္ဒါကျမ်းနှင့် ဝေါဟာရ များ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုသော အဘိဓာန်ကျမ်းတို့သည် ဘာသာစကား ဆိုင်ရာ ကျမ်းများဖြစ်၍ ပါဠိကဗျာ(ဂါထာ) ဖွဲ့နည်းကိုပြသော ဆန်းကျမ်းနှင့် ရသ မြောက်အောင်ဖွဲ့ရသော အဆင်တန်ဆာ နည်းနာများကိုပြသော အလင်္ကာကျမ်းတို့ သည် စာပေဆိုင်ရာကျမ်းများဖြစ်ကြောင်း တွေ့ရပါသည်။

ဘာသာစကားဆိုင်ရာ ကျမ်း(၂)ကျမ်းနှင့် စာပေဆိုင်ရာကျမ်း (၂)ကျမ်းဖြစ် သည့်အတွက် ဘာသာစာပေလေ့လာမှုသည် မျှတသော သဘောကို ဆောင်နေပါ သည်။ ဘာသာစကားနှင့် စာပေတို့ အပြန်အလှန် အထောက်အကူပြုသည့် သဘောကို ခရစ်မပေါ်မီ ကာလကတည်းက ပေါ်ထွန်းသော အလင်္ကာကျမ်းများတွင် မျှမျှတတ ဖော်ညွှန်းလျက်ရှိကြောင်း တွေ့ရပါသည်။

စာပေအရေးအဖွဲ့တစ်ခုကို အပိုင်း(၅)ပိုင်းဖြင့် လေ့လာသုံးသပ်နိုင်ကြောင်း

mgyoe.com

mgyoe.com

အလင်္ကာကျမ်းတွင် ဖော်ပြထားပါသည်။ အပြစ်ဒေါသအပိုင်း၊ အပြစ်ဒေါသဖြေဖျောက်ပုံ (ပရိဟာရ)အပိုင်း၊ စကားတန်ဆာ (သဒ္ဒါလင်္ကာရ) ခေါ် ဂုဏ်အပိုင်း၊ အနက်တန်ဆာ(အတ္ထာလင်္ကာရ)ခေါ် အလင်္ကာရအပိုင်းနှင့် ရသဘာဝခေါ် ရသအပိုင်းတို့ဖြစ်သည်။ စာပေအဖွဲ့တစ်ခုတွင် အပြစ်ဒေါသများကို ဖြေဖျောက်ပြီး စကားတန်ဆာ၊ အနက်တန်ဆာများဖြင့် ရေးဖွဲ့ပါက ရသမြောက်သော စာပေအဖွဲ့တစ်ခု ဖြစ်လာပုံကို ဖော်ပြထားခြင်းဖြစ်သည်။

စာပေရေးဖွဲ့သူက အပြစ်ဒေါသကင်းအောင်၊ ဂုဏ်အလင်္ကာမြောက်အောင် ရေးဖွဲ့လျှင် ထိုစာသည် ရသမြောက်သော စာဖြစ်လာ၍ စာဖတ်သူက ရသဟူသော နှစ်သက်ခြင်းအရသာကို ခံစားရမည်ဖြစ်ကြောင်း နားလည်ရပါသည်။

သို့ဆိုလျှင် ရသ၏သဘောသည် မည်သို့ရှိပါသလဲ။ ရသကို မည်သည့်အရာနှင့် ခိုင်းနှိုင်းသင့်ပါသလဲ။ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း အပြစ်ဒေါသကင်း၍ သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရ (စကားတန်ဆာ၊ အနက်တန်ဆာ)နှင့် ပြည့်စုံသော စာပေအဖွဲ့တစ်ခုသည် အပြစ်အနာအဆာကင်း၍ အရည်အချင်းပြည့်ဝသော၊ ချောမောလှပသော မိန်းကလေးတစ်ယောက်နှင့် တူသည်ဟု ဥပမာပေးနိုင်လျှင် စာဖတ်သူ ခံစားရသော ရသသည် ထိုမိန်းကလေးကို ချစ်မြတ်နိုးသည့်စိတ်နှင့် တူသည်ဟု ဥပမာပေးရပါလိမ့်မည်။

'စာပေဆိုသော မိန်းမချောကလေး' ကို စာဆိုတို့ မည်သို့မည်ပုံဖော်ကြကြောင်း ဆက်လက်တင်ပြမည်ဖြစ်ပါသည်။

မြဝတီရသစုံမဂ္ဂဇင်း၊ ဖေဖော်ဝါရီ၊ ၂၀၁၇ ခုနှစ်။

-- ✿ --

mgyoe.com

mgyoe.com

စာပေမိန်းမချောကလေး၏ ပင်ကိုအရည်အသွေး (၁)

စာကောင်းပေမွန်ကို ပင်ကိုစိတ်ရင်းလည်း ကောင်းမွန်၍ ပုတီးနားတောင်း အဆင်တန်ဆာများလည်း ဆင်ယင်ထားသော မိန်ကလေးနှင့် ခိုင်းနှိုင်းသည့် သုဗောဓာလင်္ကာရကျမ်းဆရာ၏ ခိုင်းနှိုင်းပုံကို ဆွေးနွေးခဲ့ပါသည်။

ထိုမိန်းကလေး၏ အကျင့်သီလကောင်းမွန်ခြင်း၊ မယားဝတ္တရား ကျေပွန်ခြင်း၊ ချောမောလှပခြင်း စသော ပင်ကိုအရည်အသွေးများသည် စာပေ၏ စကားတန်ဆာ (သဒ္ဒါလင်္ကာရ) နှင့်တူသည်ဟု အလင်္ကာဆရာက ခိုင်းနှိုင်းသည်။ စကားတန်ဆာဟူသည် ဘာသာစကားကို နိုင်နိုင်နင်းနင်းကိုင်တွယ်၍ တန်ဆာဆင်ရေးဖွဲ့ခြင်းပင် ဖြစ်သည်။

'စာပေဟူသည် ကောင်းစွာအသုံးပြုထားသော ဘာသာစကားဖြစ်သည်' ဟူသော ဖွင့်ဆိုချက်၊ 'စာပေဟူသည် ဘာသာစကားကို ဖန်တီးအသုံးပြုထားခြင်း ဖြစ်သည်' ဟူသော ဖွင့်ဆိုချက်တို့နှင့် ညှိကြည့်သောအခါ စာပေရေးဖွဲ့ရာတွင် စကားတန်ဆာဟုခေါ်သော ဘာသာစကား အဆင်တန်ဆာသည် အခြေခံကျသည်ဟူသော သဘော ထင်ရှားလာပါသည်။

ဘာသာစကားကို 'ကောင်းစွာ' အသုံးပြုခြင်းဟူသော အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျှင် ထိုစာသည် နှစ်သက်စရာကောင်းသော စာဖြစ်သည်မှာ သေချာပါသည်။

စကားတန်ဆာ(သဒ္ဒါလင်္ကာရ) ဆိုရာ၌ ဘာသာစကားကို ရှင်းရှင်းလင်းလင်း အသုံးပြုခြင်း၊ ပြေပြေပြစ်ပြစ် အသုံးပြုခြင်း၊ ကျစ်ကျစ်လျစ်လျစ် အသုံးပြုခြင်း၊ အနှစ်

mgyoe.com

mgyoe.com

သာရပါပါ ချဲ့ထွင်ရှင်းလင်းခြင်း၊ အနက်အဓိပ္ပာယ်ပြည့်ဝခြင်း၊ နှစ်သက်ဖွယ် တင်စား သုံးခြင်း စသော အင်္ဂါလက္ခဏာများကို ဆိုလိုကြောင်း အလင်္ကာကျမ်းအရ သိရ သည်။ ထိုသို့သော အင်္ဂါလက္ခဏာများနှင့် အညီ အသုံးပြုခြင်းသည် ဘာသာစကား ကို 'ကောင်းစွာ' အသုံးပြုနေခြင်းဖြစ်သည်။

သာဓကပြရလျှင် မြန်မာစာပေသမိုင်းတစ်လျှောက် ပေါ်ပေါက်ခဲ့သောတျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ ကောက်စိုက်သီချင်းနှင့် မောင်းထောင်းသီချင်းတို့သည် ထီးသုံးနန်းဝင် စာကြီးပေကြီးများမဟုတ်သော်လည်း ဖော်ပြခဲ့သော စကားတန်ဆာ (သဒ္ဒါလင်္ကာရ)နှင့် ပြည့်စုံသော ကဗျာများဖြစ်ကြောင်း တွေ့ရပါသည်။

ညောင်ရမ်းခေတ် စာဆိုဝန်ကြီး ပဒေသရာဇာ၏ တျာချင်းများဆိုပါစို့။ လယ် သမားဘွဲ့တျာချင်းတွင် လယ်သမားမိသားစု လယ်ထဲဆင်းသည့် မြင်ကွင်းကို ဖွဲ့ထား ပုံမှာ သရုပ်ပေါ်လှပါသည်။ပျော်ပျော်ပါးပါး လယ်ထဲဆင်းကြပုံ၊ ဝတ်ထားသည့် ပုဆိုး နှင့် အင်္ကျီများစုတ်ပြဲနေပုံ၊ လယ်သမားကြီးက ခေါင်းပေါင်းနီနီရဲရဲကြီး ပေါင်းထားပုံ၊ တစ်ထွာလောက်ရှိသော ဆေးတံကိုခဲရင်း လယ်ထွန်နေပုံ၊ ကလေးများ မိုးရေထဲမှာ အဝတ်မပါဘဲ ပြေးလွှားဆော့ကစားနေပုံ၊ လယ်ထွန်ပြီးနောက် ဖားပေါင်စင်း၊ ခရု၊ ပိလော၊ ကန်စွန်း၊ ဆူးပုပ်၊ ကင်းပုံ စသည် တွေ့သမျှစားစရာများကို တွေ့သမျှကောက် ယူ ခူးဆွတ်ပြီး အိမ်ပြန်ကြပုံ၊ အိမ်ရောက်သောအခါ အမြန်ချက်ပြုတ်ပြီး ထမင်းပူပူ၊ ဟင်းပူပူကို ပလုတ်ပလောင်း စားကြပုံ၊ ရှမ်းငရုတ်သီးကို ကိုက်စားရင်း တရှူးရှူး၊ တရှဲရှဲ မြည်နေပုံတို့ကို ဖွဲ့ထားခြင်းဖြစ်သည်။ 'ထမင်းကပူ ဟင်းကပူ၊ ရှူရှူသော ရှမ်းငရုတ်ကယ်နှင့်လေး' ဟူသော အဖွဲ့မှာ မြင်ကွင်းအား မြင်ယောင်လာစေရုံမက အသံကိုပါ ကြားယောင်လာစေသော အဖွဲ့ဖြစ်သည်။ ဒေါင်းလန်းကြီးထဲမှာ ထမင်းနှင့် ဟင်းများထည့်ပြီး ဝိုင်းဖွဲ့စားပုံကို 'နှီးဒေါင်းလန်းကြီး ခူးပြီးသောခါ၊ သမီးနှင့်သား များလို့မဝင်သာ၊ ဒူးတစ်ဖက်ဟာ၊ တွန်းကာဖယ်လျက်' ဟူသော ဖွဲ့ပုံမှာ သရုပ်ပေါ် လှပါသည်။

ညောင်ရမ်းခေတ်စာဆိုဖြစ်သည့် တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းများမှာ လည်း ကျေးလက်သဘာဝကို ပုံဖော်ထားသော အဖွဲ့များဖြစ်သည်။ မိန်းမပျိုကလေး က သူငယ်ချင်းများကို 'ချစ်တဲ့သူငယ်လေး သူငယ်ချင်းကောင်းယောက်မတို့ရေ' ဟု အစချီပြီး ရင်ဖွင့်ဟန်ရေးဖွဲ့ထားသည်။ အိုင်ချင်းတစ်ပုဒ်တွင် 'ရှင်လူထွက်သစ် ဆယ့်သုံးနှစ်' ကတည်းက ချစ်ရသူကိုမိကြီး၊ မိထွေးများက သဘောမတူသည့်အတွက်

mgyoe.com

mgyoe.com

ချစ်သူနှစ်ယောက် မတွေ့ရပုံကိုဖွဲ့သည်။ ညဦးတွင် ဗိုင်းငင်ချည်ချရင်း ဧည့်ခံစကားပြောနေကျဖြစ်သော်လည်း လူကြီးများက ပိတ်ပင်ထားသည့်အတွက် ဗိုင်းငင်သည့်ရစ်ကိုပင်ထောင်၍ သိမ်းထားရသည်။ ချစ်သူနှစ်ယောက် မတွေ့ရသည်မှာ အတန်ကြာပြီဖြစ်သည်။ တစ်နေ့တွင် မိန်းမပျိုသည် ယာခင်းသို့ထမင်းသွားပို့ပြီး အပြန်မောင်လည်းအလာ၊ မယ်သာအမျှော် နေဝင်ကျော်အချိန်တွင် 'စောင်းလျားခြံနှင့်လက်ပံပင်ရှေ့၊ ကျဉ်းမြောင်းကွေ့' မှာ ဆုံမိကြတော့သည်။ ထိုအခါ မောင်က မယ်ရက်ပေးထားသော ခေါင်းပေါင်းပြာကို လည်မှာပတ်ထားသည်။ မိန်းမပျိုကို တွေ့တွေ့ချင်း စကားတစ်ခွန်းပင် မပြောဆိုနိုင်ဘဲ မယ့်ကျောပြင်ကို လက်တင်ရပ်လို့ မတ်တတ်ငိုပါလေတော့သည်။ မိန်းမပျိုမှာ မောင့်ကိုသနားလွန်းသဖြင့် "မောင့်ကို စိမ်းကား၊ မယ်နှမက ဆိုသလား" ဟု ချော့မော့ပြောဆိုရင်း သူတို့၏ ချစ်ခြင်းကိုခွဲသော 'သက်ကြီးဝန်တို မြင်တိုင်းမုန်းစရာ ကုန်းမအို၊ ရေလိုခန်းခြောက်ပါစေသား' ဟု မိကြီး၊ မိထွေးများကို ကျိန်ဆဲလိုက်မိတော့သည်။ အိုင်ချင်းထဲက မိန်းမပျိုကလေး၏ ခံစားချက်ကို စာနာနားလည်မိပါသည်။

ကုန်းဘောင်ခေတ်တွင် လွမ်းချင်းများထွန်းကားရာ စာဆိုဦးကြီး၏ တောခလေ့လွမ်းချင်းများမှာ အသက်ဝင်လှပါသည်။ 'ခါတစ်လှည့်၊ လာခဲ့ပါ့ကျုပ်တို့ဆီ၊ ရာသီရောက်လာပေါ့၊ ဖားကင်ခြောက်ကျပ်တင်ဟာကို ငရုတ်ဝါစပ်တူထောင်းပါလို့၊ ဧည့်ကောင်းမို့တမင်ဆော်၊ တို့ကြီးတော် နွေကလှန်းပါတဲ့၊ ခရမ်းခြောက် ကျိုပုန်းရည်၊ တူနှစ်မည်ဆင်တဲ့ဟင်း၊ ထမင်းပုသိမ် ဆင်နှင့် ကိုရင်ကို ကျွေးချင်လှတယ်လေး' ဟု ဆိုသောအဖွဲ့တွင် ဧည့်သည်ကို ကျွေးမွေးဧည့်ခံဖို့ စိတ်ကူးထားသော ဟင်းလျာများကို စားချင်စဖွယ် ဖွဲ့ထားပါသည်။ ပုသိမ်ဆန်ကိုချက်သော ထမင်းနှင့် လိုက်ဖက်သည့် ဟင်းလျာများကို ခင်းကျင်းပြထားပုံမှာ နှစ်သက်ဖွယ်ဖြစ်ပါသည်။

'ဆယ်အိမ်ခေါင်း' ဘွဲ့လွမ်းချင်းတွင် ဟာသကလေးစွက်ပြီး ခပ်ရွှင်ရွှင်ရေးဖွဲ့ထားပုံမှာ ပျော်စရာကောင်းသည်။ ဆယ်အိမ်ခေါင်းဇနီးမောင်နှံတို့ ကြွက်နဖားရွက်နှင့်ပုန်းရည်ကျိုထားသော ဟင်းကိုယောက်သွားနှင့် ခပ်သောက်လိုက်၊ ငရုတ်သီးတောင့်ကိုင်စားလိုက်လုပ်နေသည့် အမူအရာကို 'စည်းစိမ်တော်ကြီးပါဘိ' ဟု အစချီပြီး 'အလိုဗျာစားပုံတင်ပါဘိ၊ ခေါင်းမင်းဆယ်အိမ်ပေမို့၊ အခြေကြီးလှတောင်းကိုလေး' ဟု ဂုဏ်တင်ဖွဲ့ထားသည်။ စားသောက်ဖွယ်ရာပြီးသောအခါ ဆယ်အိမ်ခေါင်းမင်း၏ စည်းစိမ်ခံပုံကိုလည်း 'အခြင်မြေသက်၊ ပင်ထန်းရွက်နှင့် ခေါင်းပျက်အိမ်တွင်၊ စည်းစိမ်

mgyoe.com

mgyoe.com

ကြီးရှင်၊ ခြေလိမ်တင်လို့၊ ခုတင်ကြမ်းပေါက် သုံးချောင်းထောက်မှ၊ မှောက်ချည်လှန်ချည်၊ အဆီရယ်ဖိန်း၊ မှိန်းတဲ့ချည်နှင့်၊ မကြည်သမ်းဝေ၊ ထည်မင်းပုံနေလိုက်တယ်၊ နွားရေပြန့်ပေါ်မှာ ခေါင်းကတော်ကိုယ်တိုင်နှိပ်ခါမှ သူအိပ်တယ်လေး' ဟူ၍ ဖွဲ့ထားပုံမှာ အသက်ဝင် ရုပ်လုံးကြွနေသည်။ အခြင်တနက မြေကြီးကိုထိနေသော ထန်းရွက်မိုးထားသော ခေါင်ပျက်အိမ်သည် ဆယ်အိမ်ခေါင်းဇနီးမောင်နှံ၏ အိမ်ဂေဟာဖြစ်သည်။ စားသောက်ပြီးသောအခါ အဆီယစ်နေသည့်အတွက် 'ခုတင်ကြမ်းပေါက် သုံးချောင်းထောက်' ပေါ်တွင် အိပ်မပျော်နိုင်ဘဲ မှောက်ချည်လှန်ချည် ဖြစ်နေသော ဆယ်အိမ်ခေါင်းမင်းကို ဆယ်အိမ်ခေါင်းကတော်ကိုယ်တိုင် နှိပ်ပေးတော့မှ အိပ်ပျော်သွားပုံအားတခမ်းတနားဖွဲ့ထားပုံမှာ ဟာသရသမြောက်လှပါသည်။ ရိုးရိုးကလေးဖြင့် လှသောအဖွဲ့ဖြစ်ပါသည်။

ကောက်စိုက်ရင်း၊ မောင်းထောင်းရင်း သီဆိုကြသော ကောက်စိုက်သီချင်း၊ ဗုံကြီးသံ၊ မောင်းထောင်းသီချင်းများမှာလည်း နှစ်သက်စရာကောင်းပါသည်။ ကောက်စိုက်ရ၍ ပင်ပန်းပြီး ချွေးတုတ်တုတ်ကျနေသော မယ်ကလေးကို မောင်က 'ခါးပုံကိုမောင်ဖြုတ်လို့၊ ချွေးသုတ်တော့ပေး' ဆိုသည့်အတိုင်း ပုဆိုးခါးပုံစကိုဖြုတ်၍ ချွေးသုတ်ဖို့ လှမ်းပေးလိုက်သောအခါ မယ်ကလေးက 'စီးပလေစေ မောင်မသုတ်နဲ့၊ တုတ်တုတ်ကျချွေး ဟုပြန်ပြောပုံ၊ အိမ်ပြန်ချိန်တွင် 'ချောင်းရေကလျှံ၊ ကန်ရေကတိုး၊ မကြိုလာပါနဲ့ ရွှေသျှောင်ရစ်ရယ်၊ ရေနစ်မှာစိုး' ဟူ၍ မယ်ကလေးက စိုးရိမ်စိတ်ဖြင့်မှာပုံ အဖွဲ့များမှာလည်း အရိုးခံအလှဘွဲ့များဖြစ်သည်။ ကောက်စိုက်နေသည့် မိန်းကလေးများကို လူပျိုကာလသားများ၏ ဗုံအဖွဲ့က ဗုံးကြီးတီး၍ အားပေးရင်း ဆိုကြပုံများမှာလည်း ပျော်စရာကောင်းသည်။ ဗုံပွဲလာကြည့်သော မိန်းကလေးက ဖျာပါဆံ ရှည်ရှည်ချထားသည့်အတွက် 'ဗုံပွဲကိုတဲ့ ရှုမယ်လာ၊ ကိုက်ဖျာဆံရှည်ပါလှတယ် သားများမေလား' ဟူ၍ ဖျာပါဆံရှည်လျှင် သားသည်အမေကြီးလားဟု ကျီစယ်လေ့ရှိသဖြင့် 'သားများမအေ၊ တကယ်လေ ဗုံတော်သား၊ ရဲပါ့မလား' ဟု ပြန်ကျီစယ်လိုက်ပုံ၊ ကောက်စိုက်မကလေးများက ဗုံကြီးသည်ကို ကပ်စေးနဲ့သူ၊ ကြွားဝါသူအဖြစ် ကျီစယ်ရာ၌ 'ရွှေနားတောင်းကိုလ၊ ဗုံခေါင်းလောက်ဝတ်စေ့မယ်၊ ဗုံကြီးသည် လိမ်လည်လှည့်၊ နားချဲ့မိတယ်၊ မေးပါနဲ့ဟယ် ရွှေကိုကွယ်မဆိုထားနဲ့၊ ငွေကိုကွယ် မဆိုထားနဲ့၊ သူ့နားမှာ ရွှေပေရွက်ကို ပေးရက်ကဲ့လား' ဟု အချင်းချင်းပြောရင်း ကျီစယ်ဟန်ဖွဲ့ထားသည်။ ဗုံခေါင်းလောက်ကြီးသော ရွှေနားတောင်းကြီး လုပ်ပေးမည်ဆိုသော ဗုံကြီးသည်၏

mgyoe.com

mgyoe.com

စကားကို ယုံပြီး နားပေါက်ချဲ့ထားမိရာ နားပေါက်ကျယ်သွားသည်သာ အဖတ်တင်ပြီး ဘာမှမရပုံ၊ ရွှေငွေမပြောပါနှင့် သူ့နားပေါက်ထဲမှာ လိပ်ပြီးပန်ထားသော ပေရွက်ကလေးကိုတောင် မပေးရက်သော ကပ်စေးနဲ့ကြီးဖြစ်နေပုံကို ကျီစယ်ထားခြင်းဖြစ်သည်။

မောင်းထောင်းတေးများတွင်လည်း လာရောက်ပိုးပန်းသော ကာလသားများကို 'ဟိုရှေ့က ယောင်ပေယောင်ပေ သားတစ်ယောက်အဖေ၊ ခေါင်းပေါင်းစရှည်၊ ကိုယ်နေဟန်ကြော့၊ လူပျိုပုံလာမလုပ်နဲ့၊ ရွာရှုပ်တယ်တော့' ဟု မောင်းထောင်းသူကလေးများက ပြောလိုက်ပုံနှင့် အောက်ပြည်အောက်ရွာမှ ရောက်လာသော အောက်သားများကို 'အောက်သားတွေလာ၊ ဖျာစုတ်ကိုခင်း၊ သုံးတောင်ထွာခုံဖိနပ်နဲ့၊ ရင်ဘတ်ကိုနင်း' ဟူ၍ ခြောက်လှန့်ကျီစယ်ပုံတို့ကို သရုပ်ပေါ်အောင်ဖွဲ့ထားပါသည်။

ယခုတင်ပြခဲ့သော ကဗျာလေးများသည် ရိုးရိုးကလေးနှင့် လှအောင် စကားတန်ဆာဆင်ထားသော အဖွဲ့များဖြစ်ပါသည်။ ဘာသာစကားကို ရိုးရိုးလှလှသုံးပြီး စာပေအရာမြောက်အောင် ဖွဲ့ထားသော အဖွဲ့များဖြစ်ပါသည်။

မြဝတီရသစုံမဂ္ဂဇင်း၊ မတ်၊ ၂၀၁၇ ခုနှစ်။

-- ✿ --

mgyoe.com

mgyoe.com

စာပေမိန်းမချောကလေး၏ ပင်ကိုအရည်အသွေး(၂)

စာပေရေးဖွဲ့ရာတွင် ဘာသာစကား၏ အစွမ်းအာနိသင်ပေါ်ထွက်အောင် ဖန်တီးရေးဖွဲ့လျှင် ဘာသာစကား၏ အာနိသင်ကြောင့် စာပေသည်လည်း အာနိသင် ထက် မြက်လာသည်မှာ သဘာဝကျသော အချက်ဖြစ်သည်။ ဘာသာစကား၏ အာနိသင်ပေါ်ထွက်အောင် ဖန်တီးပုံနည်းတစ်နည်းမှာ အသံတူစကားလုံးများကို အဆင်အကွက်ပေါ်အောင် အသုံးပြုရေးဖွဲ့သော နည်းဖြစ်သည်။

အသံတူစကားလုံးကလေးများကို နီးနီးကပ်ကပ်ထားကာ အဆင်အကွက် ဖော်ပြထားသော အဖွဲ့သည် အမြင်လည်းလှ၊ အကြားလည်း နားသာသည့်အတွက် နှစ်သက်ဖွယ်ဖြစ်သည်။

အင်းဝခေတ်ကတည်းက ပျို့၊ ရတု စသော ကဗျာများရေးဖွဲ့ရာတွင် စာဆို တို့သည် ဤနည်းကို တွင်တွင်ကျယ်ကျယ် အသုံးပြုပါသည်။ အထင်ရှားဆုံးစာဆိုမှာ ရှင်မဟာရဋ္ဌသာရဖြစ်သည်။ စာဆိုသည် အသံတူ အသွင်တူ စကားလုံးကလေးများ ဖြင့် အဆင်အကွက်အမျိုးမျိုး ဖန်တီးကာ စကားလုံးကလေးများ၏ အရောင်အသွေး ပေါ်လာအောင် ရေးဖွဲ့လေ့ရှိသည်။ စာဆိုငယ်စဉ်က 'လက်စမ်း' ၍ဖွဲ့ပုံရသော ရတု များတွင် အဆင်အကွက်အမျိုးမျိုး တွေ့ရပါသည်။

'ငါးဆူရွှေကြာ၊ နိမိတ်လာ၍ ငါးဖြာမွှာလျက်၊ တစ်ပင်နက်ဝယ်၊ ငါးဆက် ဖူးငုံ၊ ပေါ်လက်တုံက' စသည်ဖြင့် 'ငါး' ဆိုသောစာလုံးကို တစ်ပဒခြား အစစာလုံး အဖြစ် ဖွဲ့သည့်ကဗျာဖွဲ့နည်းမှာ ပဒမ္မာကြာဆိုနည်းဟု နာမည်တွင်သည်။

mgyoe.com

mgyoe.com

'ရွှယ်ရန်ငွေ့၍၊ ရန်းလေ့ရာဘိ၊ ရဲရဲညိမ့်မျှ၊ ရဝကန္တ၊ ရတနသို့၊ ရူပနတ်ဘွယ်၊ ရွှန်းရွှန်းကယ်မျှ' စသည်ဖြင့် ရဗျည်းတစ်လုံးတည်းကို သရအမျိုးမျိုးတွဲထားသည့် 'ရ' သံများကို ပဒတိုင်း၏အစတွင်ထား၍ ဖွဲ့သည့်ကဗျာဖွဲ့နည်းမှာ 'မုတ္တာရွဲသီ' ဟု နာမည်တွင်သည်။

'မြတ်မျိုးမြင့်မှန်၊ ကြင်ပေတန်၍၊ ရွှယ်ရန်ရည်ရင့်၊ ဆင်တိုင်းတင့်သား၊ နတ်နှင့်နှန်းနှန်း' စသည်ဖြင့် ဗျည်းသံတူ လေးလုံးစီတစ်ပဒခြား ဖွဲ့ပြီးအဆုံးပဒတွင် 'လွှမ်းလင့်လွှန်းလှည့် လေလိမ့်မလား' ဟူ၍ ဗျည်းတူ ခုနစ်လုံးဖြင့် ချသည့်အဖွဲ့မှာမူ 'ပုလဲတစ်ကန့်၊ သန္တာတစ်ကန့်' ဟု နာမည်တွင်သည်။ ထိုနာမည်လှလှကလေးများမှာ စာဆိုကိုယ်တိုင်ပေးခဲ့ခြင်းလား၊ နှောင်းလူများက ပေးခဲ့ခြင်းလားမသိပါ။ လှသည်ကတော့ အမှန်ပါ။

စာဆိုတို့သည် အသံတူစကားလုံး တွဲစပ်ပုံအမျိုးမျိုးကို စိတ်ကူးဉာဏ်သက်ရောက်သလို အသုံးပြုလေ့ရှိသည်။ အတည်အခံ့ဖွဲ့သော ပျို့များတွင် အခံ့မပျက်အောင် အသံတူများ လှလှပပတွဲစပ်ဖွဲ့သည်။ ပျို့အချပိုဒ်များတွင် 'ကြောင့်ကြ အိုးသို့ဝေသတည်း၊ ပျောင်းချည့်ကြိုးသို့ ခွေသတည်း၊ နှင်းရည်မိုးသို့ ဇွေသတည်း' ဟူ၍ 'ဝေ–ခွေ–ဇွေ' ဟူသော သရတူသုံးလုံးကို ဗျည်းမတူအောင်ခွဲပြီး ထပ်ကျော့ရေးဖွဲ့ပုံမျိုး၊ ပျော်ရွှင်စွာ ကခုန်သီဆိုနေကြဟန်ကို "ရွှင်ရွှင်ပျပျ၊ ကကသီသီ၊ ချီချီကျူးကျူး၊ ထူးထူးဆန်းဆန်း၊ ရွှန်းရွှန်းဖြိုးဖြိုး၊ ပျော်ဖွယ်နိုးမျှ' ဟူ၍ အသံတူ "နှစ်လုံးထပ်ကလေးများဆက်ကာဆက်ကာ မြူးမြူးသွက်သွက် ဖွဲ့ပုံမျိုး၊ 'လှစွာလှစွာ၊ ပြင်ကလျာ' နှင့် 'ညိုပြာညိုပြာ၊ ခြောက်ပြစ်ကွာ၍' ဟူ၍ နှစ်လုံးထပ်ကလေးများ နှစ်ကြိမ်စီဆင့်ကာဖွဲ့ပုံမျိုး၊ 'အင်ပင်အင်ကိုင်း၊ ခက်ကျိုင်းသိုးသွန်း၊ ရှိုးရှိုးရွှန်းတည်း' ဟူ၍ အသံတူများ တန်ဆာဆင် ချဲ့ထွင်ဖွဲ့ပုံမျိုး စသည်ဖြင့် အသံတူများကို ပုံစံအဆင်အကွက်အမျိုးမျိုးဖြင့် လှလှပပ ဖွဲ့ကြသည်။

တစ်သံချင်း အသံတူဖွဲ့ရာမှ 'နဘောထပ်' ခေါ် အသံအတွဲလိုက်တူအောင်ထပ်၍ဖွဲ့ပုံမျိုးကို အချိုညီအချည်ညီ ရတုများတွင် စ၍တွေ့ရပါသည်။ 'ပုရေနိုသင်'၊ 'လူမြေတိတွင်'၊ 'ဆုဝေဘိချင်' ဟု အချီသုံးပိုဒ် အသံထပ်တူချီပြီး 'အဘယ်ကြိုးရှာပေတော့မည်'၊ 'ဘယ်သူနှိုးရှာပေတော့မည်'၊ 'မျှော်လင့်ခိုးရှာပေတော့မည်' ဟူ၍ အချသုံးပိုဒ်တွင် အားလုံးထပ်တူမတူဘဲ တစ်စိတ်တစ်ပိုင်းသာ ထပ်တူတူသော အပိုဒ်များဖြင့် ချထားပုံမျိုးမှသည် 'မဲဇာတောင်ခြေ၊ သဲသာသောင်မြေ၊ ပွဲခါညောင်ရေ' ဟု အချီသုံးပိုဒ် အသံ

mgyoe.com

mgyoe.com

အားလုံးတူပြီး 'ရွှေပြည်ဌာနဝေးသောကြောင့်၊ လေပြည်လာက အေးသောကြောင့်၊ နေခြည်ဖြာမှ နွေးသောကြောင့်' ဟု အချသုံးပိုဒ် အသံအားလုံးတူအောင်ချပုံမှာ နဘောထပ်အဖွဲ့နှင့် သဘောချင်းတူသည်။ တစ်ပိုဒ်နှင့်တစ်ပိုဒ် ကပ်မနေဘဲ ခြားနေခြင်းသာ ကွာပါသည်။

'ပြည်ကျော်ရွှေဘုံ၊ ပျော်စေတုံလျက်၊ ဆွေစုံမကွာ' ဟူသော အဖွဲ့မျိုးမှာမူ 'ကျော်ရွှေဘုံ–ပျော်စေတုံ၊ ရွှေဘုံ–စေတုံ–ဆွေစုံ' ဟူ၍ အသံအတွဲလိုက်ထပ်သော နဘောထပ်အဖွဲ့များဖြစ်၍ ချိုသာပြေပြစ်မှုပိုအားကောင်းပါသည်။ အချိုးကဗျာများတွင်မူ ထို့ထက်စာလုံးရေများသော နဘောထပ်အဖွဲ့များကို ဝေဝေဆာဆာတွေ့ရသည်။

'လမ်းတစ်လျှောက် သင်းပါဘိ၊ ဆန်းသလောက် မလင်းနိုင်ဘု၊ ပန်းပိတောက် မင်း' ဟူသော နဘောထပ်အဖွဲ့မျိုး 'သေလမ်းဝင် မှောင့်ရှာတဲ့တမိရယ်ကြောင့်၊ ရွှေနန်းရှင် မောင့်မှာဖြင့် မချိပြီဘု၊ စောင့်ပါခလှည့်ရယ်လို့ တရရှာလေသကွယ်' ဟူသော နဘော ထပ်အဖွဲ့မျိုးတို့သည် ကဗျာစာဆိုတို့၏ ဘာသာစကားနိုင်နင်းဟူသော စွမ်းရည်ကို အကြောင်းပြုလျက် လှလှပပပေါ်ထွက်လာပါသည်။

အသံတူကလေးများကို အဆင်အကွက် အမျိုးမျိုးပုံပေါ်လာအောင် ဖွဲ့ထားသော အဖွဲ့များသည် အသံတူများ နီးနီးကပ်ကပ်ဖွဲ့သည့်အတွက် နားဝင်ချိုသည်။ ပြေပြစ်သည်။ ဖတ်သူ၏ စိတ်အာရုံကို ဆွဲဆောင်နိုင်သည်။ ထပ်ကာထပ်ကာ ဖွဲ့သည့် အတွက် လေးနက်သည်။ နှစ်သက်ဖွယ်ကောင်းသည်။

စာဆိုတို့သည် ရေးဖွဲ့သောအကြောင်းအရာနှင့် အနုအကြမ်းအလေးအပေါ့၊ အခုံအသွက်လိုက်ဖက်အောင် ဘာသာစကားကို အသုံးပြုလေ့ရှိသည်။ ထိုသို့သော စာပေအဖွဲ့မျိုးသည် လိုက်ဖက်ခြင်းဟူသော ဂုဏ်နှင့်ပြည့်စုံသည်။ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ လက်ရာများတွင် ထိုသဘောကို အထင်အရှားတွေ့ရသည်။ ဆွေတော်မျိုးတော်ဖြစ်သော သာကီဝင်မင်းတို့သည် ဇာတိမာန်၊ ပုညမာန်၊ ဂုဏမာန် ဟူသော မာန်သုံးပါးဖြင့် ထောင်လွှားနေကြသည်ကို ဆုံးမတော်မူလိုသဖြင့် ဘုရားရှင်က ရေအစုံမီးအစုံ တန်ခိုးပြာဋိဟာပြတော်မူသောအခါ သာကီဝင်မင်းတို့ မာန်စွယ်ကျိုးပြီး ဘုရားရှင်ကို ရှိခိုးကန်တော့ကြရပုံကို လေထဲမှာ တလူလူလွင့်နေသော တံခွန်ကို လေပြင်းမုန်တိုင်းနှင့် တိုက်ခတ်ချိုးဖျက်ပစ်ပုံနှင့် ဥပမာခိုင်းနှိုင်းရေးဖွဲ့ရာတွင် 'ဇာတိ ပုည၊ ဂုဏ်မာနဖြင့်၊ သံပဟုံးစုံး၊ ဘက်မဲ့ကြုံးသား၊ အားသုံးထောင်ထား၊ မျိုးလေး ပါး၏၊ တက်ပွားစောင်မာန်၊ လွှားတံခွန်ကို၊ ပြင်းဝှန်မုန်တိုင်း၊ ခတ်ချိုးလှိုင်းသို့၊ ဖြတ်ပိုင်း

mgyoe.com

လှဲချ၊ တတ်စွမ်းလှသား' ဟူ၍ တင်းမာကြမ်းတမ်းသော အသံများဖြင့် လိုက်ဖက်စွာ ဖွဲ့ထားပုံကို တွေ့ရသည်။ ကာရန်ယူထားသောအသံများကိုကြည့်လျှင် 'ည–န–ပ'၊ 'စုံး–ကြုံး–သုံး'၊ 'ထား–ပါး–ပွား' ဟူသော တင်းမာကြမ်းတမ်းသော အသံများဖြင့် ကာရန်ယူထားပြီး နောက်ဆုံးတွင် 'တိုင်း–လှိုင်း–ပိုင်း' ဟူသော ပြင်းထန်သည့် အသံများဖြင့် ဖွဲ့လိုက်သည့်အတွက် မုန်တိုင်းတိုက်၍ ပြိုလဲသွားသည့်အသံများကို ကြားယောင်လာဖွယ် ရှိပါသည်။

ကုန်းဘောင်ခေတ်စာဆို တွင်းသင်းမင်းကြီးကမူ ဘုရားရှင်၏ ကြီးမြတ်လှသော ကရုဏာတော်ကို ဖွဲ့ရာတွင် အကြောင်းအရာနှင့် လိုက်ဖက်စွာ သိမ်မွေ့ညင်သာသော အသံများဖြင့် ဖွဲ့ထားသည်။

'ကြီးမြတ်မဟာ၊ ကရုဏာနှင့်၊ မေတ္တာလေညင်း၊ နေ့တိုင်းသွင်းလျက်' ဟူသော အဖွဲ့ဖြစ်သည်။

ကာရန်ယူထားသောအသံများ ကိုကြည့်လျှင် 'ဟာ–ဏာ–တာ' ဟူ၍ ချိုသာပြေပြစ်သောအသံများနှင့် ဖွဲ့ထားသည်ကို တွေ့နိုင်သည်။ ဘုရားရှင်၏ မဟာကရုဏာတော်နှင့် လိုက်ဖက်သောအသံများ ဖြစ်သည်။

စာဆိုလက်ဝဲသုန္ဒရပြစ်ဒဏ်ခံနေရသော မဲဇာတောကြီးထဲတွင် ဆီးနှင်းပေါက်ကြီးများ မိုးရွာချသကဲ့သို့ ပြင်းထန်စွာကျနေပုံကို စာဆိုက 'မဲဇာတောင်ခြေ' ရတုတွင် ဖွဲ့ရာ၌ 'သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်' ဟုဖွဲ့ထားရာ ကာရန်ယူထားသော 'ဖြောက်–ပေါက်–လောက်' ဆိုသည့် အသံများသည် ဆီးနှင်းများပေါက်ခနဲ၊ ပေါက်ခနဲကျနေသည့် အသံကို ကြားယောင်လာအောင် လိုက်ဖက်လှသော အသံကြမ်းများဖြစ်သည်။

ဆရာကြီးမင်းသုဝဏ်၏ 'ပျဉ်းမငုတ်တို' ကဗျာတွင် ပျဉ်းမငုတ်တိုကြီး၏ အနိဋ္ဌာရုံမြင်ကွင်းကို ဖွဲ့ရာ၌ 'ဖုထစ်ရွတ်တွ၊ ငှက်လင်းတသို့၊ ပျဉ်းမငုတ်တို၊ သက်ကျားအို' ဟု ဖွဲ့ထားပုံမှာ ပျဉ်းမငုတ်တို၏ မနှစ်သက်ဖွယ် ကြမ်းတမ်းသော သွင်ပြင်နှင့် လိုက်ဖက်လှပါသည်။ ကဗျာအစမှာပင် 'ဖုထစ်ရွတ်တွ' ဟူသော အသံကြမ်းများကို သုံးထားပုံ၊ 'တွ–တ–မ' ဟူသော အသံကြမ်းများဖြင့် ကာရန်ယူထားပုံတို့ကို တွေ့နိုင်သည်။ နွေဦးသစ်ချိန်တွင် ပျဉ်းမငုတ်တိုကြီးမှ ရွက်နုများထွက်လာပြီး လှပတင့်တယ်နေပုံကို ဖွဲ့ရာ၌မူ 'ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍၊ လေပြည်ထဲတွင် ငယ်ရုပ်ဆင်သည်၊ အသင်ယောကျ်ားကောင်းတကား' ဟူ၍ 'ကြွေ–ဝေ–လေ'၊ 'တွင်–ဆင်–သင်'

mgyoe.com

mgyoe.com

ဟူသော ချိုသာပြေပြစ်သည့် အသံများဖြင့် ကာရန်ယူထားပုံမှာ ပျဉ်းမငုတ်တို၏ လှပတင့်တယ်သော သွင်ပြင်နှင့်လိုက်ဖက်လှပါသည်။

အသံတူများကို အဆင်အကွက်ဖော်ထားသည့်အတွက် လှပပြေပြစ်ခြင်း အကြောင်းအရာနှင့် အသံလိုက်ဖက်ခြင်းတို့သည် 'စာပေမိန်းမချောကလေး' ၏ ပင်ကို အရည်အသွေးတစ်ခုပင် ဖြစ်လေသည်။

မြဝတီရသစုံမဂ္ဂဇင်း၊ ဧပြီ၊ ၂၀၁၇ ခုနှစ်။

--◆--

mgyoe.com

mgyoe.com

စာပေမိန်းမချောကလေး၏ပင်ကိုအရည်အသွေး (၃)

ဘာသာစကားကို ကျွမ်းကျင်နိုင်နင်းသော စာဆိုများ၊ စာရေးဆရာများသည် ဘာသာစကား၏ အာနိသင်ထက်မြက်အောင် အသုံးပြုနိုင်စွမ်းရှိကြသည်။

ထိုစွမ်းရည်များတွင် စကားလုံးနည်းနည်းဖြင့် အနက်အဓိပ္ပာယ် များများပါအောင် အသုံးပြုနိုင်သော စွမ်းရည်လည်း အပါအဝင်ဖြစ်သည်။ တစ်နည်းဆိုရလျှင် ဘာသာစကားကို ကျစ်ကျစ်လျစ်လျစ် သုံးနိုင်သော စွမ်းရည်ဖြစ်သည်။ ထိုစွမ်းရည်နှင့် ပတ်သက်၍ ဆရာမောင်ထင်က–

"စင်စစ်သော်ကား တကယ်စာရေးကောင်းသော ပုဂ္ဂိုလ်တို့သည် ကျွန်တော်တို့ ဆယ်လုံးရေးမှ အဓိပ္ပာယ်ရေးရေးထင်သော အရာကို စာတစ်လုံးတည်းဖြင့် ထင်းခနဲ အဓိပ္ပာယ်ပေါ်အောင် ရေးတတ်ကြသည်သာ ဖြစ်၏" ဟု ရေးဖူးပါသည်။

စကားလုံးနည်းနည်းဖြင့် အဓိပ္ပာယ်များများပါအောင် ရေးဖွဲ့သောစာသည် ကျစ်လျစ်ခြင်းဂုဏ်နှင့် ပြည့်စုံသည့်စာမျိုးဖြစ်သည်။ အလင်္ကာကျမ်းတွင် 'ဩဇဂုဏ်' ဟုဖော်ညွှန်းသည်။ စကားကျစ်လျစ်မှုသည် 'စာပေမိန်းမချောကလေး' ၏ နှစ်သက်ဖွယ် ပင်ကိုအရည်အသွေးတစ်ခုဖြစ်သည်။

ကဗျာတွင် ဩဇဂုဏ်သည် 'စကားတန်ဆာ' တစ်မျိုးဖြစ်သည်။ ပျို့၊ ရတု၊ မော်ကွန်း၊ ချောင်း စသည့် ရှေးကဗျာများတွင် အလေးအမြတ်ပြု၍ ရေးဖွဲ့သော ဘုရား၊ မင်း၊ စစ်သူကြီး၊ မိဖုရား၊ မင်းသမီး စသည်တို့ကို နာမ်ပုဒ်များဖြင့် ဖော်ညွှန်းရာ၌ စကားနည်းနည်းနှင့် အဓိပ္ပာယ်များများပါအောင် ရေးဖွဲ့လေ့ရှိသည်။ ဘုရားရှင်ကို 'သုံးလူနတ်'၊ 'ကိုးဂုဏ်ရှင်'၊ 'သနင်းမြတ်စွာတို့ဆရာ'၊ 'ချစ်ရှင်လူ့ဖျား တို့ထွတ်ထား'၊

mgyoe.com

mgyoe.com

'အထွတ်မှန်ကင်း တရားမင်း'၊ 'မင်္ဂလာဓိပတိမြတ်မုနိ' စသော နာမ်ပုဒ်များဖြင့် ခုံခုံညားညားဖွဲ့သည်။

ဘုရင်ကို 'မင်းမင်းဥသျှောင်'၊ 'မင်းများမှန်ကူ'၊ 'ရေမြေ့သခင်'၊ 'စကြာရှင်' စသော နာမ်ပုဒ်များဖြင့် ခုံခုံညားညားဖွဲ့သည်။ လုပချောမွေ့သော မိန်းမပျိုကလေးကို 'ဝင်းငြိမ့်ရွှန်း'၊ 'ငါးကြန်ပြည့်'၊ 'ဖြူဝင်းမွတ်'၊ 'လှတန်ဆောင်'၊ 'လှခေါင်မိုး'၊ 'လှမှန်ကင်း' စသည့် နာမ်ပုဒ်များဖြင့် နှစ်သက်ဖွယ် ဖွဲ့သည်။ စကားကျစ်လျစ်သကဲ့သို့ အနက်အဓိပ္ပာယ် 'တာသွား' သောအဖွဲ့များဖြစ်သည်။

ရိုးရိုးစကားလုံးကို စာပေထဲတွင် ထည့်သွင်းသုံးနှုန်းလိုက်သောအခါ ထိုစကားလုံး၏ အနက်ရိုးရိုးသာမကဘဲ အတွေးများ၊ ခံစားမှုများပါ ဂယက်သဖွယ် အနက်များဖြာထွက်လာအောင် သုံးနိုင်စွမ်းရှိခြင်းသည်လည်း ဘာသာစကားနိုင်နင်းကျွမ်းကျင်သော ဆရာတို့၏ စွမ်းရည်တစ်ခုဖြစ်သည်။ ထိုသို့ဖြာထွက်လာသော အနက်ကို ဂယက်အနက်ဟုခေါ်သည်။

'ချိုးနှစ်ကောင်၊ ထနောင်းပင်ညီနောင်က၊ လွမ်းအောင်ကူခဲ့' ဟူသော ရေးကဗျာအဖွဲ့တွင် 'ညီနောင်' ဟူသော စကားလုံးသည် 'ညီအစ်ကို' ဟူသော ရိုးရိုးအနက်သာရှိသော်လည်း 'ထနောင်းပင်ညီနောင်' ဟုဖွဲ့လိုက်သောအခါ ထနောင်းပင်ကလေးနှစ်ပင် ညီနောင်သဖွယ် ယှဉ်နေသည်ကို မြင်ယောင်လာပြီး စိတ်ထဲတွင် နှစ်သက်ကြည်နူးမှု ဖြစ်ပေါ်လာနိုင်ပါသည်။ 'ယောကျ်ား' ဆိုသောစကားလုံးသည် 'အဖိုဖြစ်သောလူသား' ဟူသော ရိုးရိုးအနက်သာ ထွက်သော်လည်း ဆရာကြီးမင်းသုဝဏ်၏ ပျဉ်းမငုတ်တိုကဗျာတွင် 'လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်၊ အသင် ယောကျ်ားကောင်းတကား' ဟုဖွဲ့လိုက်သောအခါ 'ယောကျ်ား' ၏အနက်သည် လောကဓံ၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်သော လူသားတို့၏ အားမာန်ကိုဖော်ပြသည့် စကားအဖြစ် ဂယက်အနက်ထွက်လာပြီး လေးစားဖွယ်၊ တက်ကြွဖွယ်ခံစားမှုကို ပေးနိုင်ပါသည်။ ဂယက်အနက်နှင့်ပတ်သက်၍ ဆရာဇော်ဂျီ၏ အဆိုအမိန့်တစ်ခုကို ဖော်ညွှန်းလိုပါသည်။ ဆရာက 'ရွှေဘိုမြို့အဝင်၊ ကျွန်းဖိုနှစ်ပင်၊ ကျွန်းဖိုနှစ်ပင် ရှင်အောင်မွေးပေ့၊ မယ်နှင့်မောင်ကံဆိုင်ကြရင်၊ ဝဲတိုင်ဖို့လေး' ဟူသော ရေးကဗျာကလေးကို သာဓကဆောင်ပြီး ထိုကဗျာမှ 'မွေး' ဆိုသော စကားလုံးသည် ရိုးရိုး သာမာန်အနက်သာထွက်သော်လည်း 'ကျွန်းဖိုနှစ်ပင် ရှင်အောင်မွေးပေ့' ဟု သုံးလိုက်သောအခါ သက်ရှိသတ္တဝါငယ်ကို ပြုစုကျွေးမွေးသည့် အမူအရာကို သတိရပြီး နှစ်သက်သာယာမှု ခံစားရနိုင်ပါကြောင်း

mgyoe.com

mgyoe.com

မိန့်ဆိုထားပါသည်။ ဂယက်အနက်ပေါ်ထွက်အောင် ဖွဲ့ခြင်းသည် အရည်အသွေး ကောင်းတစ်ခုဖြစ်သည်။

ဆန့်ကျင်ဘက် စကားလုံးနှစ်လုံးကို ထိပ်တိုက်သုံးခြင်းဖြင့်လည်း ဂယက် အနက် ထွက်စေနိုင်သည်။ 'မောတော့မောတာပေါ့၊ ဒါပေမဲ့ မမောဘူး' ဆိုသောစကားမှ 'မော' နှင့် 'မမော' ကို ယှဉ်သုံးထားပုံ၊ 'ဖြစ်ချင်တာမဖြစ်ရင် ဖြစ်ချင်တာဖြစ်ပါစေတော့' ဟူသော စကားမှ 'ဖြစ်' နှင့် 'မဖြစ်' ကို ယှဉ်သုံးပုံတို့တွင် ထူးခြားသော ဂယက်အနက်မှာ ထင်ဟပ်နေပါသည်။ ဆရာမောင်ထင်က ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီး များ လုပ်ကြံခံရသည့်နေ့တွင် ရန်ကုန်မြို့၌ မိုးသည်းထန်စွာ ရွာနေပုံကို ဖွဲ့ပြီးနောက် 'စိုရွဲနေသော လောကဓာတ်တစ်ခုလုံးတွင် မြင်မြင်သမျှတို့သည် သွေ့ခြောက်လျက် ရှိ၏' ဟူ၍ 'စိုရွဲ' နှင့် 'သွေ့ခြောက်' ဟူသော ဆန့်ကျင်ဘက်စကား နှစ်လုံးကို ထိပ်တိုက်ရေးဖွဲ့ထားသည့်အတွက် နောက်ကွယ်မှ ဂယက်အနက်များ ပေါ်ထွက်လာ ပါသည်။

စကားနှစ်လုံးကို ရှေ့နောက်နေရာပြောင်းသုံးခြင်းဖြင့် ပို၍လေးနက်ခြင်း၊ နှစ်သက်ဖွယ်ဖြစ်ခြင်းဟူသော ဂုဏ်ရည်များ ပေါ်ထွက်လာနိုင်ပါသည်။ 'လူပြော မသန်၊ လူသန်မပြော'၊ 'မရှိလို့မလှူ မလှူလို့မရှိ' ဟူသော စကားပုံဆိုရိုးများတွင် ထိုအသုံးများ ကိုတွေ့ရပါသည်။ တစ်ချိန်က ခေတ်စားခဲ့သော စိုင်းထီးဆိုင်၏ မောင့်လပြည့်ဝန်း သီချင်းမှ 'ချစ်၍စွန့်သွားတဲ့မင်းကို× × × မောင်စွန့်၍ချစ်သွားမယ်လေ' ဟု 'ချစ်' နှင့် 'စွန့်' ကို ရှေ့နောက်အပြန်အလှန်ပြု၍ နှစ်သက်ဖွယ်ဖြစ်အောင် ဖွဲ့ထားသည်။ ဆရာမောင်ထင်က အာဇာနည်မိခင်ပြဇာတ်တွင် ရည်ညွှန်းချက်ရေးရာ၌ 'သူစွန့်လျှင် ငါစားတော့မည်ဟု ဟန်ပြင်နေသော လောကကြီးတွင် မစားဘဲစွန့်သွား ရှာသူများ သို့' ဟူ၍ 'စွန့်' နှင့် 'စား'၊ 'စား'နှင့် 'စွန့်' ကို ရှေ့နောက်အပြန်အလှန်ပြု၍ နှစ်သက်ဖွယ် ဖြစ်အောင် ရေးဖွဲ့ထားသည်။

အလားတူပင် ဆရာကြီးမင်းသုဝဏ်၏ 'ဂျနီးဗားကန်ရိုး၌' ကဗျာတွင် 'တောင် ခိုးနှင့်တိမ်၊ ရောယှက်လိမ်လျက်၊ တိမ်နှင့်တောင်ခိုး၊ တောင်ကိုမိုး၍၊ မိုးကိုမမြင်၊ ကန်ရေပြင်တွင်၊ ငွေသွင်တိမ်ရိပ် ကူးသတည်း' ဟု ဖွဲ့ထားပုံမှာ ထိုအဖွဲ့မျိုးပင်ဖြစ်ပါ သည်။

'တောင်ခိုး' နှင့် 'တိမ်'၊ 'တိမ်'နှင့် 'တောင်ခိုး' ကို ရှေ့နောက်ပြောင်းပြန်ပြု၍ ဖွဲ့ထားသော ထိုအဖွဲ့သည် ကန်ရေပြင်တွင် တိမ်များပြောင်းပြန်အရိပ်ထင်နေပုံနှင့်

mgyoe.com

mgyoe.com

လိုက်ဖက်လှသည်။ ထိုအဖွဲ့မျိုးကို 'မှန်ပုံရိပ်အဖွဲ့' ဟုခေါ်ပါသည်။ မှန်ထဲတွင် အရိပ်ထင်နေသကဲ့သို့ ပြောင်းပြန်အပြန်အလှန်ပြုထားသော အဖွဲ့ဖြစ်ပါသည်။

တကယ်မဟုတ်သည်ကို ဟုတ်သကဲ့သို့၊ တကယ်မရှိသည်ကို ရှိသကဲ့သို့ ဖန်တီးနိုင်ခြင်းသည် ဘာသာစကား၏ ပင်ကိုအရည်အသွေးတစ်ခု ဖြစ်သည်။ ထိုစွမ်းရည်ဖြင့် စာပေရေးဖွဲ့သောအခါ လူသားမဟုတ်သော ကျေးငှက်တိရစ္ဆာန် သစ်ပင်ပန်းမန်တို့ကို 'လူဇာတ်သွင်း' ၍ ဖွဲ့သောအဖွဲ့များပေါ်လာသည်။ ငှက်ကလေးများက စကားပြောကြသည်။ ယုန်ကလေးများက ကခုန်ကြသည်။ သစ်ရွက်ကလေးများကလည်း ပျော်ရွှင်စွာ တေးဆိုကြသည်။

ထို့အတူ အသက်မရှိသည်ကို အသက်ရှိသကဲ့သို့ ဖွဲ့သောအခါ ရယ်မောနေသော တောင်တန်းကြီးများ၊ အော်ဟစ်ကြုံးဝါးနေသော သမုဒ္ဒရာများ၊ အပြန်အလှန်စကားပြောနေကြသော နေမင်းနှင့် ကြယ်ကလေးများ စသည်တို့ ပေါ်ပေါက်လာသည်။ ထို့အတူ အရည်မဟုတ်သည်ကို ဟုတ်သကဲ့သို့ ဖွဲ့သည့်အတွက် 'မေတ္တာဖျန်းမှလန်းဆန်းမည်'၊ 'ကရုဏာဖြင့် ဆေးကြောအံ့' ဟူသော အဖွဲ့များ ပေါ်ပေါက်လာသည်။

ထို့အတူ အနံ့မရှိသည်ကို ရှိသကဲ့သို့ ဖွဲ့သည့်အတွက် နာမည်ကလည်း မွှေးပျံ့လာရသည်။ ဒုစရိုက်မှုများကလည်း အပုပ်နံ့ထွက်လာရသည်။ ရုပ်ဝတ္ထုမဟုတ်သည်ကို ဟုတ်သကဲ့သို့ ဖွဲ့သည့်အတွက် အမြော်အမြင်ကလည်း ကျယ်နိုင်သည်၊ ကျဉ်းနိုင်သည်။ စိတ်ကလည်း တိုနိုင်သည်၊ ရှည်နိုင်သည်၊ ပူနိုင်သည်၊ အေးနိုင်သည်၊ အထင်အမြင်ကလည်း ကြီးနိုင်သည်၊ သေးနိုင်သည်၊ ခံယူချက်ကလည်း မြင့်နိုင်သည်၊ နိမ့်နိုင်သည်။ မပြုလုပ်တတ်သည်ကို ပြုလုပ်တတ်သကဲ့သို့ ရေးဖွဲ့သည့်အတွက် 'အယက်အကန်ခံလို့ ဇေဒါပျံ့အံ့ကိုခဲ၊ ပန်းပန်လျက်ပဲ' ဟူသော အဖွဲ့မျိုးပေါ်လာသည်။ ထိုအဖွဲ့မျိုးတို့ကို အလင်္ကာကျမ်းတွင် သမာဓိဂုဏ်မြောက်သောအဖွဲ့ဟုခေါ်သည်။

စာပေအရေးအဖွဲ့တစ်ခုကို အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက်နှင့် ခိုင်းနှိုင်းလျှင် ထိုစာပေဖြစ်လာအောင် ရေးဖွဲ့သော ဘာသာစကားကို ထိုမိန်းမချောကလေး၏ စိတ်သဘောထားကောင်းမွန်ခြင်း၊ ဝတ္တရားကျေပွန်ခြင်း၊ ဆက်ဆံရေးပြေပြစ်ခြင်း စသော ပင်ကိုအရည်အသွေးများနှင့် ခိုင်းနှိုင်းနိုင်ကြောင်း သာဓကဆောင်ခြင်းဖြစ်ပါသည်။

မြဝတီရသစုံမဂ္ဂဇင်း၊ မေ၊ ၂၀၁၇ ခုနှစ်။

-- ❁ --

mgyoe.com

mgyoe.com

စာပေမိန်းမချောကလေး၏ အဆင်တန်ဆာ (၁)

စာပေကိုတန်ဆာဆင်သော စကားတန်ဆာ (သဒ္ဒါလင်္ကာရ)တို့သည် မိန်းကလေးတစ်ယောက်၏ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ဝတ္တရားကျေပွန်ခြင်း၊ စိတ်ထားကောင်းခြင်း စသည့် ပင်ကိုအရည်အသွေးများနှင့်တူ၍ အနက်တန်ဆာ(အတ္ထာလင်္ကာရ) တို့သည် ထိုမိန်းကလေး ဆင်မြန်းသော ဆွဲကြိုး၊ လက်ကောက်၊ ခြေချင်း စသည့် အဆင်တန်ဆာတို့နှင့်တူကြောင်း သုဗောဓာလင်္ကာရကျမ်းတွင် ခိုင်းနှိုင်းမိန့်ဆိုထားပုံကို တင်ပြခဲ့ပြီးဖြစ်ပါသည်။

စာပေဟူသော မိန်းမချောကလေး၏ ပင်ကိုအရည်အသွေးဖြစ်သော စကားတန်ဆာများ(ဘာသာစကား အဆင်တန်ဆာများ) အကြောင်း တင်ပြပြီးနောက် ယခုဆက်လက်၍ ရွှေ၊ ငွေ စသည့်အဆင်တန်ဆာများဖြစ်သော အနက်တန်ဆာ (အနက်အဓိပ္ပာယ်ကို အဆန်းတကြယ်ဖြစ်အောင် ဆင်ယင်သော အဆင်တန်ဆာ) များ အကြောင်း တင်ပြပါမည်။

အနက်တန်ဆာနှစ်မျိုးရှိပါသည်။ အဖြောင့်အတိုင်း၊ သဘာဝအတိုင်း ရေးဖွဲ့သော သဘာဝဝုတ္တိအလင်္ကာနှင့် သွယ်ဝိုက်၍ ရေးဖွဲ့သော ဝင်္ကဝုတ္တိအလင်္ကာတို့ဖြစ်သည်။

သဘာဝအတိုင်းဖွဲ့ဆိုရာတွင် အမျိုးဇာတိ၊ ဂုဏ်အရည်အချင်း၊ ရုပ်ဝတ္ထုသဏ္ဌာန်၊ ကြိယာအပြုအမူနှင့်နာမည်တို့ကို နှစ်သက်ဖွယ်ဖြစ်အောင် ဖွဲ့လျှင် သဘာဝဝုတ္တိအလင်္ကာမြောက်သော အဖွဲ့များဖြစ်ပါသည်။ (ဇာတိ၊ ဂုဏ၊ ဒဗ္ဗ၊ ကြိယာ၊ နာမဟူ၍ ထိုငါးမျိုးကိုဖော်ပြလေ့ရှိပါသည်) လုပမွေးကြိုင်သော သဇင်ပန်း၏ မျိုးရိုးဇာတိ၊

mgyoe.com

mgyoe.com

ဇနီးလိမ္မာကလေး၏ ဂုဏ်အရည်အချင်း၊ အားမာန်ပါလှသော စစ်သည်တော်ကြီး၏ ရုပ်သွင်၊ မိခင်က သားငယ်ကိုယုယပိုက်ထွေးနေသော အပြုအမူ၊ ပညာရှင်များစွာ ပေါ်ထွက်သည်အတွက် ကျော်ကြားသောမြို့၏ နာမည်တို့ကို နှစ်သက်ဖွယ်ဖွဲ့ဆိုသော အဖွဲ့များသည် သဘာဝဝုတ္တိ အလင်္ကာအဖွဲ့ကောင်းများ ဖြစ်သည်။ (အရှိကိုအရှိတိုင်း တိုက်ရိုက်ရေးဖွဲ့သော အဖွဲ့များသည်လည်း အလင်္ကာများဖြစ်ပါသည်။ ယခုခေတ်တွင် ဝင်္ကဝုတ္တိအလင်္ကာများကိုသာ အလင်္ကာအဖြစ် သင်ကြားနေသည့်အတွက် သဘာဝဝုတ္တိ အလင်္ကာကို အလင်္ကာမှန်းမသိကြတော့သည်ကို အများအားဖြင့် တွေ့ရပါသည်)

'ဝင်္ကဝုတ္တိအလင်္ကာ' ဟူသော ဝေါဟာရကို လူသိများပါသည်။ မြန်မာစာသင်ကြားရာတွင် အလင်္ကာမြောက်သော အဖွဲ့များကို ရည်ညွှန်းသော ဝေါဟာရဖြစ်၍ ကျောင်းသားတိုင်း ရင်းနှီးကျွမ်းဝင်သော ဝေါဟာရဖြစ်သည်။ သုဗောဓာလင်္ကာရတွင် ဝင်္ကဝုတ္တိအလင်္ကာ ၃၅ မျိုးပြထားရာ အများစုမှာ ပါဠိဘာသာစကား သာဓကများဖြင့် ပြသောအလင်္ကာများ ဖြစ်သည့်အတွက် အသိခက်သည်။ အသုံးများသော ဝင်္ကဝုတ္တိ အလင်္ကာများမှာ ဥပမာ၊ ရူပက၊ အတိသယဝုတ္တိတို့ဖြစ်သည်။ ရေးဖွဲ့သော အကြောင်းအရာကို တိုက်ရိုက်မဖွဲ့ဘဲ သိသာထင်ရှားသော အရာနှင့် ခိုင်းနှိုင်းရေးဖွဲ့လျှင် ဥပမာ အလင်္ကာမြောက်သည်။ နှစ်သက်ဖွယ်ကောင်းသည်။ ဝဝတုတ်တုတ် ကလေးငယ်ကို "ဒီကလေးက ဖိုးဝရုပ်ကြီးနဲ့တူတယ်" ဟု ခိုင်းနှိုင်းလိုက်လျှင် ဖိုးဝရုပ်ကြီးကို မြင်ယောင်လာပြီး ကလေးငယ်၏ ချစ်စရာကောင်းသောအသွင် ထင်ရှားလာသည့် အတွက် နှစ်သက်ဖွယ်ကောင်းသည်။ သို့သော် ကလေးသည် တကယ်ဖိုးဝရုပ်မဟုတ်ပါ။ ဖိုးဝရုပ်သည်လည်း ကလေးငယ်မဟုတ်ပါ။ တကယ်မဟုတ်ဘဲ စိတ်ကူးဖြင့် ခိုင်းနှိုင်း ဖွဲ့ဆိုခြင်းဖြစ်သည်။

∴ တစ်နည်းဆိုရလျှင် "ဒီကလေးလေးက ဝဝတုတ်တုတ်ကြီး" ဟု တိုက်ရိုက် မပြောဘဲ "ဖိုးဝရုပ်ကြီးလိုပဲ" ဟု သွယ်ဝိုက်ပြောခြင်းဖြစ်သည်။ သွယ်ဝိုက်ပြောမှ ဥပမာ အလင်္ကာမြောက်သည်။ ဥပမာအလင်္ကာသည် ဝင်္ကဝုတ္တိအလင်္ကာမျိုးခွဲ ဖြစ်သည့် အတွက် သွယ်ဝိုက်သော ဝင်္ကဝုတ္တိသဘောပါမှ ဥပမာအလင်္ကာမြောက်သည်။ မတူသည်ဟုမထင်ရသော အရာနှစ်ခု၏ တူသည့်သဘောကို ဖော်ထုတ်ခိုင်းနှိုင်းနိုင်လေ လေ ဥပမာအလင်္ကာ မြောက်လေလေဖြစ်သည်။ 'ထွေးထွေးသည် မြမြကဲ့သို့အရပ်ရှည် သည်' ဟူသော အဖွဲ့သည် အမှန်တကယ်ဖြစ်သည်ကို ခိုင်းနှိုင်းခြင်းဖြစ်၍ ဝင်္ကဝုတ္တိ သဘောမပါပါ။ ရိုးရိုးခိုင်းနှိုင်းမှုသာဖြစ်၍ ဥပမာအလင်္ကာမမြောက်ပါ။ ဥပမာ
mgyoe.com

mgyoe.com

အလင်္ကာသည် ပို၍ထင်ရှားအောင်၊ နှစ်သက်ဖွယ်ဖြစ်အောင် ခိုင်းနှိုင်းသောအဖွဲ့မျိုး ဖြစ်ပါသည်။ စာဆိုတို့၏ စိတ်ကူးဉာဏ် ကွန့်မြူးနိုင်သလောက် ဥပမာအလင်္ကာ ကောင်းများပေါ်ထွက်ပါသည်။ ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့တွင် သက်ကြီးရွယ်အို ဇနီးမောင်နှံတို့၏ အချစ်ကို 'သီရိထုံသင်း၊ မြတ်တံတင်းဝယ်၊ ဟောင်းမြင်းရှည်လျား၊ ခြောက်အောင်ထားသည်၊ စံကားရွှေပွင့်၊ နံ့မလွင့်သို့၊ ကြီးရင့်သက်ရွယ်၊ ချစ်မပြယ်' ဟူ၍ ဖွဲ့ထားရာ တံတင်း(သေတ္တာ) ထဲတွင်ထည့်ထားသော စံကားပန်းပွင့် ကလေး သည် နှစ်ပေါင်းများစွာကြာသည့်တိုင် အနံ့မပြယ်သကဲ့သို့ ထိုဇနီးမောင်နှံ၏ အချစ် သည်လည်း အသက်အရွယ်ကြီးရင့်သည်အထိ မပြယ်မနွမ်းပါဟု ဖွဲ့ထားခြင်း ဖြစ် သည်။ နှစ်သက်ဖွယ် ဥပမာအလင်္ကာတစ်ခုဖြစ်သည်။

တူညီသည့်သဘော ထင်ရှားအောင် အနှိုင်းခံ (အဓိကအကြောင်းအရာ) တစ်ခု ကို အနှိုင်း(ခိုင်းနှိုင်းပြသော အကြောင်းအရာ) အမျိုးမျိုးနှင့် ခိုင်းနှိုင်းရေးဖွဲ့ပုံမျိုးလည်း ရှိသည်။ ဦးနွန်း၏ ဥမ္မာဒန္တီပျို့တွင် လူ့အသက်တိုတောင်းပုံကို 'လူ့သက်လူ့အိမ်၊ လူ့စည်းစိမ်ကား၊ မိုးတိမ်လျှပ်နွယ်၊ ပျံသောကြယ်မျှ၊ ကြာနွယ်ရေခြောက်၊ သေမီး တောက်သို့၊ ပျောက်ပျက်လွယ်စွာ' ဟု ဖွဲ့ထားသည်။ လူ့အသက်သည် မိုးတိမ်များ ရွေ့လျားသကဲ့သို့၊ လျှပ်စီးကဲ့သို့၊ ကြယ်ပျံကဲ့သို့၊ ရေမထိသော ကြာကဲ့သို့၊ အရက် မီးတောက်ကဲ့သို့ ပျောက်ပျက်လွယ်လှသည်ဟူ၍ ပျောက်ပျက်လွယ်သော အရာများ နှင့် ခိုင်းနှိုင်းဖွဲ့ဆိုထားရာ လူ့အသက်တိုတောင်းပုံမှာ ထင်ရှားပေါ်လွင်သွားပါသည်။ "လူ့အသက်ဟာ ခွေးတွေ၊ ကြောင်တွေရဲ့အသက်လိုပဲ တိုပါတယ်" ဟုရေးလျှင်မူ စိတ်ကူးဉာဏ်လည်းမပါ၊ သွယ်ဝိုက်သောသဘောလည်း မဟုတ်ဘဲ အမှန်တကယ် ပြောခြင်းဖြစ်သည့်အတွက် ဥပမာအလင်္ကာမမြောက်ပါ။ သာမန်ခိုင်းနှိုင်းမှုသာ ဖြစ်ပါ သည်။

ဥပမာအလင်္ကာတစ်ခုတွင် အဓိကကျသော အစိတ်အပိုင်းလေးခုရှိသည်။ အနှိုင်းခံ (ဥပမေယျ)၊ အနှိုင်း(ဥပမာန)၊ တူသောဂုဏ်(သဓမ္မ)၊ အနှိုင်းပြစကား (ဥပမာ ဇောတက)တို့ဖြစ်သည်။ ရှေ့ကပြခဲ့သော အဖွဲ့တွင် လူ့အသက်သည် အနှိုင်းခံ၊ မိုးတိမ်၊ လျှပ်စီး၊ ကြယ်ပျံ၊ ကြာနွယ်၊ အရက်မီးတောက်တို့သည် အနှိုင်း၊ ပျောက်ပျက်လွယ်ခြင်း သည် တူသောဂုဏ်၊ 'သေမီးတောက်သို့' မှ 'သို့'သည် အနှိုင်းပြစကားဖြစ်သည်။ ထိုအချက်လေးချက်ကို ဖော်ထုတ်ကြည့်ခြင်းဖြင့် ဥပမာအလင်္ကာတစ်ခု၏ အဓိပ္ပာယ်နှင့် အရည်အသွေးကို အကဲခတ်နိုင်သည်။

mgyoe.com

mgyoe.com

အချို့အဖွဲ့များတွင် ဤအင်္ဂါလေးခုစလုံး ဖော်ပြမထားပါ။ အနှိုင်းခံနှင့် တူသောဂုဏ်ကို များသောအားဖြင့် မြှုပ်ထားတတ်သည့်အတွက် ဖော်ထုတ်ကြည့်ရန် လိုအပ်သည်။ "ရွှေဟန်အရောင်၊ ဟင်္သာကောင်တွင်၊ အတောင်ဖြူစွာ၊ ဗျိုင်းပမာသို့" ဟူသော ဥပမာအလင်္ကာအဖွဲ့တွင် ရွှေရောင်ဟင်္သာတို့အလယ် ရောက်နေသော အတောင်ဖြူသည့် ဗျိုင်းကဲ့သို့ဟု အဓိပ္ပာယ်ရသည်။ ထိုအဖွဲ့တွင် အနှိုင်း(ဟင်္သာအလယ်က ဗျိုင်း) နှင့် အနှိုင်းပြစကား(ပမာသို့) သာ ပါဝင်သည်။ ပညာရှိများ၏ အလယ်သို့ရောက်နေသော ပညာမဲ့ဟူသည့် အနှိုင်းခံမပါပါ။ 'မတင့်တယ်ခြင်း' ဟူသော တူသောဂုဏ်လည်းမပါပါ။ ထိုအင်္ဂါရပ်များကို စာနှင့်ဆက်စပ် ဖော်ထုတ်ကြည့်ရန် လိုအပ်ပါသည်။

ကမ္ဘာ့စာပေအသုံးတွင် ဥပမာကို Simile(ဆင်မလီ) ဟုခေါ်သည်။ အခြေခံသဘောတရားမှာ အတူတူပင်ဖြစ်သည်။ ဆရာကြီးမင်းသုဝဏ်က 'ခါနွေဆန်းတော့ လွမ်းမိတယ်' ကဗျာပင် နွေဦးကာလ၌ ရွက်ဟောင်းများကြွေကျပုံကို 'ရွှေကြောင်ဖားမြီးဖျားလိုက်သို့' ဟူသော ဥပမာအလင်္ကာဖြင့် သရုပ်ဖော်ရေးဖွဲ့သည်။ ဆရာကြီးက ထိုဥပမာသည် အင်္ဂလိပ်ကဗျာမှ like a cat chasing its own tail ဟူသော ဥပမာအဖွဲ့ကို မြန်မာမှုပြုထားခြင်းဖြစ်ကြောင်း ရေးဖူးသည်။ သစ်ရွက်ကလေးများ ဝေ့ကာဝေ့ကာကျလာပုံကို ကြောင်ကလေးက ကိုယ့်အမြီးကိုယ် လိုက်ဖမ်းနေပုံနှင့် ဥပမာပေးထားခြင်းဖြစ်သည်။ လှပသော စိတ်ကူးကလေးဖြစ်သည်။

အကောင်အထည် မမြင်သာသော ဒြပ်မဲ့သဘောကို အကောင်အထည်ဖြင့် ဥပမာပြု၍ ဖွဲ့ဆိုတတ်သည်မှာ စာဆိုတို့၏ အစဉ်အလာဖြစ်သည်။ သို့ဖြင့် ပညာကို ဆီမီးဖြင့်၊ မေတ္တာကို ရေစင်ဖြင့်၊ ဒေါသကို မုန်တိုင်းဖြင့်၊ စိတ်ကိုဆင်ရိုင်းဖြင့်၊ ပညာကိုချွန်းဖြင့် ဥပမာပေးကာ မြင်သာအောင်ရေးဖွဲ့သော အလင်္ကာအဖွဲ့များ အများအပြားပေါ်ပေါက်ပြီးဖြစ်သည်။

အကောင်အထည်ရှိသော အရာချင်း ဥပမာဆောင်သောအခါ ပို၍ထင်သာမြင်သာဖြစ်ပြီး ဆန်းကြယ်သွားသည်။ ဇနကမင်းသား ပင်လယ်ထဲတွင် ရေကူးနေပုံကို 'မြခုံလောက်ကြားမှ ရွှေတုံးကဲ့သို့' ဟု ဥပမာပေးပုံမျိုးဖြစ်သည်။ စိမ်းနေသော သမုဒ္ဒရာရေပြင်တွင် ဝင်းဝါသောကိုယ်ဖြင့် ကူးခပ်နေသော အသွင်ကို အစိမ်းရောင်မြခုံလောက်(ဖိုခုံလောက်) ကြားရှိဝင်းဝါသော ရွှေတုံးလိုဟု ဥပမာပေးပုံမှာ ဆန်းကြယ်ပါသည်။

မြဝတီရသစုံမဂ္ဂဇင်း၊ ဇွန်၊ ၂၀၁၇ ခုနှစ်။

-- ● --

mgyoe.com

mgyoe.com

စာပေမိန်းမချောကလေး၏ အဆင်တန်ဆာ (၂)

စာပေမိန်းမချောကလေးကို အဆန်းတကြယ် တန်ဆာဆင်သည့် အဆင်တန်ဆာအကြောင်းကို ဆက်ပါဦးမည်။ အရာနှစ်ခုကို ခိုင်းနှိုင်းရုံမျှမဟုတ်ဘဲ တစ်သားတည်းဖြစ်သွားအောင် ထပ်တူပြုဖွဲ့ဆိုသော 'ရူပကအလင်္ကာ' ဆိုသည့် အဆင်တန်ဆာသည် အလွန်အာနိသင်ထက်မြက်သည်။ ကဗျာဆရာတင်မိုး၏ 'အမေ့ကျောင်း' ကဗျာမှ 'ကောင်းကင်ကြီးဟာ ကျောက်သင်ပုန်းပေါ့၊ ကြယ်ဝလုံးတွေရေးရမယ်' ဆိုသော အဖွဲ့ကလေးကိုကြည့်ပါ။ ညအချိန် ကောင်းကင်ကြီးမှာ လင်းလင်းလက်လက်ရှိနေသော ကြယ်ကလေးများကို ကလေး၏ကျောက်သင်ပုန်းပေါ်က ဝလုံးကလေးများနှင့် ထပ်တူပြုလိုက်ပုံမှာ မည်မျှလှပဆန်းသစ်ပါသလဲ။ မည်မျှပေါ်လွင်ပါသလဲ။ မြင်နေ၊ တွေ့နေကျမြင်ကွင်းမဟုတ်ဘဲ ဆန်းကြယ်သည့်မြင်ကွင်းကို ကဗျာဆရာ၏ စိတ်ကူးဉာဏ်စွမ်းဖြင့် ဖန်တီးပြလိုက်ခြင်းမဟုတ်ပါလား။ ကောင်းကင်ကြီးထဲက ကြယ်ကလေးတွေကို ဧရာမကျောက်သင်ပုန်းကြီးပေါ်က ဝလုံးကလေးများအဖြစ် အဆန်းတကြယ် မြင်လာအောင် ဖန်တီးလိုက်ခြင်းမဟုတ်ပါလား။ ကောင်းကင်ကြီးနှင့် ကျောက်သင်ပုန်းသည် နယ်ပယ်ချင်း အလှမ်းဝေးလှသော အရာများဖြစ်သည်။ ကြယ်ကလေးများနှင့် ဝလုံးကလေးများသည်လည်း ထို့အတူပင် နယ်ပယ်ချင်း အလှမ်းဝေးပါသည်။ နယ်ပယ်ချင်းအလှမ်းဝေးသော ကောင်းကင်ကြီးနှင့် ကျောက်သင်ပုန်း၊ ကြယ်ကလေးများနှင့် ဝလုံးတို့၏ တူညီပုံကို စာဆို၏စိတ်ကူးဉာဏ်ဖြင့် ဖော်ထုတ်ပြလိုက်သည့်အတွက် အံ့သြဖွယ်ဖြစ်သည်နှင့်အတူ ဆန်းကြယ်သော စိတ်အတွေ့အကြုံ

mgyoe.com

mgyoe.com

တစ်ခုကို ရလိုက်ပါသည်။

ရှေးစာပေများကစ၍ ခေတ်အဆက်ဆက် ရူပကအလင်္ကာများ တီထွင်သုံးနှုန်းခဲ့ကြပါသည်။ အလင်္ကာကျမ်းလာ အသုံးအရဆိုရလျှင် ရူပကအလင်္ကာသည် ပဓာနအကြောင်းအရာဖြစ်သော 'အနှိုင်းခံ' နှင့် ထိုအကြောင်းအရာနှင့် တူညီသော သဘောတစ်ခုခုကြောင့် ခိုင်းနှိုင်းသည့် 'အနှိုင်း'တို့ကို တစ်သားတည်း၊ တစ်ထပ်တည်းဖွဲ့သည့် အလင်္ကာဖြစ်သည်။ စိတ်ဝင်စားစရာကောင်းသော အချက်တစ်ချက်မှာ ထိုတူညီမှုသဘောသည် ဖန်တီးသူကိုလိုက်၍ အမျိုးမျိုးကွဲပြားခြင်းဖြစ်သည်။ 'မေတ္တာ' ဟူသော ဒြပ်မဲ့သဘောကို ထင်သာမြင်သာအောင် ရူပကအလင်္ကာပြုကြရာတွင် 'မေတ္တာရေ'၊ 'မေတ္တာပန်း'၊ 'မေတ္တာတံတိုင်း'၊ 'မေတ္တာမီးအိမ်' စသည့်ဖြင့် စိတ်ကူးရှိသလို အမျိုးမျိုးထပ်တူပြုကြသည်။ မေတ္တာ၏အေးမြသောဂုဏ်ကို ဖော်ကျူးလိုသူက 'မေတ္တာရေ' ဟုထပ်တူပြုသည်။ မေတ္တာ၏ မွှေးပျံ့သောဂုဏ်ကို ဖော်ကျူးလိုသူက 'မေတ္တာပန်း' ဟုထပ်တူပြုသည်။ မေတ္တာ၏ လုံခြုံမှု၊ အကာအကွယ်ပေးနိုင်မှုကို ဖော်ကျူးလိုသူက 'မေတ္တာတံတိုင်း' ဟု ထပ်တူပြုသည်။ မေတ္တာ၏လမ်းပြနိုင်သော ဂုဏ်ကို ဖော်ကျူးလိုသူက 'မေတ္တာမီးအိမ်'ဟု ထပ်တူပြုသည်။ အနှိုင်းခံတစ်ခုတည်းကို အနှိုင်းအမျိုးမျိုးဖြင့် ထပ်တူပြုကြခြင်းဖြစ်သည်။

'ကောင်းကင်သင်ပုန်း'၊ 'ကြယ်ဝလုံး' ဟူ၍ ရူပကအလင်္ကာနှစ်ခုကို အပြိုင်ဖွဲ့ပုံမျိုးကပို၍အာနိသင်ရှိသည်။ 'မိုးမင်းသမီးသည် တိမ်ဆံမြိတ်မှ ကြယ်ပန်းများကို ခြွေချလိုက်သည်' ဟူသော ရူပကအလင်္ကာအဖွဲ့တွင် မိုးနှင့်မင်းသမီး၊ တိမ်နှင့်ဆံမြိတ်၊ ကြယ်နှင့်ပန်းတို့ကို အပြိုင် ရူပကပြုထားသည်။

'အချစ်' နှင့်ပတ်သက်၍ ရူပကပြုပုံများမှာလည်း စိတ်ဝင်စားစရာကောင်းသည်။ 'ချစ်မိုး'၊ 'ချစ်မြေ'၊ 'ချစ်ပန်း'စသည်ဖြင့် ရူပကပြုရာတွင် အချစ်သည် နှစ်သက်မွေ့လျော်ဖွယ်ဖြစ်သော်လည်း 'ချစ်မီးလျှံ'၊ 'ချစ်မြားဆူး'၊ 'ချစ်ဆိပ်ရည်' စသည်ဖြင့် ရူပကပြုရာတွင်မူ အချစ်သည်မနှစ်သက်မလိုလားဖွယ်ဖြစ်နေသည်။ ရူပကပြုသူ၏ ခံစားမှုအရ ကွဲပြားသွားခြင်းဖြစ်သည်။

ရူပကပြုရာတွင် အကောင်အထည်မမြင်ရသော အနှိုင်းခံကို အကောင်အထည်မြင်ရသော အနှိုင်းဖြင့် ထပ်တူပြုလေ့ရှိသည်။ သို့ဖြင့် 'စိတ်ဆင်ရိုင်း'၊ 'လောကမုန်တိုင်း'၊ 'ဒေါသမီး'၊ 'ပညာဆီမီး'၊ 'မောဟမိုက်မှောင်'၊ 'မာနတံခွန်' စသည့် ရူပကအလင်္ကာများပေါ်ပေါက်လာသည်။ မမြင်သာသော ဒြပ်မဲ့သဘောကို မြင်သာအောင်

mgyoe.com

mgyoe.com

ပုံဖော်လိုက်ခြင်းဖြစ်သည်။

အကောင်အထည်မြင်သာသည့် အရာချင်းလည်း ရူပကပြုသည်။ မြို့လယ်လမ်းမပေါ်တွင် ဥဒဟိုသွားနေကြသော အနီ၊ အဝါ၊ အပြာ စသည့် ကားကလေးများကို ကဗျာဆရာမကြီးကြည်အေးက 'ကားပုတီးစေ့' ဟု ရူပကအလင်္ကာပြုထားသည်မှာ နှစ်သက်စရာကောင်းပါသည်။ ရောင်စုံကားကလေးများ ရွေ့လျားနေပုံကို ရောင်စုံပုတီးစေ့ကလေးများ ရွေ့လျားနေပုံနှင့် ထပ်တူပြုထားခြင်းဖြစ်သည်။ ရှေ့တွင်ဖော်ပြခဲ့သော 'ကောင်းကင်သင်ပုန်း'၊ 'ကြယ်ဝလုံး'၊ 'မိုးမင်းသမီး'၊ 'ကြယ်ပန်း' တို့သည် အကောင်အထည်မြင်သာသည့် အရာချင်းထပ်တူပြုခြင်းဖြစ်သည်။ ကြယ်ကလေးများကို ဝလုံးကလေးများနှင့် တူသည်ဟုမြင်သူက 'ကြယ်ဝလုံး' ဟုထပ်တူပြုသလို ပန်းကလေးများနှင့် တူသည်ဟု ထပ်တူပြုသူက 'ကြယ်ပန်း' ဟုထပ်တူပြုပုံ၊ စိတ်ကူးအရ ရူပကပြုပုံချင်း ကွဲပြားသွားပုံကို တွေ့နိုင်သည်။

အနှိုင်းခံရော အနှိုင်းပါနှစ်ခုစလုံး ဖော်ပြသောအလင်္ကာကို ရူပကအလင်္ကာ၊ အနှိုင်းခံကိုမြှုပ်ထားပြီး အနှိုင်းကိုသာ ဖော်ပြသောအလင်္ကာကို သမာသဝုတ္တိအလင်္ကာဟု အလင်္ကာကျမ်းတွင် ဖော်ပြသည်။ အနောက်တိုင်း အလင်္ကာကျမ်းများတွင်မူ ထိုအလင်္ကာနှစ်မျိုးစလုံးကို Metaphor ဟူ၍ပင်ခေါ်သည်။ ပညာကို ဆီမီးနှင့်ထပ်တူပြု၍ 'ပညာဆီမီး' ဟုဖွဲ့လျှင် ရူပကအလင်္ကာဖြစ်သည်။ ပညာသင်ကြားပေးသည်ကို 'ဆီမီးတစ်ရာထွန်းညှိကြပါစို့' ဟုဖွဲ့လျှင်မူ ဆီမီး(အနှိုင်း)ကိုသာ ဖော်ပြပြီး ပညာ(အနှိုင်းခံ)ကို မြှုပ်ထားသည့်အတွက် သမာသဝုတ္တိအလင်္ကာဖြစ်သည်။ နှိုင်းယှဉ်ဖော်ပြရလျှင် အနှိုင်းခံနှင့်အနှိုင်းကို အပြည့်အစုံဖော်ပြလျှင် ရူပက၊ အနှိုင်းခံကို မြှုပ်ပြီး တစ်ဝက်သာဖော်ပြလျှင် သမာသဝုတ္တိဖြစ်သည်။ သမာသဝုတ္တိအလင်္ကာသည် ရူပကအလင်္ကာ၏ တစ်ခြမ်းတစ်ဝက်ဖြစ်သည်။ သဘောချင်းမှာ အတူတူပင်ဖြစ်သည်။

လှပကြည်လင်သော မျက်နှာကို 'မျက်နှာငွေလ' ဟု ထပ်တူပြုလျှင် ရူပကအလင်္ကာဖြစ်သည်။ အမေ့မျက်နှာကို လမင်းကြီးနှင့်ထပ်တူပြုပြီး 'လမင်းကြီးကပြုံးနေသည်' ဟုဖွဲ့လျှင်မူ သမာသဝုတ္တိအလင်္ကာဖြစ်သည်။

ဖြစ်သင့်သည်ထက် ပိုပိုကဲကဲဖွဲ့လျှင် အတိသယဝုတ္တိအလင်္ကာ ဖြစ်သည်။ ဆင်းရဲမွဲတေပုံကို ဦးပုညက 'အမွဲတကာ့ထွတ်ခေါင်၊ ဖွတ်မင်းနောင်မှာ၊ ပြာတောင်ကြီးပေါက်ကရော့၊ ပြောင်မြောက်အောင်မွဲနိုင်တဲ့ ငါ့ကိုယ်နော်' ဟု ဖွဲ့ပုံမျိုးဖြစ်သည်။ မွဲလှသည့်အတွက် အရောင်မွဲသော ဖွတ်မင်း၏နောင်တော်ဟု ဆိုရလောက်သည်။
mgyoe.com

mgyoe.com

ပြာတောင်ကြီးပေါက်နေသလို မွဲတေနေသည်ကို လွန်လွန်ကဲကဲ ဖွဲ့ထားခြင်းဖြစ် သည်။ အလွန်ခါးသည်ဟူသော အဓိပ္ပာယ်ကို 'တမာပင်ထိပ်ဖျားက ကြက်ဟင်းခါးသီး နိုင်တဲ့သူ' ဟု ဖွဲ့သော ဦးပုည၏အဖွဲ့မှာလည်း အတိသယဝုတ္တိအလင်္ကာပင် ဖြစ်သည်။ 'ရွှေရည်တွေ ရွှာသွန်းလျက်ရှိသော နေလုံးကြီးသည် ပြာမှိုင်းသော တောင်ထွတ်မှ နိမ့်ဆင်းပြုတ်ကျလေသောကြောင့် ကောင်းကင်တစ်ပြင်လုံး နီရဲစွတ်စို၏' ဟူသော ဆရာရန်ကုန်ဘဆွေ၏ နေထွက်လာပုံအဖွဲ့သည်လည်း အတိသယဝုတ္တိအလင်္ကာ အဖွဲ့ဖြစ်သည်။

ချောသော၊ လှပသော မိန်းကလေးကို 'လှခေါင်ထွတ်၊ ဝင်းငြိမ်းရွှန်း၊ ဖြူဝင်းမွတ်၊ ဆင်းနတ်သွင်' စသည်ဖြင့် စာပေများတွင် ဖွဲ့လေ့ရှိသည်။ တိုက်ရိုက်မဖွဲ့ဘဲ စကားပရိယာယ်ဖြင့်ဖွဲ့သည့် ထိုအဖွဲ့မျိုးသည် ပရိယာယဝုတ္တိအလင်္ကာအဖွဲ့ဖြစ်သည်။ ဘုရားရှင်ကို 'သုံးလူနတ်၊ သုံးလူ့ရှင်ပင်'၊ ဘုရင်ကို 'လောကနတ်' ဟူ၍ စကားပရိယာယ်ဖြင့် ဖွဲ့သောအဖွဲ့များ၊ ကွယ်လွန်သည်ကို 'လူ့ပြည်ငြီး၍ နတ်ထီးစံသည်၊ ဘဝနတ်ထံ ပျံလွန်တော်မူသည်' စသည်ဖြင့် စကားပရိယာယ်ဖြင့် ဖွဲ့သောအဖွဲ့များသည် ပရိယာယဝုတ္တိအလင်္ကာ အဖွဲ့များဖြစ်သည်။

ယခုဖော်ပြခဲ့သော ဥပမာ၊ ရူပက၊ သမာသဝုတ္တိ၊ အတိသယဝုတ္တိ၊ ပရိယာယဝုတ္တိအလင်္ကာအဖွဲ့အားလုံးကို ဖွဲ့လိုသောအကြောင်းကို တိုက်ရိုက်ဖွဲ့ခြင်းမဟုတ်ဘဲ သွယ်ဝိုက်ဖွဲ့ခြင်း ဖြစ်သည့်အတွက် အားလုံး ဝင်္ကဝုတ္တိအလင်္ကာထဲတွင် အကျုံးဝင်သည်။ အလင်္ကာကျမ်းတွင် ဝင်္ကဝုတ္တိအလင်္ကာ ၃၅ မျိုးပြထားရာ ယခုဖော်ပြသော အလင်္ကာများသည် အသုံးအတွင်ကျယ်ဆုံးဖြစ်သည်။ စာပေတူသော မိန်းမချောကလေးကို အဆန်းတကြယ် တင့်တယ်လှပအောင် ထိုအဆင်တန်ဆာများဖြင့် ခေတ်အဆက်ဆက် တန်ဆာဆင်ခဲ့သည့်အတွက် စာပေမိန်းမချောကလေးများသည် ခေတ်အဆက်ဆက် တင့်တယ်လှပနေခြင်း ဖြစ်ပါသတည်း။

မြဝတီရာသစုံမဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၁၇ ခုနှစ်။

mgyoe.com

mgyoe.com

ပုဂံခေတ်ပိဋကတ်စာပေ အထောက်အထားအတွက် ကျောက်စာတစ်ချပ်

ဆယ့်တစ်ရာစုတွင် ထေရဝါဒဗုဒ္ဓသာသနာနှင့်အတူ ပိဋကတ်တော်များနှင့် အခြားပါဠိကျမ်းဂန်များ ပုဂံသို့ရောက်လာသည်ဟူသော အချက်ကို သာဓကဆောင်ရာတွင် ၁၅ ရာစုအတွင်း ပုဂံမြို့ဟောင်း၌ ရေးထိုးခဲ့သော တက်နွယ်ကျောင်း ကျောက်စာ (တက်နွဲကျောင်းကျောက်စာ) ကို သာဓကဆောင်လေ့ရှိကြပါသည်။

တက်နွယ်ကျောင်းကျောက်စာသည် မြန်မာသက္ကရာဇ် ၈၀၄ ခုနှစ်(ခရစ်နှစ် ၁၄၄၂ ခုနှစ်)တွင် ရေးထိုးသော ကျောက်စာဖြစ်သည်။ ပုဂံမြို့ ဝက်ကြီးအင်း ကျောက်စာတိုက်အတွင်းမှာ ရှိသည်။ ထိုကျောက်စာကို ဝက်ကြီးအင်းတက်နွဲကျောင်း ကျောက်စာဟုလည်းခေါ်သည်။ အလှူရှင်များမှာ တောင်တွင်းမင်းဇေယသူ ဇနီးမောင်နှံဖြစ်သည်။ အလှူရှင်တို့သည် ကျောင်းဆောက်လှူဒါန်းပြီးနောက် 'ကျောင်းတော်၌ လာလတ်ပြီးသော အမျိုးသားများ လေ့လာသင်စိမ့်သောငှာ' ကျမ်းပေါင်း ၂၉၄ ကျမ်းကို ပေထက်အက္ခရာတင်၍ လှူခဲ့ကြသည်။ လှူသောကျမ်းအမည်များကို ကျောက်စာတွင် အပြည့်အစုံ မှတ်တမ်းတင်ထားသည့်အတွက် နောင်လာနောက်သားတို့အဖို့ တန်ခိုးကြီးမားသော အထောက်အထား ဖြစ်လာသည်။ ကျမ်းအမည်များတွင် "ပါဠ်ပါရာဇိကဏ်၊ ပါဠ်ပါစိတ်၊ ဘိက္ခုနီဝိဘင်း၊ ပါဠ်မဟာဝါဝိနည်း၊ ပါဠ်စူဠဝါဝိနည်း" အစရှိသော ပိဋကတ်တော်ဆိုင်ရာ ကျမ်းများပါဝင်သည့်အပြင် ဓမ္မသတ်ကျမ်း၊ ဆေးကျမ်း၊ သဒ္ဒါကျမ်း၊ အလင်္ကာကျမ်းများလည်း ပါဝင်သည်။ ထေရဝါဒမဟုတ်သော ဂါထာမန္တန်များအကြောင်း၊ မဟိဒ္ဓိတန်ခိုးအကြောင်း စသည့် ကျမ်းများလည်း ပါဝင်သည်။ ထိုကျမ်း

mgyoe.com

mgyoe.com

အမည်များကို ဆယ့်ငါးရာစုတွင် ရေးထိုးသော ကျောက်စာတွင် တွေ့ခြင်းဖြစ်သော်လည်း ပုဂံခေတ်နောက်ပိုင်းတွင် နှစ်ပေါင်းအတော်ကြာ အိန္ဒိယနှင့် အဆက်အသွယ်ပြတ်ခဲ့သည်ကို ထောက်၍ ထိုကျမ်းများသည် ပုဂံထီးနန်းမပျက်မီ ဆယ့်သုံးရာစုနှစ်အတွင်းကပင် ပုဂံသို့ ရောက်နေပြီဖြစ်သည်ဟု ပညာရှင်များက ယူဆကြသည်။

မြန်မာစာဆိုတို့သည် ပိဋကတ်စာပေများကို အခြေပြု၍ မြန်မာစာပေအမျိုးမျိုး ရေးဖွဲ့ခဲ့ကြသည်။ ရှင်မဟာရဋ္ဌသာရ စသည့် စာဆိုတို့သည် အင်းဝခေတ်တွင် စတင်ထွန်းကားသော ပျို့ဟူသော လေးလုံးစပ်ကဗျာရှည်ကြီး ရေးဖွဲ့ခဲ့ကြသည်။ ဇာတက၊ ဗုဒ္ဓဝင် စသည့် ဗုဒ္ဓစာပေများကို အခြေပြု၍ ရေးဖွဲ့သောစာပေများ ဖြစ်သည်။ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ ရေးသားသော ပါရာယနဝတ္ထုကို မြန်မာစာပေသမိုင်းတွင် ပထမဆုံး ဗုဒ္ဓစာပေဝတ္ထုဟု သတ်မှတ်ကြသည်။ ဤသို့ဖြင့် ဗုဒ္ဓစာပေကို အခြေခံလျက် မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာသည်။ အင်းဝခေတ်မှ ကုန်းဘောင်ခေတ်အထိ ကဗျာ၊ စကားပြေအမျိုးမျိုး ပေါ်ပေါက်လာခဲ့ရာ အများစုမှာ ဗုဒ္ဓစာပေကို အခြေခံ၍ ရေးဖွဲ့သော စာပေများဖြစ်သည်။

ပုဂံသို့ ပိဋကတ်စာပေများ ရောက်လာခြင်းနှင့် ပတ်သက်၍ ပိုမိုခိုင်လုံသော အထောက်အထားတစ်ခု ပေါ်ပေါက်လာသည်။ သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာသန်းထွန်းသည် ယခင်က မတွေ့ရဘဲ နောက်မှ ရှာဖွေဖော်ထုတ်ရသော ကျောက်စာများကို "နှောင်းတွေ့ကျောက်စာများ" အမည်ဖြင့် စုဆောင်းတည်းဖြတ်ခဲ့ရာ ထိုကျောက်စာများတွင် သိင်္ဃဝိဥသုဗ္ဗိုလ်ကျောက်စာဟု အမည်ပေးထားသော ကျောက်စာပါဝင်သည်။ ထိုကျောက်စာတွင် သက္ကရာဇ် ၅၈၁ ခုနှစ်၊ သက္ကရာဇ် ၅၈၅ ခုပေါ်တွင် သခင်သိင်္ဃဝိဥသုဗ္ဗိုလ်ဆိုသော ဒါယကာပြုသည့် ကျောင်းဘုရားတို့၌ လှူသော လယ်ဥယျာဉ်၊ ကျွန်များအပြင် ပိဋကတ်တော်များလည်း လှူကြောင်း ကျမ်းအမည်များနှင့်တကွ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ သခင်သိင်္ဃဝိဥသုဗ္ဗိုလ်နှင့်အတူ သခင်ဉာန်သုဗ္ဗိုလ်၊ သားသိင်္ဃဝိဥသုဗ္ဗိုလ်ဟူသော အမည်များကိုပါ အလှူရှင်အမည်များအဖြစ် ဖော်ပြထားသည်။ သိင်္ဃဝိဥသုဗ္ဗိုလ်မိသားစု အလှူဖြစ်မည်ဟု ယူဆရသည်။ လှူသောကျမ်းအမည်များတွင် ဝိနည်း၊ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ဝိသုဒ္ဓိမဂ်၊ ခုဒ္ဒကနိကာယ်၊ နေတ္တိပါဠိကဋ္ဌကထာ၊ မိလိန္ဒပဉှပါဠိ၊ အနာဂတဝင်၊ ဗောဓိဝင်၊ မဟာဝင်၊ တထာဂတုပ္ပတ္တိ၊ ဋီကာမဟာထေရ်၊ ဋီကာသံဗျင် စသည်တို့ပါဝင်သည်။ 'အဘိဓမ္မာ ၁၅ ကျမ်း' 'အပေါင်း ၁၁၃

mgyoe.com

mgyoe.com

ကျမ်း' စသည့် ကျမ်းများကိုလည်း တွေ့ရသည်။ ကျောက်စာမှာ အောက်ပိုင်းပြတ်နေသဖြင့် အဆုံးအထိမတွေ့ရပါ။ သို့သော် ထိုကျောက်စာရေးထိုးသော သက္ကရာဇ် ၅၈၅ ခုနှစ် သည် ပုဂံခေတ်နားတောင်းများမင်း (၅၇၃–၅၉၂) လက်ထက်ဖြစ်ကြောင်း တွေ့ရသည့်အတွက် ပုဂံခေတ်တွင် ထိုကျမ်းများ ရောက်ရှိနေပြီဖြစ်သည်ဟု အခိုင်အမာဆိုနိုင်ပါသည်။

သခင်သိဃ်ဝိဉာသုဒ္ဓိဗိုလ်ကျောက်စာသည် ပုဂံခေတ်တွင် ပိဋကတ်တော်များ ပုဂံသို့ ရောက်လာပြီဖြစ်ကြောင်း အခိုင်အမာဖော်ပြနေသော အထောက်အထားတစ်ခု ဖြစ်ပါသည်။

ပန်းတစ်ပွင့်တောင်မဂ္ဂဇင်း၊ ၂၀၁၉ ခုနှစ်။

— ✿ —

mgyoe.com

mgyoe.com

မြန်မာစာပေတွင် ဇာတက၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားလာသည့် ၁၁ ရာစုမှစ၍ မြန်မာစာပေသည် ဗုဒ္ဓစာပေဟူသော အခြေခံအုတ်မြစ်ပေါ်တွင် စည်ပင်ဖွံ့ဖြိုးလာခဲ့သည်။ မြန်မာစာဆိုတို့သည် ဗုဒ္ဓစာပေလာ အကြောင်းအရာအမျိုးမျိုးကို ကဗျာများ၊ စကားပြေများအစဉ်တစိုက် ရေးသားဖွဲ့နွဲ့ခဲ့ကြသည်။ ထိုအကြောင်းအရာများတွင် ဘုရားရှင်၏ အတိတ်ဘဝ ဖြစ်တော်စဉ်များဖြစ်သော ဇာတကဝတ္ထုများသည် မြန်မာစာဆိုများအဖို့ စာဖွဲ့စရာအကြောင်းအရာများအဖြစ် မြန်မာစာပေနယ်ပယ်တွင် ကျယ်ပြန့်နက်ရှိုင်းစွာ ခေတ်အဆက်ဆက် နေရာယူခဲ့သည်။ ဇာတကကို အခြေခံသော စာပေပုံသဏ္ဍာန်အမျိုးမျိုး ပေါ်ပေါက်ခဲ့သည်။ ဤသို့ မြန်မာစာပေနယ်ပယ်တွင် အရေးပါသော ဇာတက၏ အခန်းကဏ္ဍကို စိစစ်ရာတွင်–

(၁) မြန်မာစာပေအရေးအသား မပေါ်ပေါက်မီကပင် မြန်မာ့ယဉ်ကျေးမှု အနုပညာနယ်ပယ်များတွင် ဇာတကများနေရာယူခဲ့ပုံ

(၂) မြန်မာစာပေပုံသဏ္ဍာန်အမျိုးမျိုးတွင် ဇာတကများ ပျံ့နှံ့ပါဝင်ပုံနှင့်

(၃) ဇာတ်တော်ကြီးဆယ်ဘွဲ့ဟု သတ်မှတ်ထားသော ဇာတကများ မြန်မာစာပေယဉ်ကျေးမှုအမွေအနှစ်အဖြစ် အရေးပါပုံဟူ၍ အပိုင်း ၃ ပိုင်း ခွဲခြားကာ စိစစ်မည်ဖြစ်သည်။

mgyoe.com

mgyoe.com

(၁) မြန်မာစာပေအရေးအသား မပေါ်ပေါက်မီကပင် မြန်မာ့ယဉ်ကျေးမှု အနုပညာ နယ်ပယ်များတွင် ဇာတကများနေရာယူခဲ့ပုံ

ဇာတကသည် သုတ္တန္တပိဋကတ်တွင်ပါဝင်သော ခုဒ္ဒကနိကာယ်၏ ၁၀ ခု မြောက်ကျမ်းဖြစ်သည်။ ဇာတကတွင် မူလက ဘုရားရှင်ဟောကြားသော ဂါထာများသာပါဝင်သည်။ ပါဝင်သော ဂါထာအရေအတွက်ကိုလိုက်၍ တစ်ဂါထာသာပါသော ဇာတကများကို ဧကနိပါတ်၊ နှစ်ဂါထာပါသော ဇာတကများကို ဒုကနိပါတ် စသည် ဖြင့် နိပါတ်ခေါ်အစုပေါင်း ၂၂ စုခွဲထားသည်။ နောက်ဆုံးအစုတွင် ဂါထာအရေအတွက် များစွာပါဝင်သော ဇာတကဝတ္ထုဆယ်ခုကို မဟာနိပါတ်အဖြစ် စုစည်းထားသည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့ဟုခေါ်သည်။ ဇာတ်တော်အရေအတွက် ၅၄၇ ဇာတ်ရှိသည်။ သုံးခုဖြည့်ကာ ငါးရာငါးဆယ်ဇာတ်တော်ကို အစဉ်အဆက်ခေါ်ကြသည်။

ဇာတကဂါထာပါဠိတော်များကို နှောင်းခေတ်ပုဂ္ဂိုလ်များက ဇာတ်လမ်းဇာတ်ကွက်များဖြင့် ပုံဖော်လိုက်သောအခါ ဇာတကဋ္ဌဝဏ္ဏနာ ခေါ် အဖွင့်ကျမ်းများပေါ်ပေါက်လာသည်။ ဇာတကဋ္ဌကထာဟုလည်းခေါ်သည်။ ထိုအဖွင့်ကျမ်းများကို သီဟိုဠ်မှ အမည်မသိ ရဟန်းတော်တစ်ပါး ပြုစုသည်ဟူ၍လည်းကောင်း၊ ရှင်ဗုဒ္ဓဃောသ ပြုစုသည်ဟူ၍လည်းကောင်း အဆိုရှိသည်။ အချို့ကမူ ရှင်ဗုဒ္ဓဃောသသည် ဇာတက အဋ္ဌကထာများကို သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်ဆိုသောပုဂ္ဂိုလ်ဖြစ်သည်ဟု ဆိုကြသည်။

ဇာတကဝတ္ထုအသီးသီးတွင် ပစ္စုပ္ပန်ဝတ္ထုခေါ် ဇာတကကို ဟောတော်မူရခြင်း အကြောင်း၊ အတိတ်ဝတ္ထု၊ ဂါထာ၊ ဝေယျာကရဏခေါ် ဂါထာဖွင့်ဆိုချက်နှင့် သမောဓာန ခေါ် ဇာတ်ပေါင်းခန်းတို့ပါဝင်သည်။

ဇာတကဝတ္ထုများသည် မြန်မာနိုင်ငံအပါအဝင် ဗုဒ္ဓဘာသာနိုင်ငံအားလုံးတွင် ပန်းချီပန်းပုအနုပညာ လက်ရာများဖန်တီးရန် အများနှစ်သက်သော အကြောင်းအရာများအဖြစ် ခေတ်အဆက်ဆက် နေရာယူခဲ့သည်။ ၃ ရာစုမှ ၂ ရာစုဘီစီအတွင်း အိန္ဒိယနိုင်ငံ ဘရဟုတ်၊ စန်ချီနှင့် ဗုဒ္ဓဂါယာတို့တွင်လည်းကောင်း၊ ၂ရာစုအေဒီတွင် အမရဝတီနှင့် နောက်ပိုင်းတွင် အဇန္တာလိုဏ်ဂူများတွင်လည်းကောင်း၊ ၉ ရာစုအေဒီတွင် ဂျာဗားရှိဗောရောဗုဓော ပုထိုးတော်ကြီး၌လည်းကောင်း၊ ၁၁ ရာစုမှ ၂၁၃ ရာစုအေဒီအတွင်း မြန်မာနိုင်ငံပုဂံဘုရားများ၌လည်းကောင်း၊ ၁၄ ရာစုအေဒီတွင် ယိုးဒယား (ထိုင်း)နိုင်ငံ သုခဒ(သောက္ကတဲ)၌လည်းကောင်း၊ ဇာတကသရုပ်ဖော်ပန်းချီ ပန်းပုများကို

mgyoe.com

mgyoe.com

အစဉ်တစိုက်တွေ့ရခြင်းက ဇာတကများ ကျယ်ပြန့်စွာ နေရာယူလျက်ရှိပုံကို သက်သေပြလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအနုပညာနယ်ပယ်၌ အစောဆုံးတွေ့ရသော ဇာတကအထောက်အထားမှာ အောက်မြန်မာနိုင်ငံ မွန်တို့ဒေသတွင် ဖြစ်သည်။ ၁၁ ရာစု ပထမပိုင်းတွင် သထုံရှိ ကလျာဏီသိမ်ရှိ ကျောက်တုံးများပေါ်၌လည်းကောင်း၊ သိကြားဘုရားရှိ စဉ့်ကွင်းများ၌လည်းကောင်း၊ ဇာတ်တော်ကြီးဆယ်ဘွဲ့သရုပ်ဖော်များ တွေ့ရသည်။ ပဏ္ဍိတ်ကျောက်စာတွင်မူ ရှေးမွန်ဘာသာဖြင့် ဇာတ်တော်ကြီးဆယ်ဘွဲ့အမည်များ ရေးထိုးထားသည်။

အနိရုဒ္ဓသထုံကို သိမ်းသည့် ၁၀၅၇ ခုနှစ် နောက်ပိုင်းတွင်ကား ဇာတကများသည် ပုဂံဘုရားများရှိ နံရံပန်းချီများ၊ စဉ့်ကွင်းများတွင် အများနှစ်သက်သော အကြောင်းအရာများအဖြစ် နေရာယူလာသည်။ ဘုရားအတွင်းနံရံများတွင် ဇာတကပန်းချီများ ရေးဆွဲသရုပ်ဖော်သည့်နည်းတူ အပြင်နံရံများတွင် ဇာတကများကို သရုပ်ဖော်သော စဉ့်ရည်သုတ်ရုပ်ချပ်ကွင်းများ၊ စဉ့်ရည်မသုတ်သည့် ရုပ်ချပ်များဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရသည်။

ဇာတကသည် အပဏ္ဏကဇာတ်ဖြင့်စ၍ ဝေဿန္တရာဇာတ်ဖြင့်ဆုံးသည်။ အနိရုဒ္ဓမင်းလက်ထက်တွင် တည်သော အနောက်ဘက် လိပ်ဘုရားတွင် ပါဠိကမ္ပည်းစာများ ရေးထိုးထားသော ဇာတကရုပ်ချပ်များ၌ ၅၄၇ ဇာတ်တွင် ဝေလာမဇာတ်၊ မဟာဂေါဝိန္ဒဇာတ်၊ သုမေဓပဏ္ဍိတဇာတ်ဟူသော ဇာတ်သုံးဇာတ်ဖြည့်စွက်၍ ဇာတ် ၅၅၀ အပြည့်ပုံဖော်ထားသည်။ အခြားဘုရားပုထိုးများမှ နံရံပန်းချီများ စဉ့်ကွင်းများတွင်မူ ၅၄၇ ဇာတ်ကိုသာ အတွေ့ရများသည်။ ရွှေဆံတော်၊ အာနန္ဒာ၊ ဂူပြောက်ကြီး၊ မင်္ဂလာစေတီစသည့် ဘုရားများတွင် ၅၄၇ ဇာတ်ကိုပင် ပုံဖော်ထားသည်။ ကျန်စစ်သားမင်းလက်ထက်တွင် တည်ဆောက်သော အာနန္ဒာဘုရားမှ စဉ့်ကွင်းများမှာ အပြည့်စုံဆုံးဖြစ်သည်ဟု ဆိုကြသည်။ ရှေ့ ၅၃၇ ဇာတ်ကို ဇာတ်တစ်ဇာတ်လျှင် စဉ့်ကွင်းတစ်ကွက်ကျပုံဖော်ပြီး နောက်ဆုံး ဇာတ်တော်ကြီးဆယ်ဘွဲ့ကိုမူ စဉ့်ကွင်း၊ ၃၈၉ ကွက်ဖြင့် အသေးစိတ်ပုံဖော်ထားသည်ကို တွေ့ရသည်။ ရှေးမွန်ကမ္ပည်းစာများဖြင့် ဖော်ပြထားသည်။

အလားတူ ဇာတကနံရံပန်းချီများကို မြင်းပြဂူ၊ တောင်ဘီ၊ နဂါးရုံ၊ ရွှေချောင်း ဂူပြောက်ငယ်၊ မြင်းကပါဂူပြောက်ကြီး၊ အလိုပြည့်၊ ဖြတ်စရွှေဂူစသည့် ဘုရားများ

mgyoe.com

mgyoe.com

တွင် တွေ့ရသည်။ မြင်းကပါ ဂူပြောက်ကြီးဘုရားများမှ ဇာတကနံရံပန်းချီများသည် အပြည့်စုံဆုံးဖြစ်ကြောင်း ပါမောက္ခလုစ်က ဆိုဖူးပါသည်။ ပါဠိဘာသာဖြင့် ဇာတ်တော်အမည်များ ရေးထားပြီး ရှေးမွန်ဘာသာဖြင့် အကျဉ်းချုပ် ရှင်းလင်းထားသည်။

ဤသို့အားဖြင့် ဇာတကစဉ့်ကွင်းများနှင့် ပန်းချီများသည် ပုဂံဘုရားများတွင် အလွန်အရေးပါသော အခန်းကဏ္ဍမှာ ရပ်တည်လျက်ရှိသည်။ အဆင်တန်ဆာအဖြစ်သာမက လူအများကို ဘာသာရေးအသိအမြင် ထိထိရောက်ရောက်ပေးနိုင်သော နည်းလမ်းများအဖြစ် အလွန်အရေးပါကြောင်း တွေ့ရသည်။ ၁၂ ရာစုအစပိုင်းအထိမူ ဇာတကသရုပ်ဖော်ပုံများကို ပါဠိစာ၊ ရှေးမွန်စာတို့ဖြင့်သာ တွေ့ရသည်။ ထိုကာလနောက်ပိုင်းတွင်မှသာ မြန်မာစာပေအရေးအသားဖြင့် ပုံဖော်သော ဇာတကသရုပ်ဖော်များကို တွေ့လာရသည်။

(၂) မြန်မာစာပေပုံသဏ္ဌာန်အမျိုးမျိုးတွင် ဇာတကများပျံ့နှံ့ပါဝင်ပုံ

၁၂ ရာစုအစပိုင်းသည် မြန်မာစာပေ၏ အရုဏ်ဦးဟုဆိုနိုင်သည်။ မြန်မာစာအရေးအသား စတင်ပေါ်ပေါက်လာသောကြောင့် ဤသို့ဆိုရခြင်းဖြစ်သည်။ ယခုထိတွေ့သမျှသက္ကရာဇ်အခိုင်အမာပါသော အစောဆုံးမြန်မာစာ အရေးအသားဖြစ်သည့် ရာဇကုမာရ်(မြစေတီ) ကျောက်စာ(၁၁၁၃ ခန့်)နှင့် ချစ်စကုန်းရှိ အုတ်ခွက်များမှ အရေးအသားများကို အစောဆုံး မြန်မာအရေးအသားများအဖြစ် မှတ်ယူကြသည်။ ထိုကာလမှာပင် ဇာတကစဉ့်ကွင်းများ၊ ပန်းချီများကို ရှေးမြန်မာစာအရေးအသားဖြင့် သရုပ်ဖော်လာကြသည်။ ဝက်ကြီးအင်းဂူပြောက်ကြီးဘုရားမှ ဇာတကစဉ့်ကွင်းများနှင့် မြန်မာကမ္ပည်းစာများသည် ထင်ရှားသော သာဓကဖြစ်သည်။ ၁၁၁၃ ခုမှ ၁၁၅၅ ခုအတွင်း တည်ဆောက်သည်ဟု ယူဆရသော လောကထိပ်ပန်ဂူဘုရား အတွင်းနံရံတွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ ပန်းချီပုံများကို ရှေးမြန်မာကမ္ပည်းစာများဖြင့် အသေးစိတ်တွေ့ရသည်။ ပါဠိကို မြန်မာပြန်သော အစောဆုံးဇာတက စကားပြေအဖြစ် မှတ်ယူနိုင်သည်။

'ဇာတ်ငါးရာလည်း အတင့်အတယ်ရေး၏'(မင်းအနန္တသူကျောက်စာ)၊ 'ဇာတ် ၅၅၀' (မင်းအမတ်ဉာဏပိစည်ကျောက်စာ)ဟူသော အရေးအသားများက လည်း ပုဂံသားတို့ဇာတကနှင့် အကျွမ်းတဝင်ရှိပုံကို ဖော်ပြနေသည်။ ၁၂၂၃ ခုတွင် ရေးထိုးသော သိခင်သိဃ်ဝိရ်သူရဒ္ဓဗိုလ်' ကျောက်စာတွင် ပါဠိကျမ်းဂန်များ လှူသော

mgyoe.com

mgyoe.com

စာရင်း၌ ခုဒ္ဒကနိကာယပါဠိတော်နှင့် အဋ္ဌကထာတို့ပါဝင်နေသည်ကို ထောက်၍ ခုဒ္ဒကနိကာယတွင်ပါဝင်သော ဇာတကပါဠိအဋ္ဌကထာများကို ၁၃ ရာစုတွင် ပုဂံရှိ ဘုန်းတော်ကြီးကျောင်းများ၌ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးနေကြပြီဖြစ်ကြောင်း ကောက်ချက်ချနိုင်သည်။

၁၅ ရာစုတွင် မြန်မာစာအရေးအသားသည် ပေတွင် ကညစ်ဖြင့် ရေးသားသည့် စာများအဖြစ် အသုံးတွင်ကျယ်လာသည်။ ထိုအချိန်မှစ၍ ဇာတကဝတ္ထုများသည် မြန်မာစာပေပုံသဏ္ဍာန်အမျိုးမျိုးတွင် ပျံ့နှံ့ပုံနှစ်မျိုးဖြင့် ပါဝင်ပျံ့နှံ့လာကြောင်း တွေ့ရသည်။ တစ်မျိုးမှာ ဇာတကဝတ္ထုတစ်ပုဒ်ကို ပဓာနပြု၍ စာပေရေးဖွဲ့ခြင်းအားဖြင့် ပျံ့နှံ့ပုံမျိုးဖြစ်၍ နောက်တစ်မျိုးမှာ စာပေအရေးအဖွဲ့ တစ်ခုထဲတွင် ဇာတကများကို သာဓကအဖြစ် ထည့်သွင်းခြင်းအားဖြင့် ပျံ့နှံ့ပုံမျိုးဖြစ်သည်။

ပထမပျံ့နှံ့ပုံမျိုးအရဆိုလျှင် ဇာတကများသည် နိဿယ၊ ပျို့၊ ဝတ္ထု၊ ပြဇာတ်၊ ရကန်၊ သျှိုးလိုက်ရတု စသော စာပေပုံသဏ္ဍာန်များအဖြစ် ပျံ့နှံ့သည်ကို တွေ့ရသည်။ ၁၅ ရာစုအလယ်လောက်မှစ၍ ပါဠိတစ်ချက် မြန်မာတစ်ချက်ပြန်ဆိုသော နိဿယ အရေးအသားကို မြန်မာတို့အသုံးပြုလာသည်။ တောင်တွင်းမင်းဇေယျာသူရမောင်နံ့တို့ လှူသော ကျမ်းပေါင်း(၃၀၀) ခန့်၏အမည်များကို တက်နွဲကျောင်းကျောက်စာ(၁၄၄၂) တွင် တွေ့ရသည်။ ထိုကျမ်းများတွင် နိဿယ ၂၃ ကျမ်းထဲ၌ ငါးရာငါးဆယ်ဇာတ် ပုံစံဖြင့် ကျယ်ကျယ်ပြန့်ပြန့် လေ့လာနေကြပြီဖြစ်ကြောင်း သိနိုင်သည်။ ထို့နောက် တွင်ကား ဇာတကနိဿယအမျိုးမျိုး ပေါ်ပေါက်လာသည်။ ဒန့်တိုင်ဆရာတော်ရှင် ဂုဏာလင်္ကာရ၏ ဇာတ်တော်ကြီးဆယ်ဘွဲ့ အဋ္ဌကထာနိဿယများ(၁၈ရာစု)ကို ခေတ် အဆက်ဆက် ကိုးကားနေရဆဲဖြစ်သည်။ ၁၈ ရာစုအကုန်နှင့် ၁၉ ရာစုအစ အတွင်း နိဿယများ အထူးခေတ်စားသည်။ ဇာတကအဋ္ဌကထာများကို ဆရာတော်ကြီး ၁၃ ပါးခွဲဝေ၍ နိဿယပြန်သည်။ ဝက်ခုတ်ဆရာတော် တစ်ပါးတည်းကလည်း ဇာတက အဋ္ဌကထာနိဿယ ပြုစုသည်။ ဇာတက အဋ္ဌကထာနိဿယများသည် ပါဠိမြန်မာ ပညာရှင်များ၏ ကျေးဇူးကြောင့် ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွန်းလာရသည်။

ဇာတကကို ပျို့ခေါ် လေးလုံးစပ် ကဗျာရှည်ဖြင့်လည်း ပုံဖော်ကြသည်။ ဘူရိဒတ္တဇာတက (ဇာတ်စဉ် ၅၄၃)ကို အခြေခံသော ဘူရိဒတ်အလင်္ကာကြီး(၁၄၈၄) သည် အစောဆုံးပျို့ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရသည် မြန်မာစာပေတွင် ပျို့ဟူသော စာပေအစဉ်အလာကြီးကို စတင်ထူထောင်သူဖြစ်သည်။ မြန်မာစာဆိုတို့သည် ပျို့များ
mgyoe.com

mgyoe.com

ကို ၂၀ ရာစုအထိ အစဉ်အဆက်ရေးဖွဲ့ကြသည်။ ပျို့ပေါင်း ၃၀၀ ကျော် စာရင်းပေါက်ရာတွင် ပျို့အများစုမှာ ဇာတကပျို့များဖြစ်သည်။ သာဓကဆောင်ရလျှင် ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့ (၁၄၈၄၊ ဘူရိဒတ်လင်္ကာကြီးအဆက်) နှင့် သံဝရပျို့(၁၅၂၉၊ ဇာတ်စဉ် ၄၆၂)၊ ရှင်အဂ္ဂသမာဓိ၏ နေမိမဃဒေဝိုးခန်းပျို့(၁၅၃၅)၊ နေမိငရဲခန်းပျို့(၁၆၃၆)၊ နေမိဘုံခန်းပျို့(၁၅၄၂)၊ (ဇာတ်စဉ် ၅၄၁)၊ တောင်ဘီလာဆရာတော်၏ ဝေဿန္တရာပျို့(၁၅၉၂၊ ဇာတ်စဉ် ၅၄၇)၊ တွင်းသင်းမင်းကြီး၏ မုဒုလက္ခဏာပျို့ (၁၇၅၁၊ ဇာတ်စဉ် ၆၆)၊ မုံရွေးဆရာတော်၏ မဟာသီလဝပျို့(၁၈၂၅၊ ဇာတ်စဉ် ၅၁)၊ မဟာမင်းလှမင်းခေါင်ကျော် ဦးရွှန်း၏ ဥမ္မာဒန္တီပျို့(၁၈၄၈၊ ဇာတ်စဉ် ၅၂၇)၊ ဦးရွှေခြည်၏ စန္ဒကိန္နရီပျို့(၁၈၅၀၊ ဇာတ်စဉ် ၄၈၅)၊ ကင်းဝန်မင်းကြီး၏ တိတ္တိရကပျို့ (၁၈၅၆၊ ဇာတ်စဉ် ၅၂၀) စသည်တို့ဖြစ်သည်။

ပျို့စာဆိုတို့သည် ပျို့များတွင် မူလဇာတကများ၏ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ကို ပို၍အသက်ဝင်ပီပြင်အောင် မိမိတို့စိတ်ကူးဉာဏ်ဖြင့် အပြောက်အမွမ်းများ ထည့်သွင်းရေးဖွဲ့ထားရှိကြသည်။ ထို့ပြင် သိမှတ်ဖွယ်၊ လိုက်နာဖွယ်များကို သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်ရေးဖွဲ့ကြသည်။

ဇာတကကို အခြေခံ၍ မြန်မာစကားပြေဖြင့် ရေးဖွဲ့သော ဝတ္ထုများကို ဝရာဘိသင်္ဃနာထ ဆရာတော်၏ မဏိကုဏ္ဍလဝတ္ထုသည် အစောပိုင်းဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ညောင်ရမ်းခေတ် ၁၇ ရာစုတွင် ပေါ်ပေါက်၍ မဟာသုတသောမဇာတ် (ဇာတ်စဉ် ၅၃၇) ကို အခြေခံသည်။ ၁၇ ရာစုအလယ်ပိုင်းတွင် ဇာတကဝတ္ထုအားလုံး မြန်မာစကားပြေဖြင့် ပြန်ဆိုပြီးစီးသည်။ မင်းဘူးဦးသြဘာသသည် တေမိယ၊ ဇနက၊ နေမိ၊ မဟောသဓ၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓုရ၊ ဝေဿန္တရာဟူသော ဇာတ်တော်ကြီး ရှစ်စောင်ကိုလည်းကောင်း၊ ရှင်နန္ဒမေဓာနှင့် ရှင်ပညာတိက္ခတို့က ဘူရိဒတ်နှင့် သုဝဏ္ဏသာမဇာတ်တော်တို့ကိုလည်းကောင်း အသီးသီး ပြန်ဆိုရေးသားသည့်အတွက် ဇာတ်တော်ကြီးဆယ်ဘွဲ့စလုံး ပြည့်စုံသွားသည်။ ဇာတကအဋ္ဌကထာအတိုင်း အတိအကျ ပြန်ဆိုခြင်းမဟုတ်ဘဲ ဝေဝေဆာဆာ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြန်ဆိုထားခြင်းဖြစ်သည်။ အထူးသဖြင့် ဦးသြဘာသ၏ ဝေဿန္တရာဇာတ်ကို အရေးအဖွဲ့ ပြောင်မြောက်သော လက်ရာဟူ၍ သဘောတူညီကြသည်။ ညောင်ကန်ဆရာတော်၏ ငါးရာ့ငါးဆယ်ဝတ္ထုများမှာမူ ပါဠိအဋ္ဌကထာအတိုင်း အတိအကျ ပြန်ဆိုထားခြင်းဖြစ်၍ ပါဠိပုဒ်များ ဖြုတ်ထားသော နိဿယနှင့်တူသည်။ မုန်တိုင်ပင် ဆရာတော်ကလည်း ငါးရာ့ငါးဆယ်ဝတ္ထုများကို
mgyoe.com

mgyoe.com

မြန်မာပြန်ခဲ့ကြောင်း သိရသည်။ ၁၉ ရာစုအလယ်ပိုင်းတွင် ဆီးဘန်းနီဆရာတော်သည် မင်းတုန်းမင်းတရား၏ လျှောက်ထားတောင်းပန်မှုကြောင့် ဇာတကဝတ္ထု ၆၄ ပုဒ်ကို 'ကဝိမဏ္ဍနမေဒနီ' အမည်ဖြင့် မြန်မာပြန်ခဲ့သည်။

ဦးပုညသည် ရဟန်းတော်များဟောကြားရန် တရားစာအဖြစ် ဝတ္ထုများရေးဖွဲ့ခဲ့ရာ ဆဒ္ဒန္တဇာတ်(ဇာတ်စဉ် ၅၁၄)ကို အခြေခံ၍ရေးဖွဲ့သော ဆဒ္ဒန်ဆင်မင်းဝတ္ထုသည် အရေးအဖွဲ့ ပြောင်မြောက်သည့်အတွက် အထူးထင်ရှားသည်။ ကျပင်းဆရာတော်ကလည်း ထိုကာလတွင် တရားစာဝတ္ထုများရေးဖွဲ့သည်။ ဇာတကကို အခြေခံသော ဝတ္ထုများပါဝင်သည်။

၂၀ ရာစုတွင် ဇာတဝတ္ထုများသည် ပုံစံအမျိုးမျိုးဖြင့် ပေါ်ထွက်လာသည်။ အမျိုးသားပညာဝန်ဦးဖိုးကျား၏ ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ(၁၉၂၉)တွင် ဝတ္ထု ၂၄၉ ပုဒ်ကို စကားပြေရိုးရိုးဖြင့် ပြန်ရေးထားသည်။ ပထမကျော် ဦးကြီးဖေ၏ ငါးရာငါးဆယ်နိပါတ်တော် စကားပြေ (၁၉၅၆-၅၈) တွင် နိဿယဟန်ပါသော စကားပြေဖြင့် ရေးသားထားသည်။ လှသမိန်၏ ဇာတ်တော်ကြီးဆယ်ဘွဲ့ (၁၉၅၈)၊ ဒဂုန်ဦးထွန်းမြင့်၏ ဇာတ်တော်ကြီးဆယ်ဘွဲ့ (၁၉၆၄)၊ ဦးမြင့်ဆွေ၏ ဇာတ်တော် ငါးရာ့ငါးဆယ် (၁၉၇၅)နှင့် ငါးရာငါးဆယ်စာရင်းကျယ် (၁၉၉၉)၊ မာဏဝ၏ ငါးရာ့ငါးဆယ်နိပါတ်(၁၉၈၄)၊ ဦးအေးချို(မဟာဝိဇ္ဇာ)၏ ငါးရာ့ငါးဆယ်သိမှတ်ဖွယ် (၁၉၈၈) စသည်တို့ဖြစ်သည်။

၁၉ ရာစုအစပိုင်းတွင် ဦးကြင်ဥနှင့် ဦးပုညတို့၏ ပြဇာတ်များပေါ်ထွက်လာရာ ဇာတကအခြေခံသော ပြဇာတ်များလည်းပါဝင်သည်။ ဦးကြင်ဥ၏ မဟော်နှင့် ဝေဿန္တရာ၊ ဦးပုည၏ပဒုမ၊ မဟော်၊ ဝေဿန္တရာနှင့် ရေသည်ပြဇာတ်တို့သည် ဇာတက အခြေခံပြဇာတ်များဖြစ်သည်။ ၁၉ ရာစုအလယ်ပိုင်းတွင် ဦးကြင်ဥနှင့် ဦးပုညတို့၏ ပြဇာတ်လမ်းကြောင်းကိုလိုက်သော ပြဇာတ်များ အောက်မြန်မာနိုင်ငံတွင် ပေါ်ပေါက်သည်။ ပုံနှိပ်စက်ပေါ်ပေါက်လာပြီဖြစ်၍ ပြဇာတ်များကို ပုံနှိပ်ထုတ်ဝေခြင်းဖြင့် ပြဇာတ်၏သြဇာသည် ပိုမိုပျံ့နှံ့လာသည်။ အစောဆုံး ပြဇာတ်အဖြစ် မှတ်တမ်းတင်ရသော ပြဇာတ်မှာ ဦးခို၏ မဟာဇနက္ကပြဇာတ်(၁၈၇၈၊ ဇာတ်စဉ် ၅၃၉) ဖြစ်သည်။ ဆတိုင်မှုတ်ဦးကူး၏ ဝေဿန္တရာပြဇာတ် (၁၈၇၈၊ ဇာတ်စဉ် ၅၄၇)၊ ဆရာချို၏ သမ္ဗုလပြဇာတ်(၁၈၈၃၊ ဇာတ်စဉ် ၅၁၉) မောင်ဘိုးမြ၏ မဟော်သဓာနှင့် အမရာ ပြဇာတ် (၁၉၀၂၊ ဇာတ်စဉ် ၅၄၂) မောင်ဘိုးသင်၏ ပဋ္ဌပါပီပြဇာတ်(၁၉၀၉၊ ဇာတ်စဉ်

mgyoe.com

mgyoe.com

၅၃၆) တို့သည် ဇာတကအခြေခံသော ပြဇာတ်သာဓကအချို့ ဖြစ်သည်။ ထိုပြဇာတ်များတွင် သီချင်းများထည့်သွင်းခြင်း၊ လူရွှင်တော်၏ အခန်းကဏ္ဍ အရေးပါလာခြင်း၊ ပြဇာတ်ရေးသောခေတ်၏ လူမှုဘဝ ထင်ဟပ်ခြင်းတို့ကို ထင်ရှားသော လက္ခဏာများအဖြစ် တွေ့ရသည်။

ရကန်ပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့သော ဇာတကဝတ္ထုများလည်းရှိသည်။ ဦးရွှေနီ၏ ပဥ္စပါပီရကန် (ဇာတ်စဉ် ၅၃၆)၊ ကင်းဝန်မင်းကြီး၏ နေမိရကန်(ဇာတ်စဉ် ၅၄၁)တို့ ထင်ရှားသည်။

မန်လည်ဆရာတော်သည် သျှိုးလိုက်ရတုအများအပြား ရေးဖွဲ့ခဲ့ရာ ဇာတကကို အခြေခံသော သျှိုးလိုက်ရတုများလည်း ပါဝင်သည်။ အဿဒိသရတု (ဇာတ်စဉ် ၁၈၁)၊ ဝိဓုရရတု (ဇာတ်စဉ် ၅၄၆)၊ ပဒုမရတု (ဇာတ်စဉ် ၁၉၃)၊ အယောဃရ ရတု (ဇာတ်စဉ် ၅၁၀)၊ သမ္ဗုလရတု (ဇာတ်စဉ် ၅၁၉)၊ စန္ဒကိန္နရီရတု (ဇာတ်စဉ် ၄၈၅)၊ မဟာသုတသောမရတု (ဇာတ်စဉ် ၅၃၇) စသည်တို့ဖြစ်သည်။ ရွှင်မြူးသွက်လက်စွာ ရေးဖွဲ့ပြီး မူရင်းဇာတ်များတွင် မပါဝင်သော အပြော၊ အလွမ်းများ အသေးစိတ်ပါဝင်သည်။ အမည်မသိစာဆိုများရေးဖွဲ့သော မဟော်သဓာနှင့် ဝေဿန္တရာ သျှိုးလိုက်ရတုများကို ရွှေဘိုခရိုင်ရှိ ကျေးရွာများတွင် ရွတ်ဆိုလေ့ရှိကြောင်း သိရသည်။

ဖော်ပြပါ စာပေပုံသဏ္ဌာန်များအပြင် သာချင်း၊ ဟောစာ၊ သံပေါက်၊ ရှစ်လုံးဘွဲ့၊ ခေတ်ကဗျာ၊ ခေတ်သီချင်းပုံသဏ္ဌာန်များဖြင့်လည်း ဇာတကများကို ရေးဖွဲ့ကြသည်။ သာဓကအားဖြင့် ဆင်ဖြူကျွန်းဆရာသင်သည် ဇာတကအခြေခံသော ဟောစာအများအပြား ရေးဖွဲ့ခဲ့ရာ ခေတ်သရုပ်ထင်ဟပ်၍ များစွာပါဝင်သည်ကို တွေ့ရသည်။

ဇာတကကို အခြေခံသော ကဗျာများတွင် သံပေါက်ကဗျာသည် အတိုဆုံးကဗျာပုံသဏ္ဌာန်ဖြစ်သည်။ စိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံ သံပေါက်တွင် ဗက ဇာတ် (ဇာတ်စဉ် ၃၈)ကို 'ပုဇွန်ကြံတတ်၊ ဗျိုင်းလည်ပြတ်၊ ရွှေကတ်ကြေးအသွင်' ဟူ၍ သံပေါက်ကဗျာပုံသဏ္ဌာန်ဖြင့် အတိုဆုံးရေးဖွဲ့ထားသည်ကို သာဓကအဖြစ် တွေ့နိုင်သည်။

ဤသို့ဖြင့် ဇာတကဝတ္ထုများကို ရှည်လျားသော ပျို့ကဗျာ ပုံသဏ္ဌာန်မျိုးမှသည် အတိုဆုံးသံပေါက် ပုံသဏ္ဌာန်မျိုးအထိ စာပေပုံသဏ္ဌာန်အမျိုးမျိုး ရေးဖွဲ့ခြင်းဖြင့် ပျံ့နှံ့စေသည့်နည်းတူ စာပေအရေးအဖွဲ့တစ်ခုထဲတွင် ဇာတကများကို သာဓကအဖြစ် ထည့်သွင်းခြင်းဖြင့်လည်း ပျံ့နှံ့စေသည်။ သာဓကအဖြစ် ထည့်သွင်းရာတွင် ဇာတကဝတ္ထု

mgyoe.com

mgyoe.com

တစ်ပုဒ်ချင်းသော်လည်းကောင်း အာဘော်တူရာ ဇာတကဝတ္ထုများ စုစည်း၍ သော်လည်းကောင်း ထည့်သွင်းလေ့ရှိသည်။ ရှေ့တွင်ပြခဲ့သော မဃကိုဏ္ဍလ ဝတ္ထုသည် ထင်ရှားသော သာဓကတစ်ခုဖြစ်သည်။ 'သစ္စာနှင့်ပတ်သက်၍ ကဋ္ဌဝါဟန ဇာတ် (ဇာတ်စဉ် ၇)၊ဝဋ္ဋကဇာတ် (ဇာတ်စဉ် ၃၅)၊ မစ္ဆရာဇဇာတ် (ဇာတ်စဉ် ၇၅)၊ ကဏှဒီပါယနဇာတ် (ဇာတ်စဉ် ၄၄၄)၊ သုပ္ပာရကဇာတ် (ဇာတ်စဉ် ၄၆၃)၊ သိဝိရာဇ ဇာတ် (ဇာတ်စဉ် ၄၉၉)၊ သုဝဏ္ဏသာမဇာတ် (ဇာတ်စဉ် ၅၄၀)၊ သမ္ဗုလဇာတ် (ဇာတ်စဉ် ၅၁၉)၊ မောရဇာတ် (ဇာတ်စဉ် ၁၅၉) တို့ကို အာဘော်တူရာ သာဓကများအဖြစ် စုစည်းထည့်သွင်းထားသည်ကို တွေ့ရသည်။ အလားတူပင် ဇာတကများကို အာဘော် တူရာ စုစည်းပြသည်အတွက် မဃကိုဏ္ဍလဝတ္ထုတွင် ဇာတက ၅၄၇ ဇာတ် အားလုံး နီးပါးပင် ကွန်ရက်သဖွယ် ဖွဲ့ယှက်နေသည်ကို တွေ့ရသည်။

မုံရွေးဆရာတော်၏ ရာဇောဝါဒမေတ္တာစာ (၁၈၃၂) တွင်လည်း အလားတူ စုစည်းမှုများတွေ့ရသည်။ သူတော်ကောင်းနှင့် ပေါင်းဖက်ခြင်း၏ အကျိုးကိုပြရာတွင် ဇာတကဝတ္ထု (၃၀) ကျော်ကိုးကား၍ သာဓကပြထားသည်ကို တွေ့ရသည်။ လျှောက် ထုံးများတွင်လည်း ဇာတကများကို သာဓကများအဖြစ် တွေ့ရသည်။

ဦးကြော့သည် စုံနံ့သာမြိုင်ရှာပုံတော်ကို ရေးဖွဲ့ရာတွင် ဇာတကများထဲမှ ထင်ရှား သော နေရာဌာနများကို လှပစွာထည့်သွင်းရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ဝဋ္ဋဇာတက (ဇာတ်စဉ် ၃၅)လာ ဘုရားလောင်းငုံးမင်း သစ္စာဆို၍ တောမီးကွင်းသော နေရာဌာန၊ စန္ဒကိန္နရီဇာတက (ဇာတ်စဉ် ၄၈၅) လာ ကိန္နရာမြားမှန်သောနေရာ၊ သုဝဏ္ဏသာမဇာတ် (ဇာတ်စဉ် ၅၄၀)လာ သုဝဏ္ဏသာမ ရေခပ်စဉ် မြားမှန်၍ သေအံ့မူးမူးတွင် မိဘနှစ်ပါး သစ္စာပြုသောကြောင့် အသက်ပြန်ရှင်ရာ မြစ်ကမ်းနား၊ ဝေဿန္တရာဇာတ် (ဇာတ်စဉ် ၅၄၇) လာ ဝေဿန္တရာမင်းက သားနှင့်သမီးကို ပုဏ္ဏားအား လှူဒါန်းလိုက်သည့် အတွက် မဒ္ဒီမိဖုရား ဝမ်းနည်းပူဆွေးရသော ဝင်္ကပါတောင် စသည့်နေရာများကို ရှာပုံ တော်တွင် မင်းသမီးခင်ပွန်းပျောက်၍ လိုက်ရှာသည့်နေရာများအဖြစ် ရေးဖွဲ့ထားသည်။ ဆတိုင်မှူးတ်ဦးကူးကလည်း ဇာတ်တော်ကြီးဆယ်ဘွဲ့လာ ထင်ရှားသောနေရာများကို ရှာပုံတော်ရေးဖွဲ့သည်။

ဤသို့ ဇာတကများကို သာဓကအဖြစ် ထည့်သွင်းရာတွင် အတိုဆုံးပုံသဏ္ဌာန် အဖြစ် ဦးပုညက ဒွေးချိုးတစ်ပုဒ်တွင် စကားလုံးလေးလုံးဖြင့် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ "ထုံးမတိမ် ငုံးအိမ်ကျူလနှင့် တူမျှစံနိုင်း" ဟုဖွဲ့ရာတွင် "ငုံးအိမ်ကျူလ"

mgyoe.com

mgyoe.com

ဟူသော စကားလုံးလေးလုံးသည် ဇာတ်ကောင်တစ်ခုစီကို ရည်ညွှန်းနေသည်။ "ငုံး" သည် ဝဋ္ဋဇာတ်မှ ဘုရားလောင်းငုံးမင်း သစ္စာပြု၍ မီးကွင်းသောနေရာ၊ "အိမ်" သည် မိလိန္ဒပဥှာမှ ကဿပဘုရားလက်ထက် ဃဋီကာရလက်သမား၏ မိုးရေမစွတ်ဘဲ တည်သောအိမ်၊ "ကျူ" သည် နလပါနဇာတ် (ဇာတ်စဉ် ၂၀) မှ ဘုရားလောင်းငုံးမင်း၏ သစ္စာတန်ခိုးကြောင့် ကျူပင်အဆစ်များပြုတ်ပြီး ဘီလူးစောင့်သောရေအိုင်မှ ရေကိုစုပ်သောက်၍ ရသောကျူတော၊ "လ" သည် သသပဏ္ဍိတဇာတ် (ဇာတ်စဉ် ၃၁၆) မှ ဘုရားလောင်းယုန်မင်း၏ အသက်စွန့်လွှတ်မှုကို သိကြားမင်းက ဂုဏ်ပြုသောအားဖြင့် လဝန်းတွင် ရေးသောယုန်ရုပ်တို့ကို ရည်ညွှန်းသော စကားလုံးများဖြစ်သည်။ ကမ္ဘာ တည်သရွေ့ တည်ရှိမည့် ကပ္ပဋ္ဌိတိလေးပါးဟု ထင်ရှားသည်။ စကားလုံးလေးလုံးတွင် "အိမ်" မှတစ်ပါး ကျန်စကားလုံး သုံးလုံးသည် ဇာတကဝတ္ထုတစ်ခုစီကို ရည်ညွှန်းလျက်ရှိကြောင်း တွေ့ရသည်။ ဤသို့ဖြင့် စာပေအရေးအဖွဲ့များတွင် ဇာတကများကို အကိုးသာဓကများအဖြစ် ထည့်သွင်းရာ၌ အတိုဆုံးပမာဏအဖြစ် ဇာတကတစ်ခုကို စကားလုံးတစ်လုံးတည်းနှင့် ရည်ညွှန်းရေးဖွဲ့နိုင်သည်အထိ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပျံ့နှံ့ကြောင်း တွေ့ရသည်။

(၃) ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် ဇာတကများ မြန်မာစာပေယဉ်ကျေးမှု အမွေအနှစ်အဖြစ် အရေးပါပုံ

မြန်မာတို့က ဇာတ်တော်ကြီးဆယ်ဘွဲ့အမည်များကို 'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ' ဟု အတိုကောက် မှတ်သားထားကြပုံကို ကြည့်လျှင် မြန်မာတို့သည် ဇာတ်တော်ကြီးဆယ်ဘွဲ့နှင့် မည်မျှအကျွမ်းတဝင်ရှိကြောင်း သိနိုင်သည်။ ဂေါတမဘုရားရှင်၏ အတိတ်ဘဝများက ဖြည့်ကျင့်တော်မူခဲ့သော ပါရမီများကို ဤဇာတ်တော်များက အကောင်းဆုံး သာဓကများအဖြစ် ဖော်ညွှန်းလျက်ရှိသည်။ ဝေဿန္တရာဇာတ်သည် ဒါနပါရမီကိုလည်းကောင်း၊ သုဝဏ္ဏသာမဇာတ်သည် မေတ္တာပါရမီကိုလည်းကောင်း၊ မဟောသဓာဇာတ်သည် ပညာပါရမီကိုလည်းကောင်း၊ မဟာဇနကဇာတ်သည် ဝီရိယပါရမီကိုလည်းကောင်း၊ တေမိယဇာတ်သည် အဓိဋ္ဌာန်ပါရမီကိုလည်းကောင်း၊ နေမိဇာတ်နှင့် စန္ဒကုမာရဇာတ်တို့သည်လည်း ဒါနပါရမီကို လည်းကောင်း၊ ဘူရိဒတ်ဇာတ်သည် သီလပါရမီကိုလည်းကောင်း၊ နာရဒနှင့် ဝိဓုရဇာတ်တို့သည်လည်း ပညာပါရမီကိုလည်းကောင်း အသီးသီး အလေးအနက် ဖော်ညွှန်းလျက်

mgyoe.com

mgyoe.com

ရှိသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် ဝေဿန္တရာ၊ သုဝဏ္ဏသာမ၊ မဟော်သဓာ၊ မဟာဇနကဇာတ်တို့သည် လူကြိုက်အများဆုံး ဇာတ်တော်များဖြစ်သည်ဟု မှတ်ယူနိုင်သည်။ စိတ်ဝင်စားဖွယ် ဇာတ်လမ်းဇာတ်ကွက်များ အသက်ဝင်လှုပ်ရှားနေသော ဇာတ်ဆောင်များ၊ ပေါ်လွင်ထင်ရှားသော သရုပ်ဖော်ကွက်များ ပါဝင်သည့်အပြင် အဆင့်အတန်းမြင့်မားသော ဂုဏ်ရည်များအဖြစ် မြန်မာတို့ အစဉ်အဆက် လက်ခံခဲ့ကြသော သဒ္ဓါတရားထက်သန်မှု၊ အကျင့်သီလကောင်းမွန်မှု၊ မေတ္တာတရားကြီးမားမှု၊ ပညာကြီးမားမှု၊ သနားကြင်နာမှု၊ ကြိုးပမ်းအားထုတ်မှု၊ ဖွဲ့ရှိမှု၊ သတ္တိရှိမှု၊ အနစ်နာခံမှု၊ သည်းခံမှုစသည့် အရည်အသွေးများကို အလေးအနက် ဖော်ညွှန်းသော ဇာတ်ဝတ္ထုများဖြစ်သည့်အတွက် အများနှစ်သက်ကြခြင်း ဖြစ်သည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့ ဝတ္ထုများတွင် စိတ်ဓာတ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ တန်ဖိုးများသာမက စာပေတန်ဖိုး၊ ရသတန်ဖိုးများလည်း အပြည့်အဝပါရှိနေသည်။ ထို့ကြောင့်လည်း မြန်မာစာဆိုတို့သည် ဇာတ်တော်ကြီးဆယ်ဘွဲ့ ဝတ္ထုများကို စာပေပုံသဏ္ဍာန် အမျိုးမျိုးဖြင့် ရေးဖွဲ့ရန် စိတ်အားထက်သန်ကြသည့်အလျောက် မြန်မာစာပေနယ်ပယ်တွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ စာပေပုံသဏ္ဍာန်အမျိုးမျိုး ပေါ်ထွက်လာရသည်။ သာဓကအားဖြင့် ဆိုရလျှင် ဝေဿန္တရာဇာတ်ကို ၁၂ ရာစုတွင် ပုဂံလောကထိပ်ပန်ဂူဘုရား အတွင်းနံရံရှိ ပုံအညွှန်း မင်စာစကားပြေအဖြစ် လည်းကောင်း၊ ၁၆ ရာစုတွင် တောင်ဖီလာဆရာတော်၊ ၁၈ ရာစုတွင် ဦးနိုး၊ ၁၉ ရာစုတွင် တွင်းသင်းမင်းကြီးတို့က ပျို့များအဖြစ်လည်းကောင်း၊ ၁၈ ရာစုတွင် ဦးဩဘာသက စကားပြေဝတ္ထုအဖြစ်လည်းကောင်း၊ ၁၉ ရာစုတွင် ဦးကြင်ဥ၊ ဦးပုညနှင့် မောင်ဘိုးတိုင်းတို့က ပြဇာတ်များအဖြစ် လည်းကောင်း၊ ၂၀ ရာစုတွင် မောင်နု၊ ပုဇွန်တောင် ဆရာခ၊ ဆတိုင်မှတ်ဦးကူးနှင့် ဦးမောင်သိန်းတို့က ပြဇာတ်များအဖြစ်လည်းကောင်း၊ ပုဇွန်တောင်ဆရာခ၊ မော်လမြိုင်ဆရာရောနှင့် ဓားပိန်ယိမ်းဆရာ ဦးမောင်ကြီးတို့က ဟောစာများအဖြစ်လည်းကောင်း ရေးဖွဲ့ပုံဖော်ခဲ့ကြသည်ကို တွေ့ရသည်။ ကျန်ဇာတ်တော်ကြီးများကိုလည်း ထိုနည်းတူပင် စာပေပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ပုံဖော်ခဲ့ကြသည်။

ဇာတ်တော်ကြီးဆယ်ဘွဲ့သည် အထူးလူကြိုက်များသည့်အလျောက် မြန်မာတို့သည် ဇာတ်တော်ကြီးများထဲမှ လူအမည်များကို နေ့စဉ်သုံးစကားများအဖြစ် တွင်ကျယ်စွာ တင်စားအသုံးပြုလျက်ရှိသည်။ "ဝေဿန္တရာ" ဟူသော အမည်ကို "အလှူ

mgyoe.com

mgyoe.com

အတန်းရက်ရောသူ" ဟူသော အဓိပ္ပာယ်ဖြင့်လည်းကောင်း၊ "တေမိ" ဟူသော အမည်ကို "စကားနည်းသူ" ဟူသော အဓိပ္ပာယ်ဖြင့်လည်းကောင်း တင်စားသုံးကြသည်။ အချို့အမည်များကို ဥပမာအဖြစ် ခိုင်းနှိုင်းအသုံးပြုကြသည်လည်း ရှိသည်။ "မဟော်သဓာ" ကဲ့သို့ ပညာကြီးမားသည်၊ "ဇနက" ကဲ့သို့ ဝီရိယရှိသည်၊ "ဇူဇကာ" ကဲ့သို့ လောဘကြီးသည်၊ အမရာ (ဇာတ်စဉ် ၅၄၂)၊ ကိန္နရီ (ဇာတ်စဉ် ၄၈၅)၊ မဒ္ဒီ (ဇာတ်စဉ် ၅၄၇)၊ သမ္ဗုလ (ဇာတ်စဉ် ၅၁၉) တို့ကဲ့သို့ လင်သားအပေါ်တွင် သစ္စာကြီးမားသည် စသည်ဖြင့် ခိုင်းနှိုင်းကြသည်။ (အမရာနှင့် မဒ္ဒီသည် ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် မဟော်သဓာနှင့် ဝေဿန္တရာဇာတ်တို့မှ ဖြစ်သည်။)

ဇာတ်တော်ကြီးဆယ်ဘွဲ့မှ အချို့ဇာတ်ကွက်များမှာ စကားပုံများအဖြစ် အသားကျ အနည်ထိုင်နေပြီဖြစ်သည်။ ဘူရိဒတ်ဇာတ်မှ ဖြစ်ရပ်တစ်ခုကို "ရှော့ပတ္တမြား ရှော့နဂါး" ဟူ၍လည်းကောင်း၊ မဟောသဓာဇာတ်မှ ဖြစ်ရပ်တစ်ခုကို "အမာရွတ်မြင်လေ မဟော်ကိုသတိရလေ" ဟူ၍လည်းကောင်း စကားပုံဆိုထုံး ပြုခဲ့ကြသည်မှာ အထင်အရှားပင်ဖြစ်သည်။

ဇာတ်တော်လာဖြစ်ရပ်ကို အမြင်သစ်ဖြင့် ရှုမြင်ရေးဖွဲ့သော ဆရာဇော်ဂျီ၏ "ဝိဓုရဒုက္ခ" ကဗျာသည် ဝိဓုရဇာတ် (ဇာတ်စဉ် ၅၄၆)ကို အခြေခံသော်လည်း မူလဇာတ်၏အာဘော်ကို မယူဘဲ အမြင်သစ်ဖြင့် ရေးဖွဲ့သည်။ မူလဇာတ်တွင် ဝိဓုရသုခမိန်၏ ပညာဉာဏ်ကို ပဓာနပြု၍ ရေးသားသော်လည်း "ဝိဓုရဒုက္ခ" တွင်မူ ဆိုဝိုးဝါး၊ သိဝိုးဝါး၊ ထင်ဝိုးဝါးတို့၏ အပြစ်ကို ပဓာနပြု၍ ရေးဖွဲ့သည်။ ဝရုဏနဂါးမင်းကြီး၏ မိဖုရားဝိမလာဒေဝီက ဝိဓုရ၏တရားနာလိုသည်ကို ဝိဓုရ၏နှလုံးသားကို လိုချင်သည်ဟု ဆိုဝိုးဝါးဖြင့် ဆိုလိုက်သည်။ ထိုစကားကို ကြားသူတို့က သိဝိုးဝါး၊ ထင်ဝိုးဝါးဖြင့် အဓိပ္ပာယ်ကောက်ပြီး နဂါးမင်းသမီးဣရန္ဒတီက ဝိဓုရနှလုံးသား ယူပေးနိုင်သူကို လက်ထပ်မည်ဆိုသဖြင့် ပုဏ္ဏကဘီလူးက ဝိဓုရ၏ နှလုံးသားကိုယူရန် ဝိဓုရအား အမျိုးမျိုးနှိပ်စက်ညှဉ်းဆဲသည့်အတွက် ဝိဓုရသုခမိန် ဒုက္ခရောက်ရပုံကို ပဓာနပြု၍ ရေးဖွဲ့ထားခြင်းဖြစ်သည်။ "သိပြီချက်ချင်း သိမရှင်း" ဟူသော စကားဖြင့် ထိုသဘောကို လေးနက်ထင်ရှားစေသည်။

မြန်မာစာပေပုံသဏ္ဌာန်အသီးသီးတွင် ဇာတကများသည် နက်ရှိုင်းစွာ အခြေအမြစ်စွဲနေပြီး ကျယ်ပြန့်စွာ နေရာယူထားသည့်အတွက် ဇာတကအရိပ်အငွေ့ကင်းသော စာပေမျိုးရှားပါသည်။ ဇာတကဟူသော ပါဠိစကားမှ ဆင်းသက်သည့် "ဇာတ်"

mgyoe.com

mgyoe.com

ဟူသော စကားသည် အလွန်အသုံးတွင်ကျယ်သည်။ "ဇာတ်ခုံ၊ ဇာတ်လမ်း၊ ဇာတ်ကောင်၊ ဇာတ်ညွှန်း၊ ဇာတ်ပွဲ၊ ဇာတ်မင်းသမီး၊ ဇာတ်မင်းသား၊ ဇာတ်ရုံ၊ ဇာတ်လိုက်၊ ဇာတ်သဘင်၊ ဇာတ်ကား၊ ဇာတ်ကြောင်းပြန်၊ အလွမ်းဇာတ်၊ အသောဇာတ်" စသည်ဖြင့် ဇာတ်ကို အခြေခံ၍ ပွားလာသောစကားများသည် မြန်မာစာပေကိုသာမက မြန်မာ့သဘင်ကိုပါ ဩဇာသက်ရောက်သော ဇာတက၏အခန်းကဏ္ဍကို ဖော်ပြလျက်ရှိသည်။ စာပေတွင်သာမက ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ အနုပညာများတွင်လည်း ဇာတကသည် အရေးပါသည်။

မြန်မာဇာတကစာပေလမ်းကြောင်းတွင် စာဆိုတို့သည် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ကို မြန်မာ့အသွင်ဖန်တီးထားသည့်အတွက် အရင်းအမြစ်ဖြစ်သော အိန္ဒိယသားတို့၏ အသွင်ပျောက်သွားပြီး မြန်မာများအဖြစ် အသက်ဝင်လာသည်။ မြန်မာတို့သည် ဇာတကဇာတ်ဆောင်များနှင့် ရင်းနှီးကျွမ်းဝင်သည့်အတွက် ဇာတကဇာတ်ဆောင်များကို မြန်မာများဟူ၍ပင် အများယူဆကြသည်။

ရှင်မဟာရဋ္ဌသာရသည် ကိုးခန်းပျို့တွင် "ငါးရာ့ငါးဆယ်ဇာတ်ပင်လယ်" ဟူသော စကားဖြင့် ဇာတကများ၏ ကျယ်ဝန်းနက်ရှိုင်းပုံကို ဖော်ညွှန်းသည်။ ဤဇာတ်ပင်လယ်ကြီးသည် ခေတ်အဆက်ဆက်ပို၍ ပို၍ကျယ်ဝန်းနက်ရှိုင်းလာသည်နှင့်အမျှ မြန်မာစာပေတွင် ပို၍ပို၍အရေးပါသော နေရာကိုရယူလျက်ရှိနေပေသည်။

— ❁ —

mgyoe.com

mgyoe.com

စာဟောင်းပေဟောင်းနှင့် စာသစ်ပေသစ်

ကျောက်စာပေစာ၊ ပုရပိုက်စာမှ
သူ့စာဆယ်ကြောင်း၊ ကိုယ့်တစ်ကြောင်းတွင်
ဇာတ်ကြောင်းတစ်လှည့်၊ "... ဟုဆို၏" နှင့်
ဆုံးဘိလေရာ၊ သင့်ရွှေစာကို
စာသင်ကျောင်းတွင် ထားခဲ့ပါ။
ထလော့အဆွေ၊ ပေချပ်ကိုချ
အဟောင်းမှထွက်၊ သင့်လက်ကိုဆေး
အသစ်ရေးလော့၊ အရေးအသစ်
အတွေးသစ်ကို၊ ခေတ်သစ်ကလျှင် ကြိုနေပြီ။

၁၉၆၄ ခုနှစ်လောက်က ငွေတာရီမဂ္ဂဇင်းမှာ မောင်စွမ်းရည်ရေးခဲ့သော 'အဟောင်းမှထွက်ခဲ့လော့' ကဗျာမှ အပိုဒ်(၂)ပိုဒ်ဖြစ်ပါသည်။ 'ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာ' များ တစ်နည်းအားဖြင့် ရှေးခေတ်မြန်မာဂန္ထဝင်စာပေများကို လေ့လာပြီး ထိုစာပေများအကြောင်း ရေးသားနေသော မြန်မာစာသမားသူငယ်ချင်းကို ကဗျာဆရာက "သူများစာတွေ ဆယ်ကြောင်းလောက်ကူးပြီး ကိုယ့်စာတစ်ကြောင်းရေးပြီး မူပိုင်လိုအဆုံးသတ်တဲ့ စာမျိုးတွေမရေးပါနဲ့တော့။ စာသင်ကျောင်းမှာ ထားရစ်ခဲ့ပါ။ အဟောင်းထဲကထွက်ခဲ့ပါ။ ပေချပ်ကိုချလိုက်ပြီး လက်ဆေးပြီးတော့ စာသစ်တွေရေးပါ သူငယ်ချင်း" ဟု သရော်သံဖြင့် ရေးထားခြင်းဖြစ်သည်။

mgyoe.com

mgyoe.com

ဤကဗျာကိုသတိရမိသောအကြောင်းမှာ စာသစ်ပေသစ် ဖန်တီးနိုင်ရန် စာဟောင်းပေဟောင်းဟု ဆိုအပ်သော ရှေးအစဉ်အဆက် ပေါ်ပေါက်ခဲ့သော စာပေများကို အပတ်တကုတ် လေ့လာဆည်းပူးခဲ့သော စာဆိုများ၏ အစဉ်အလာနှင့် ဆက်စပ်၍ အတွေးဆန့်မိသောကြောင့်ဖြစ်သည်။

အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရသည် ဘူရိဒတ်ဇာတ်ပေါင်းပျို့ အချီးပိုဒ်တွင် မိမိငယ်စဉ်က မည်သို့ စာပေဆည်းပူးခဲ့ရကြောင်း ဤသို့ရေးဖွဲ့ထားပါသည်။

"တစ်ဆယ်ကျူးမြောက်၊ သူသိလောက်က
ဆယ့်ခြောက်နှစ်အောင်၊ သူတော်ဘောင်၌
ဆယ်စောင်ဇာတ်မျိုး၊ ပါဠ်ရိုးကထာ၊
ငါးရာဇော်ဒုက်၊ ကောင်းဟုတ်ဗေဒင်၊
သဒ်ကရိုင်၊ အလိုက်အဖက်၊
လေ့ကျက်ဖွယ်ဖွယ်၊ သရဖ္ဈာယ်မှ
နည်းကျက်သဒ္ဒါ၊ ကစ္စည်းမှာလည်း၊
နှုတ်ပါရွရွ၊ ဇာရဏဖြင့်...."

စာဆိုသည် အသက် ၁၀ နှစ်မှ ၁၆ နှစ်အရွယ်အထိ သာမဏေဘဝဖြင့် စာပေများသင်ယူဆည်းပူးခဲ့သည်။ သင်ယူသောစာများမှာ ဇာတ်ကြီး ၁၀ ဘွဲ့အပါအဝင်၊ ငါးရာ့ငါးဆယ်၊ ကထာပါဠ်၊ ဗေဒင်ကျမ်း၊ သဒ်ကရိုက်(သက္ကတကျမ်း)၊ ကစ္စည်းသဒ္ဒါကျမ်းတို့ဖြစ်ကြောင်း စာဆို၏မိန့်ဆိုချက်အရသိရသည်။ ထိုစာပေများသည် စာဆိုလေ့လာသင်ယူရသော ဂန္ထဝင်စာပေများဖြစ်သည်။ သို့သော် စာဆိုသည် သင်ယူထားသော စာပေများကို ထိုအတိုင်းပြန်ရေးသည်မဟုတ်။ အထူးသဖြင့် ငါးရာ့ငါးဆယ်ဇာတ်၊ ပါဠိအဋ္ဌကထာများကို မြန်မာပျို့များအဖြစ် ချဲ့ထွင်မွမ်းမံကာ စာသစ်ပေသစ်အဖြစ် ရေးဖွဲ့ခြင်းဖြစ်သည်။ အစဉ်အလာကို အခြေခံသော အသစ်တီထွင်မှုဖြစ်သည်။ တီထွင်မှု၏ရလဒ်အဖြစ် ပျို့ဟူသော စာကောင်းပေမွန်များ ပေါ်ထွန်းလာသည်။

ညောင်ရမ်းခေတ်စာဆိုဝန်ကြီးပဒေသရာဇာကို ကြည့်ပါဦး။ စာပေနှံ့စပ်သော ဝန်ကြီးကို ဟံသာဝတီရောက်မင်းက "ဆရာ" ဟု အမြတ်တနိုးခေါ်ပြီး ချစ်ခင်လေးစားစွာ ဆက်ဆံသည်။ ဂန္ထဝင်စာပေများကို နှံ့စပ်ကျွမ်းကျင်သော ဝန်ကြီးသည် စာပေရေးသားသောအခါ စာသစ်ပေသစ်များကို ရေးဖွဲ့သည်။ ပထမပေါ်ပေါက်လာသည့် မြန်မာ

mgyoe.com

mgyoe.com

ပြဇာတ်ဖြစ်သော 'မဏိကက်ဇာတ်' ပြဇာတ်ကို တီထွင်ရေးဖွဲ့သည်။ 'တံတျာတေရှင်' ဟု ပုစဉ်းတောင်သံကြိုးအစရှိသည့် ဂီတသီချင်းများရေးဖွဲ့သည်။ ယခင်စာဆိုများ ရေးဖွဲ့လေ့မရှိသော ဇင်းမယ်ပဏ္ဏာသ ဇာတ်တော်များကို ပျို့အဖြစ်ဖန်တီးသည်။ ယခင်က စာဆိုများ စာမဖွဲ့ခဲ့ကြသော ထန်းတက်သမား၊ လယ်သမား၊ ပိန်းကောလှေ သမား၊ ဆင်ဖမ်းသမား စသည့် ဆင်းရဲသားပြည်သူများ၏ ဘဝကို 'တျာချင်း' များဖြင့် သရုပ်ဖော်ရေးဖွဲ့သည်။ ဆရာဇော်ဂျီက 'ရှေးကမြန်မာစာပေသစ်' ဟုပင် အမည်ပေး ရသော စာသစ်ပေသစ်များဖြစ်သည်။

ကိုလိုနီခေတ်ဦးတွင် ကာလပေါ်ဝတ္ထုဟုခေါ်သော ခေတ်သစ်ဝတ္ထုပေါ်ပေါက် လာပုံကို ကြည့်လျှင်လည်း မြန်မာစာပေတွင် အင်းဝခေတ်ကစ၍ အစဉ်အဆက်ပေါ် ထွန်းခဲ့သော ဗုဒ္ဓစာပေ ဂန္ထဝင်ဝတ္ထုကိုယ်ခံနှင့် အနောက်တိုင်းစာပေမှ အသစ်ရသော နော်ဗယ်ဝတ္ထုတို့အထိ တွေ့လာမှ ကာလပေါ်ဝတ္ထုဟူ၍ စာသစ်ပေသစ် စတင်ပေါ် ပေါက်လာခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

ဝတ္ထုရေးဆရာဂျိမ်းစ်လှကျော် မြန်မာဂန္ထဝင် အလေ့အလာမရှိဘဲ အနောက်တိုင်း ဝတ္ထုကို တစ်ခါက တစ်ပိုင်းမှီငြမ်းပြုရုံမျှဖြင့် 'မောင်ရင်မောင်မမယ်မ' ကဲ့သို့ မြန်မာ အလွန်ဆန်သော မြန်မာအငွေ့အသက်ပါသော ခေတ်သစ်ဝတ္ထုတစ်ပုဒ် ပေါ်ပေါက် လာစရာ အကြောင်းမရှိပါ။ ဂျိမ်းစ်လှကျော်၏ မြန်မာစာအရေးအသားကို ကြည့်ရုံဖြင့် မြန်မာ့ဂန္ထဝင်အစဉ်အလာနှင့် မည်မျှအကျွမ်းအဝင်ရှိကြောင်း အကဲခတ်နိုင်ပါသည်။

ခေတ်သစ်စာပေ လှုပ်ရှားမှုကိုလည်း ကြည့်ပါဦးမည်။ ခေတ်စမ်းစာပေရေးဖွဲ့ ဖန်တီးသော တက္ကသိုလ်မြန်မာစာ ဆရာငယ်များနှင့် ကျောင်းသားများသည် ၁၉၂၀ ပထမ တက္ကသိုလ်သပိတ်ကပေးသော ဝံသာနုစိတ်ဓာတ် အခိုင်အမာရှိကြသည်။ မြန်မာ့ ဂန္ထဝင်စာပေများကို စနစ်တကျ လေ့လာဆည်းပူးခဲ့ကြသည်။ အနောက်တိုင်းစာပေ များနှင့်လည်း အကျွမ်းတဝင်ရှိကြသည်။ ထိုသို့သော ကိုယ်ခံများဖြင့် ခေတ်စမ်းစာပေ ကို ဖန်တီးခဲ့ကြခြင်းဖြစ်သည်။ ဂန္ထဝင်စာပေကိုယ်ခံဖြင့် စာသစ်ပေသစ်များ တီထွင် ကြခြင်းဖြစ်သည်။

အုံနှင့်ကျင်းနှင့်၊ အင်နှင့်အားနှင့် ပေါ်ပေါက်ခဲ့သော အသစ်တီထွင်ဖန်တီးမှု များကို သာဓကဆောင်ခြင်းဖြစ်သည်။ စာပေလောကတွင် လေးစားထိုက်သော စာရေး ဆရာကြီးများအဖြစ် အစဉ်အဆက် ထင်ရှားခဲ့သော ဆရာကြီးများ၏ ဘဝဖြစ်စဉ်များ ကိုကြည့်လျှင် ငယ်စဉ် ဂန္ထဝင်စာပေများကို အမြတ်တနိုး ဖတ်ရှုလေ့လာခဲ့သော

mgyoe.com

mgyoe.com

ကိုယ်ခံများ၏ အကျိုးရလဒ်အဖြစ် အသစ်အသစ်သော စာပေများကို တီထွင်ဖန်တီးခဲ့ကြသည်ချည်းပင် ဖြစ်ကြောင်း အထင်အရှား တွေ့နိုင်ပါသည်။ ကောက်ကာငင်ကာ ဖော်ပြရသော် ဆရာကြီးသခင်ကိုယ်တော်မှိုင်းမှစ၍ ဆရာကြီးများဖြစ်သော ပီမိုးနင်း၊ ရွှေဥဒေါင်း၊ ဇေယျ၊ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ မောင်ထင်၊ သိန်းဖေမြင့်၊ မြသန်းတင့်၊ မင်းယုဝေ၊ ငွေတာရီ၊ တင်မိုး စသည်စသည်ဖြင့် စာသစ်ပေသစ်များ ဖန်တီးခဲ့ကြသော စာရေးဆရာများသည် ငယ်စဉ်ကာလ ကတည်းက ဂန္ထဝင်စာပေကို နှစ်သက်မွေ့လျော်စွာ ဖတ်ရှုလေ့လာခဲ့သူများဖြစ်ကြောင်း ထိုပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများက သက်သေခံနေပါသည်။

အဟောင်းထက်ပိုကောင်းသော အသစ်ကို ဖန်တီးလိုလျှင် အဟောင်း၏ သွင်ပြင်လက္ခဏာများကို ကျေညက်အောင် လေ့လာပြီး ထိုကိုယ်ခံအင်အားဖြင့် ပိုကောင်းသော အသစ်များကို ဖန်တီးနိုင်မည်ဖြစ်သည်။ မောင်စွမ်းရည်၏ ကဗျာမှ စာသားကို ယူ၍ ပြောရမည်ဆိုလျှင် တိုက်တွန်းထားခြင်းဖြစ်သည်။ 'စာဟောင်းပေဟောင်းတွေ လေ့လာမနေပါနဲ့တော့၊ စာသစ်ပေသစ်တွေ ရေးစမ်းပါ" ဟု ဆိုလိုခြင်းဖြစ်ကြောင်း တွေ့နိုင်ပါသည်။

အစဉ်အလာနှင့် အသစ်တီထွင်မှု၊ အဟောင်းနှင့်အသစ် ပြဿနာသည် မြန်မာစာပေလောကတွင် ဆွေးနွေးခဲ့ကြသော ပြဿနာတစ်ခုဖြစ်သည်။ ဖော်ပြပါကဗျာမှာ ဆိုထားသကဲ့သို့ ရှေးခေတ် ဂန္ထဝင်စာပေများကို အလေးထားလေ့လာခြင်းမပြုဘဲ စာသစ်ပေသစ် တီထွင်ရေးသားဖူးသူသည်သာ အလေးထားလိုသော အယူအဆမျိုး ကိုင်စွဲထားသူများရှိပါသည်။ သို့သော် အောင်မြင်သော အသစ်တီထွင်မှုသည် အစဉ်လေ့လာမှုကို အခြေခံ၍ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သမိုင်းစဉ်တစ်လျှောက် မြန်မာစာပေ ဖွံ့ဖြိုးမှုများက သက်သေခံနေပါသည်။ သာဓကအချို့ကို ဖော်ပြပါမည်။

မြန်မာစာပေအရှိန်အဟုန်ဖြင့် စတင်ဖွံ့ဖြိုးသော အင်းဝခေတ်ဆီသည်သို့ နောက်ကြောင်းပြန်ကြည့်လျှင် ယခင်က မရှိခဲ့သော "ပျို့" ဟူသော စာသစ်ပေသစ်ကို စတင်ဖန်တီးသော ရှင်မဟာရဋ္ဌသာရကို အထင်အရှားတွေ့ရပါလိမ့်မည်။ ရှင်မဟာရဋ္ဌသာရသည် "ပျို့" ဟူသော လေးလုံးစပ်ကဗျာရှည်ကြီးများကို စာသစ်ပေသစ်အဖြစ် ရေးဖွဲ့သည့်အတွက် ပထမဆုံးပျို့ဖြစ်သော "ဘူရိဒတ်လင်္ကာကြီး" စတင်ပေါ်ပေါက်သည်။ ထိုအစဉ်အလာသည် ကုန်းဘောင်ခေတ်အထိ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးခဲ့သည်။ သို့ဆိုလျှင် "ပျို့" ဆိုသော စာသစ်ပေသစ်ကို တီထွင်သည့် စာဆိုရှင်မဟာရဋ္ဌသာရသည်

mgyoe.com

mgyoe.com

ထိုသို့တီထွင်နိုင်ရန် ကိုယ်ခံအဖြစ် မည်သို့သောစာပေများကို ကိုယ်ခံအဖြစ် သင်ယူဆည်းပူးခဲ့ပါသလဲ။ စာဆိုကိုယ်တိုင် ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် ဤသို့မိန့်ဆိုထားသည်။

"အရေးသစ်၊ အတွေးသစ်" ဖန်တီးနိုင်ရန်အတွက် "စာဟောင်းပေဟောင်း" ဖြစ်သော ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာများကို ကျေညက်အောင်လေ့လာပြီး "သူ့စာဆယ်ကြောင်း ကိုယ့်တစ်ကြောင်း" တွင်၊ ဇာတ်ကြောင်းတစ်လှည့်ဟုဆို၏ သူကိုးကားညွှန်းဆိုသော လေ့လာမှုက စတင်ရပါလိမ့်မည်။ အလျဉ်းသင့်စွာ တိုက်ဆိုင်သွားသော ဖြစ်ရပ်ကလေးတစ်ခုဖြင့် ဤဆောင်းပါးကို အဆုံးသတ်လိုပါသည်။ မောင်စွမ်းရည်၏ "အဟောင်းမှထွက်ခဲ့ လော့" ကဗျာပေါ်ထွက်ပြီးနှစ် ၃၀ လောက်အကြာတွင် တစ်နေ့မှာ ဤစာရေးသူ ကျွန်တော်သည် တက္ကသိုလ် ဗဟိုစာကြည့်တိုက်သို့ ရောက်သွားရာ အခန်းတစ်ခန်းတွင် မြင်ကွင်းတစ်ခုကို မြင်လိုက်ရသည့်အတွက် အံ့သြသွားပါသည်။ ထိုမြင်ကွင်းမှာ စာကြည့်တိုက် ဒီပလိုမာအတွက် ကျမ်းပြုသောမောင်စွမ်းရည် ကလောင်အမည်ရှင် ဦးဝင်းဖေသည် စားပွဲတစ်ခုတွင် ပေထုပ်တစ်ထုပ်ကိုဖြေပြီး ပေရွက်များကို ဖတ်ရင်း စိတ်ဝင်စားဖွယ်ကူးနေသော မြင်ကွင်းဖြစ်ပါသည်။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော သူ့ကဗျာတွင် "စာဟောင်းပေဟောင်း၊ အကူးကောင်း၍၊ ကျောင်းတော်ကြီးတွင် စာပေရှင်ဟု ကျော်ထင်လေသူငယ်ချင်း" ဟု အစချီထားသည်ကို မှတ်မိနေသော ကျွန်တော်က သူ့အနားကိုသွားပြီး "ဟာ... စာဟောင်းပေဟောင်း၊ အကူးကောင်းနေတဲ့ သူငယ်ချင်းကြီးပါလား" ဟု ကျီစယ်လိုက်ရာ သူက ကျွန်တော့်ကို မော့ကြည့်ပြီး "ဟာ... ခင်ဗျားကလည်းဗျာ" ဟုပြုံး၍ပြောလိုက်သည်ကို သတိရနေပါသည်။

ဒဂုံတက္ကသိုလ်နှစ်လည်မဂ္ဂဇင်း။

-- ✿ --

mgyoe.com

mgyoe.com

'ကဗျာ' ဆိုသော ငယ်သူငယ်ချင်း

ကဗျာသည် ကျွန်တော်၏ငယ်သူငယ်ချင်းဖြစ်ပါသည်။

ကျွန်တော် ငယ်ငယ်က ကဗျာနှင့်အတူ ပျော်ခဲ့သည်။ အရွယ်ရောက်လာတော့လည်း ကဗျာနှင့်တပူးတွဲတွဲနေသည်။ ခင်ခင်မင်မင်ရှိသည်။ အသက်ကလေးရလာတော့ ကဗျာနှင့်အနေဝေးသွားသောကြောင့်လား မသိ။ ခပ်စိမ်းစိမ်းဖြစ်သွားသည်။ အခင်မင်တော့ မပျက်ပါ။

စာပေအသိုင်းအဝိုင်းထဲက ကျွန်တော့်ဆရာတွေ၊ ရေးဖော်ရေးဖက်တွေ အကြောင်း ဖတ်ရတော့ သူတို့လည်း ငယ်ငယ်ကကဗျာနှင့် သူငယ်ချင်းဖြစ်ခဲ့သည့် အကြောင်းကို သိရသည်။ မြန်မာစာကထိကအဖြစ် ကျွန်တော့်ကို သင်ကြားပို့ချပေးခဲ့သော ဆရာဦးကျော်ရင် ငယ်စဉ်က ကဗျာနှင့်သူငယ်ချင်းဖြစ်ခဲ့ပုံကို 'ပထမကလောင်'၊ 'ဒုတိယကလောင်'၊ 'တတိယကလောင်' ဆိုသော ဆောင်းပါးများဖြင့် ဆရာက နောက်ကြောင်းပြန်ဖူးသည်။ ဆရာတို့ငယ်ငယ်က ခေတ်စားသော 'ကောဇာသစ်မဂ္ဂဇင်း' တို့၊ 'သက်စောင့်မဂ္ဂဇင်း'တို့ကို ဖတ်ရင်း သံပေါက်ကလေးတွေ၊ ဒွေးချိုးကလေးတွေ ရေးပို့ပုံကို ဆရာရေးပြတော့သည်။ ဖတ်ရသည်မှာ ပျော်စရာကောင်းသည်။ ဆရာ့ကလောင်နာမည်က 'ရွှေတွဲကျော်' ဆိုလား။

ဆရာမင်းသုဝဏ်ငယ်စဉ်က လက်စမ်းခဲ့သော ကဗျာကလေးတွေကို စုပြီး ဆရာ့သားနှင့်တူတို့က စာအုပ်ကလေးတစ်အုပ် ထုတ်ဖူးသည်။ 'မင်းသုဝဏ်မဖြစ်မီက ကဗျာများ' ဆိုပါတော့။ ဒွေးချိုး၊ လေးချိုး စသည့် ကဗျာကလေးတွေ အများကြီးပါ

mgyoe.com

mgyoe.com

သည်။ ကဗျာဆိုသော သူငယ်ချင်းနှင့် ဆရာဘယ်လောက်ရင်းနှီးခဲ့သည်ကို ထိုကဗျာများက ဖော်ပြနေသည်။

ဆရာမခင်ခင်ထူးက ဆရာမင်းသုဝဏ်၏ ကဗျာတွေက သူငယ်ငယ်က သူငယ်ချင်းတွေနှင့် ဝိုင်းဖွဲ့ပြီး ခြေဟန်လက်ဟန်တွေနှင့် ပျော်ပျော်ပါးပါး ဆိုခဲ့ကြပုံများကို အမှတ်တရ ရေးပြဖူးသည်။ အခြားအခြားသော ပုဂ္ဂိုလ်များသည်လည်း ကဗျာနှင့် သူငယ်ချင်းဖြစ်ရပုံတွေကို ရေးပြဖူးကြပါသည်။

ကဗျာနှင့် သူငယ်ချင်းဖြစ်ခဲ့ရသော ကျွန်တော့်အတွေ့အကြုံကတော့ ဆရာမခင်ခင်ထူးလိုပင် ကဗျာတွေကို အားပါးတရ၊ ပျော်ပျော်ရွှင်ရွှင် ရွတ်ရဆိုရသည့် အတွေ့အကြုံနှင့် စပါသည်။ ကျွန်တော်တို့ရွာမှာ မူလတန်းကျောင်းသားဘဝက ဆရာကြီးဦးဖေမောင်တင်၏ ခြသေ့်တံဆိပ် ဖတ်စာတွေသင်ရတော့ ဖတ်စာထဲမှာပါသော ကဗျာတွေကို စပြီးရွတ်ဆိုရသည်။ ဆရာက သတ်သတ်သင်ပေးသော ကဗျာတွေလည်း ပါသည်။ ဆရာမင်းသုဝဏ်၏ 'ဥပုသ်စောင့်'တို့၊ 'သပြေသီးကောက်' တို့၊ 'ပန်းသည်' တို့ပါ။ ပြီးတော့ ဘယ်သူရေးမှန်းတော့မသိ၊ 'ကကြီး ခခွေး အိမ်ကိုပြေး၊ အပြေးမတတ် ထမင်းငတ်၊ မတ်တတ်ရပ်လို့ လမ်းမှာငို၊ ပုရွက်ဆိတ်ညို ကိုက်လို့ငို' ဆိုသော ကဗျာကလေးလည်း ပါသေးသည်။ 'မမိုက်သင့်ပေ တို့တစ်တွေ၊ ကျောင်းသို့ မသွေသွားစို့လေ' ဟု အဆုံးသတ်ထားသည်။ ကဗျာတွေကို သံနေသံထားနှင့် ရွတ်ခဲ့ဆိုခဲ့ရသည်ကို ပြန်တွေးမိသည့်အခါ ယခုအထိ ပျော်သည့်အငွေ့ကလေး ကျန်နေဆဲပါ။

မဂ္ဂဇင်းတွေ ဖတ်လာရချိန်မှာတော့ ကဗျာတွေကို အသံထွက်ပြီးမဆိုတော့ဘဲ စိတ်ထဲကဖတ်သည့် အတွေ့အကြုံရလာပါသည်။ 'ရှုမဝ'တို့၊ 'သွေးသောက်' တို့ထဲက ကဗျာတွေ 'လူထုပညာစာစောင်'တို့၊ 'တိုင်းရင်းမေဂျာနယ်' တို့ထဲက ကဗျာတွေ၊ တွေ့သမျှကဗျာတွေကို ဖတ်ပြီး သဘောကျသည်။ 'ရှုမဝ'ထဲက 'ငွေတာရီ'၏ 'ဤမီးတိုင်' ကဗျာကလေးကို လက်ရေးဖြင့် သရုပ်ဖော်ထားပြီး ဆရာမငွေတာရီ၏ လက်မှတ်ထိုးထားသည်ကအစ မှတ်မိနေသည်။ 'အကြိုတော်' ကဗျာကို 'အုံ့မှိုင်းရီရီ မိုးပြင်းဆိုင်းလို့ ကိုးခွင်တိုင်းက မှုန်လို့ပြာ' ဟူ၍ ကလေးကဗျာအသွားအတိုင်း ဖွဲ့ထားသည်ကို မှတ်မိနေသည်။ ဆရာအောင်ဗလ၏ 'ဖိုလှိုက်ရင်ခုန် ပီတိဟုန်' ဆိုသော ကဗျာကလေးကိုလည်း သတိရသည်။ ဇာတ်ခုံပေါ်မှာ ကချေသည်ကလေးက အလွန် 'နော့' လှသည့် ကကြိုးဖြင့်ကပြသည်ကို ဇာတ်ခုံအောက်က ပွဲကြည့်သူက ပွဲကြည့်ရင်း ရင်ခုန်နေရပုံကို ဖွဲ့ထားခြင်းဖြစ်သည်။
mgyoe.com

mgyoe.com

ဆရာသော်တာဆွေ၏ ဟာသဝတ္ထုတွေကို မက်မက်မောမော ဖတ်ရင်း ဆရာ့ဝတ္ထုတွေထဲက ကဗျာတွေကိုလည်း သဘောကျသည်။ ဆရာက ကဗျာအရေးအဖွဲ့ နိုင်နင်းသည်။ ဆရာရေးသော တြိချိုးကလေးတစ်ပုဒ်ရှိသည်။ ဘာတဲ့... ဗုဒ္ဓေါမေ သရဏံ၊ ဓမ္မောမေသရဏံနဲ့ သံဃာတော် အရှင်မြတ်ဆည်းကပ်ရည်သန်။ ဖပီတာ မာတာမိ၊ အာစရိပဥ္စာနံ၊ ဆယ်ပြန်တဲ့ထိပ်မိုး။ မနောငယ် တင်ချီလို့၊ အဥ္ဇလီဂါရဝ ငယ်နှင့် ဦးချညွတ်ကျိုး...'တဲ့။ ကဗျာကို ဖတ်ရင်းတြိချိုးဖွဲ့ပုံကိုပါ ရင်းနှီးသွားသည်။

လူထုပညာစာစောင် နောက်ကျောဖုံးက ဆရာကြဲခင်းစိုးလွင်၏ တျာချင်းတွေလည်း မလွတ်ပါ။ 'အဘိဓမ္မာနေ့' ဆိုသော ကဗျာမှာ 'ရှင်ဂေါတမဗုဒ္ဓမြတ်စွာ' အစချီပြီး 'ပဏ္ဍုကမ္ပလာမြကျောက်ဖျာ၊ ဆိုဝါမျှတပြီးသည်နှင့်လေး' ဟု အဆုံးသတ်ပုံကို မှတ်မိနေသည်။ တျာချင်းဖွဲ့ပုံလည်း သိသွားသည်။

'တိုင်းရင်းမေ' ဖတ်တော့ ခေတ်ကဗျာတွေနှင့် ထိတွေ့ရသည်။ အချစ်ကဗျာတွေ များများဖတ်ရသည်။ သူငယ်ချင်းအစ်ကို ကိုမြသွင်က 'မင်းသွင်' ကလောင်အမည်ဖြင့် တိုင်းရင်းမေမှာ ကဗျာတွေရေးသည်။ တစ်ခါက 'မင်းသွင်' ၏ ကဗျာနှင့် 'ကြူကြူသင်း' ၏ ကဗျာခေါင်းစဉ်ချင်း မှားတပ်ထားသည်ကို သူပြောပြ၍သိရသည်။ 'သူရေးသီရာ အတွေးကဗျာများ' ဆိုသော ကဏ္ဍမှာ ကဗျာရှင်တစ်ဦးတည်း၏ ကဗျာများကို တစ်စုတည်း ဖော်ပြပေးသည်။ ထိုကဏ္ဍမှာ ကိုယ့်ကဗျာတွေပါလာလျှင် ကဗျာရှင်တွေ ဝမ်းသာကြသည်။ ရေးဖော်တွေကလည်း ဂုဏ်ပြုချီးမွမ်းကြသည်။ ကိုမြသွင်၏ကဗျာတွေလည်း ထိုကဏ္ဍမှာပါဖူးသည်။ တိုင်းရင်းမေကဗျာတွေကို ဆရာဒေါင်းနွယ်ဆွေ ရွေးချယ်တည်းဖြတ်သည်ဟု သိရသည်။

သူငယ်ချင်းတစ်ယောက်က ပြောသဖြင့် ရှုမဝထဲက ဒေါင်းနွယ်ဆွေ၏ 'မာန်' ဆိုသောကဗျာရှည်ကို ဖတ်ရသည်။ 'ကဗျာ့ဒဏ္ဍာရီ' ဟု ဖော်ပြပြီး 'သင်မယုံလည်း သင်ယုံသောအခါ၊ ဤကဗျာသည်၊ စိုလာမျက်ရည် စမ်းစမ်းစိမ့်စိမ့်တကား' ဟု အစချီထားပုံမှာ စိတ်ဝင်စားစရာကောင်းသည်။ ဇာတ်လမ်းက ကြည်နူးစရာ၊ ကြေကွဲစရာ။ ကဗျာရှည်ကို အရသာတွေ့သွားသည်။

ကဗျာရေးသူတွေကို အားကျနေစဉ် သူငယ်ချင်းတွေစုပြီး လက်ရေးစာစောင် ထုတ်ကြတော့ ကဗျာကလေးတွေ စမ်းရေးသည်။ 'စွန့်ခွာပြေးထွက်၊ မင်းအတွက်ကြောင့်၊ ညှိုးလျက်မရွှင်၊ ငါ့ရပ်သွင်ကို၊ မြင်လိုခါမှ မြင်စေတော့' ဆိုသော ကဗျာမျိုးတွေ ရေးတတ်လာသည်။

mgyoe.com

mgyoe.com

နဝမတန်း (တက္ကသိုလ်ဝင်တန်း) အရောက်တွင် ရန်ကုန်ဗဟန်း အထကမှာ မြန်မာစာဆရာ ဦးသိုက်ထွန်းက ကျောင်းစာစောင်သုံးကဗျာတွေ ရေးပို့ကြဖို့ တိုက်တွန်းသည်။ 'အတန်းထဲက သူငယ်ချင်းနာမည်တွေကို ကဗျာဖွဲ့ချင်ဖွဲ့ကြပါ' ဟု ဆရာက အကြံပေးသဖြင့် အတန်းထဲက သူငယ်ချင်းနာမည် အားလုံးပါအောင် တျာချင်းတစ်ပုဒ်ရေးပြီး ပို့လိုက်သည်။ ထိုနှစ်က ကျောင်းစာစောင် မထုတ်ဖြစ်သည့်အတွက် ကျွန်တော့်တျာချင်းကို ဘယ်သူမှ မဖတ်လိုက်ရပါ။ သို့သော် ကျွန်တော့်မှတ်ဉာဏ်ထဲမှာတော့ ကျန်နေဆဲဖြစ်သည်။ ယခုပြန်ဆိုကြည့်လျှင် သူငယ်ချင်းတွေ၏ နာမည်တွေနှင့်အတူ သူတို့မျက်နှာတွေ အစီအရီပေါ်လာပါသည်။ တျာချင်းပထမပိုဒ်တွင် 'ဗဟန်းတန်းနှင့် လျှမ်းတင့်ကျက်သရေ' အစချီပြီး 'ပညာ့ထိပ်ခေါင် ဂုဏ်ရည်ဆောင်၊ မြားမြောင်ဆွေ တသင်းငယ်တို့လေး' ဟု အဆုံးသတ်ပြီးနောက် သူငယ်ချင်းနာမည်တွေကို ကာရန်လိုက်အောင် စီစဉ်ရေးဖွဲ့သည်။ နမူနာတစ်ပိုဒ်ပြပါမည်။ 'ချစ်ဝင်းတင်ညွန့်၊ စိုးညွန့်သောင်းရွှေ၊ တင်နိုင်သာဝ၊ မတင်လှ ညွန့်ညွန့်ဆွေ။ လှအောင်ယဉ်ယဉ်မေ မင်းဆွေမောင်အေး။ ခင်အေးစံတင် ကျော့ကျော့ယဉ်၊ စိုးတင်မကြင်အေး ငယ်တို့လေး' ဟူ၍ ဖြစ်ပါသည်။ ကြည်နူးစရာ အတွေ့အကြုံကလေးတွေပါ။

တက္ကသိုလ်မှာ မြန်မာစာဂုဏ်ထူးတန်းတက်တော့ ကဗျာဖွဲ့နည်းများကို စနစ်တကျသင်ရသည်။ ကထိကဆရာမကြီး ဒေါ်ခင်စောက သံပေါက်ကစ၍ လေးလုံးစပ်ကဗျာများ၊ အချိုးကဗျာများ၊ တေးထပ်၊ ဘောလယ် စသည့်ကဗျာများ၏ ဖွဲ့နည်းများကို သာဓကများဖြင့် သင်ကြားပို့ချပေးသည်။ ကဗျာရေးဖွဲ့ရန် လက်တွေ့လေ့ကျင့်ခန်းများလည်း ပေးသည်။ ထိုအခါမှာတော့ ရေးကဗျာများဘက်သို့ အာရုံတိမ်းညွှတ်သွားပြန်ပါသည်။ နတ်ရှင်နောင်တို့ နဝဒေးတို့၏ ရတုတွေဖတ်ပြီး 'ငွေသော်တာလျှင်'၊ 'ရွှေနော်ဇောသွင်'၊ 'ရေပေါ်မှာထင်' ဟူသော အချိုညီအချည်ီရတုတွေ ဖွဲ့တတ်လာသည်။ 'ရေပေါ်မှာထင်၊ လှိုင်းဘောင်ဘင်သို့၊ ကေရင်သဘော၊ သိခက်မောစွ၊ ညိုသောမျက်ဝန်း၊ ကြင်ရိပ်ရွှန်း၍၊ ရွှင်လန်းသည်းခိုက်၊ ဖိုဖိုလှိုက်လည်း၊ လောင်မြိုက်ပြာသွယ်၊ တုံ့မလှယ်၍၊ ကြာနှယ်ပျောင်းခွေ၊ လွမ်းပွင့်ဝေခဲ့' ဆိုတာမျိုးတွေ ရေးတတ်လာသည်။

ဆရာမကြီးက လေးချိုးဖွဲ့ရန် လေ့ကျင့်ခန်းပေးသောအခါ ပါမောက္ခဦးဇမောင်၏ 'ပင်တိုင်စံခတုကလျာအနွဲ့ငယ်ကြောင့်' အစချီ 'ကံနည်းသူ နတ်ရှင်နောင်' ကဗျာအလိုက် 'ဝဏ္ဏပဘာ ကလျာငယ်ငယ်နုရယ်ကြောင့်၊ လွန်လှပစွာ ကဗျာလှယ်လှယ်

mgyoe.com

mgyoe.com

ပြုပါရ၊ ပမာသွယ်သွယ်စုကာ ဖွဲ့သာချို့ရှင်၊ တတာတွယ်တွယ် ရှုရှာတဲ့စာဆိုရှင်’ အစချီသော လေးချိုးတစ်ပုဒ်ရေးဖွဲ့လိုက်သည်။ ဆရာမကြီးက ‘ကောင်းသည်’ ဟု မှတ်ချက်ပေးသည်။ (၁၉၆၈ ခုနှစ်တွင် ရှင်မဟာရဋ္ဌသာရ နှစ်ငါးရာအထိမ်းအမှတ် ကျင်းပရာ၌ ထိုလေးချိုးကြီးကို ကျွန်တော့်မိတ်ဆွေ ဦးငွေရက သံနေသံထားဖြင့် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခဲ့ပါသည်။)

ဂုဏ်ထူးတန်း နှစ်(၁၉၆၂–၆၃) တွင် ရန်ကုန်တက္ကသိုလ်ကလောင်အသင်းက ‘မြကျွန်းသာ ကဗျာများ’ ထုတ်ဝေရာ ကျွန်တော့်ကဗျာတစ်ပုဒ်လည်း ပါသည်။ ခေါင်းစဉ်က ‘ဘွဲ့နှင်းမင်္ဂလာ’ဖြစ်သည်။ ‘ပိတုန်းမောင်တို့’ ကြောင့်၊ ‘ပွင့်ကံမွဲ’ များ မြေခကြွေလွင့်ရသည့်အတွက် ဤကျွန်းသာသည်၊ ပန်းတို့သချိုင်းမည်တကား’ ဟု ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ ဇူလိုင် ၇ ရက်အရေးအခင်းနောက်ပိုင်းတွင် ရေးဖွဲ့သော ကဗျာဖြစ်သည်။ ဆရာမ ကြူကြူသင်းက ထိုစာအုပ်မှာပါသော သူ့ကဗျာသည် ကျွန်တော့်ကဗျာနှင့် စိတ်ကူးတူကြောင်း ပြောလေ့ရှိပါသည်။

ထိုနှစ်က ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်းအတွက် ‘ဒေါင်းမိခင်ရွှေ ရင်ကွဲပါပေါ့’ ခေါင်းစဉ်ဖြင့် လေးချိုးကြီးတစ်ပုဒ် ပို့လိုက်သည်။ ‘ထန်လှသော် သည်မုန်တိုင်းရယ် ကြောင့်၊ ရိုင်းလိုက်လေ ကြမ္မာဆိုးပါဘိ၊ တောင်ကျိုးကာ သိုက်မြုံပျက်ပြီမို့၊ ရှုရက် ဖွယ် ဘယ်မချိပြီဘု၊ အမိမှာ ရိကာ နွမ်းပါလို့၊ အလွမ်းဖြာတမ်းကာမောရတယ် (သားတို့ရယ်) သောကထပ်ပွား’ ဟူ၍ ဒေါင်းမိခင်၏ ငိုကြွေးသံကို ဖွဲ့ခြင်းဖြစ်ပါ သည်။ ထိုနှစ်က မဂ္ဂဇင်းမထုတ်ဖြစ်၍ ကျွန်တော့်ကဗျာ ပုံမနှိပ်ဖြစ်ပါ။

၁၉၆၄ ခုနှစ်တွင် ပုသိမ်ကောလိပ်မှာ တာဝန်ထမ်းဆောင်ရင်း သူငယ်ချင်း မောင်ပန်းမွှေးနှင့် ‘သုံးကြောင်းကဗျာများ’ စာအုပ်ကလေးကို စာကူးစက်ဖြင့် ထုတ်ဝေ ဖြစ်သည်။ သုံးကြောင်းကဗျာကလေးများ ခေတ်စားနေသော အချိန်ဖြစ်သည်။ ကျွန်တော်က ‘စာအုပ်ပုံကြား၊ စာတွေစားပြီး၊ သူကား ဘာမျှမတတ်ချေ’ ဟု ရေးပြီး ခေါင်းစဉ်ကို ‘ပိုးဟပ်’ ဟုတပ်လိုက်သည်။ သူငယ်ချင်းတွေက ဩဘာပေးကြသည်။ ဦးကြီးမောင် (ငွေဥဒေါင်း)က ကြေးမုံသတင်းစာ၏ စာကြေးမုံအခန်းမှာ ထိုကဗျာ ကလေးကို မိတ်ဆက်ပေးသည်။

ကဗျာတွေကို ရွတ်ဆိုဖတ်ရှုရေးဖွဲ့သည့် အတွေ့အကြုံတွေ ပြီးတော့ ကဗျာ တွေကို ဝေဖန်သုံးသပ် သင်ကြားပို့ချသည့် အတွေ့အကြုံများ ရပြန်ပါသည်။ ဆရာမ ကြီးဒေါ်ခင်စော၏ အမွေကိုခံယူပြီး ကဗျာဖွဲ့နည်းတွေ သင်ကြားပို့ချရသည်။

mgyoe.com

mgyoe.com

သည်တော့ ကဗျာဖွဲ့နည်းအမျိုးမျိုးကို မွှေနှောက်လေ့လာဖြစ်သည်။ ပြန်ပို့ချဖြစ်သည်။ ရှေးကဗျာတွေ၊ ခေတ်ကဗျာတွေလည်း ဝေဖန်သုံးသပ်ပြရသည်။ ကဗျာ့အရသာ ဖော်ထုတ်ပြရသည်။ ပျို့၊ တောလား၊ မော်ကွန်း၊ ရတု စသည့်ကဗျာများ၊ အချိုးကဗျာများ၊ တေးထပ်ဘောလယ်ကဗျာများ၊ အချင်းကဗျာများ စုံလင်လှပါသည်။ ပြီးတော့ ကိုလိုနီခေတ်ဦး 'ပါတော်မူ' ကဗျာများက စ၍မျက်မှောက်ခေတ် ကဗျာများအထိ ပို့ချရသည်။ တစ်ခါက စာပေးစာယူသင်တန်း(အဝေးသင်) မှာ ပြဋ္ဌာန်းထားသော 'ခေတ်ကဗျာအပုဒ် ၅၀' ကို မာရသွန်နှုန်းဖြင့် တက်သုတ်ရိုက် ပို့ချရသည်ကိုလည်း မှတ်မိနေပါသည်။

ကဗျာတွေနှင့် ထိုမျှနီးစပ်ခဲ့သော်လည်း ကျွန်တော်ကဗျာဆရာဖြစ်မလာပါ။ ကဗျာဖွဲ့နည်းတွေကို စာအုပ်မကိုင်ဘဲ အလွတ်သင်နိုင်သည်အထိ ကျေညက်သော်လည်း ကဗျာမရေးဖြစ်ခဲ့ပါ။ ကျွန်တော့်အာရုံက ရသစာပေဖန်တီးသည့်ဘက်ထက် စာပေကိုဆစ်ပိုင်း လေ့လာသုံးသပ်သည့် ဘက်သို့ပို၍ တိမ်းညွတ်သည်ဟု ယူဆမိပါသည်။ ရေးရာမှာ ကဗျာထက် စကားပြေဘက်ပိုသန်ပါသည်။ ကဗျာရေးဖို့ အတွေးကလေးပေါ်လာလျှင် ကဗျာရေးဖို့ထက် အက်ဆေး(ရသစာတမ်း) ရေးဖို့ ပို၍အာရုံတိမ်းညွတ်ပါသည်။ နောက်ပိုင်းမှာ ဘာသာဗေဒ လေ့လာမှုဘက်သို့ ပို၍ အာရုံတိမ်းညွတ်သွားသည့်အတွက် 'ကဗျာ' ဆိုသော ငယ်သူငယ်ချင်းနှင့် အနေဝေးပြီး စိမ်းသလို ဖြစ်နေပါသည်။

သို့သော် ကဗျာဆိုသော ငယ်သူငယ်ချင်းနှင့် အခင်မင်မပျက်ပါ။ ကဗျာတွေကို ဖတ်လည်း ဖတ်ချင်ပါသည်။ ကဗျာအကြောင်းပြောလည်း ပြောချင်ပါသည်။

ဝတီလှိုင်၊ ဇန်နဝါရီ၊ ၂၀၁၇ ခုနှစ်။

--•--

mgyoe.com

mgyoe.com

ကဗျာ၏ဝယဝုမိုဂုဏ်၊ ဂုဏဝုမိုဂုဏ်

စာပေညီလာခံ တတိယနေ့ စကားဝိုင်းတစ်ခုမှာ ကျွန်တော်ပါဝင်ဆွေးနွေးရသည်။ ခေါင်းစဉ်က အမျိုးသားစာပေ၊ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားကဗျာ ထိန်းသိမ်းစောင့်ရှောက်ရေးဖြစ်သည်။ မောင်စိန်ဝင်း(ပုတီးကုန်း)၊ စမ်းစမ်းနွဲ့ (သာယာဝတီ)၊ မြင်းမူ မောင်နိုင်မိုးနှင့် မြေလတ်မောင်မြင့်သူတို့နှင့်အတူ ပါဝင်ဆွေးနွေးရခြင်းဖြစ်သည်။ မြန်မာကဗျာ၏ လေးစားဖွယ်ဂုဏ်ရည်များကို ဖော်ပြဆွေးနွေးရာ၌ 'မြန်မာကဗျာသည် ဝယဝုမိုဂုဏ်နှင့်လည်း ပြည့်စုံကြောင်း၊ ဂုဏဝုမိုဂုဏ်နှင့်လည်း ပြည့်စုံကြောင်း' ကျွန်တော်က တင်ပြဆွေးနွေးခဲ့သည်။ ဆွေးနွေးဖော်များက ကျွန်တော့်စကားကို လက်ခံပြီး ဆက်လက်ဆွေးနွေးကြသည်။

ဝယဝုမို၊ ဂုဏဝုမိုဟူသော ဝေါဟာရများကို သုံးဖို့ စိတ်ကူးပေါ်လာသည့်အတွက် ဆွေးနွေးရာမှာ ထည့်သုံးလိုက်ခြင်းဖြစ်ပါသည်။ ပြန်စဉ်းစားကြည့်တော့ ထိုဂုဏ်နှစ်ရပ်သည် မြန်မာမှုနယ်ပယ်တွင် အစဉ်အဆက် အလေးထားခဲ့သော ဂုဏ်များဖြစ်ကြောင်း တွေ့ရသည်။ ကျွန်တော်တို့၏ မြန်မာကဗျာသည် အသက်အရွယ်ကြီးခြင်းဟူသော ဝယဝုမိုဂုဏ်နှင့်လည်း ပြည့်စုံပါသည်။ ဂုဏ်ကြီးခြင်းဟူသော ဂုဏဝုမိုဂုဏ်နှင့်လည်း ပြည့်စုံပါသည်။

'ကဗျာသည် စာအရေးအသားထက် စောသည်' ဟူသော အဆိုက ကဗျာ၏ သက်တမ်းရှည်ကြာမှုကို ဖော်ပြနေပါသည်။ မြန်မာကဗျာအပါအဝင် ကဗျာအဖွဲ့များသည် စာအရေးအသား မပေါ်မီကပင် လူတို့၏နှုတ်ဖျားတွင် ဝေဝေဆာဆာ ပေါ်

mgyoe.com

mgyoe.com

ပေါက်နေပြီ ဖြစ်ပါသည်။ ကျွန်တော်တို့ လူသားများသည် စိတ်ထဲမှာဖြစ်ပေါ်လာသော ဝမ်းသာမှု၊ ဝမ်းနည်းမှု၊ တက်ကြွမှု၊ အားရမှု၊ အံ့သြမှု၊ ထိတ်လန့်မှု စသည့် ခံစားမှုများကို နှုတ်ကထွက်သော စကားများဖြင့် ရုတ်တရက် ဖော်ထုတ်ပြောဆိုတတ်သည့် အစဉ်အလာသည် စာအရေးအသား မပေါ်ပေါက်မီ ရှေးပဝေသဏီကတည်းက ကျင့်သုံးခဲ့သော အစဉ်အလာဖြစ်ကြောင်း ပညာရှင်တို့ မိန့်ဆိုကြသည်။ စိတ်ခံစားမှု အရ စကားလုံးကလေးများကို အစီအရီ ဖွဲ့နွဲ့ပြောဆိုရာမှ လူမျိုးအသီးသီးတွင် 'နှုတ်ပြောကဗျာ' အဖွဲ့များ ပေါက်ဖွားလာရသည်။ တစ်ကိုယ်တည်း ဝမ်းနည်းကြေကွဲနေသည့် အခါမျိုး၊ ပျော်ရွှင်နေသည့်အခါမျိုးတွင် ရင်ထဲကထွက်ပေါ်လာသော စကားကလေးများဖြင့် ပြောဆို သီကျူးမိတတ်သလို အများစုပေါင်း၍ ကျောက်တုံးကြီးများကို ရွှေ့သည့်အလုပ်မျိုး၊ အမဲလိုက်သည့်အလုပ်မျိုးတို့ကို တောလိုက်ရာတွင်လည်း အားနှင့်မာန်နှင့် ညာသံပေးသည့် စကားများ၊ နှုတ်က ပေါ်ထွက်လာတတ်ကြသည်။ 'ယိုယီးလေး၊ ယီလေလေး' ဆိုသည့် အသံမျိုးတို့ဖြစ်သည်။ ထို့အတူ ယုံကြည်ကိုးကွယ်မှုအရ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရွတ်ဆိုပူဇော်ရာမှ သာယာကြည်နူးမှု၊ ခံညားတည်ကြည်မှု စသည့် ခံစားမှုများ ထင်ဟပ်နေသော ကဗျာများ ပေါ်ပေါက်လာသည်။ ရင်သွေးကလေးငယ်များကို ချော့မော့သီဆိုသော 'အိုအိုအေအေ' စသည့်အသံများနှင့် ဆက်ပြီး သားချော့တေးများလည်း ပေါ်ပေါက်လာသည်။ သို့ဖြင့် ယုံကြည်ကိုးကွယ်မှုအရ နတ်ဒေဝတာ တန်ခိုးရှင်များကို ပူဇော်ပသသည့် တေးကဗျာများ၊ သားချော့တေးကဗျာများ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေး စသည့်တေးကဗျာများသည် မြန်မာစာအရေးအသား မပေါ်ပေါက်မီကပင် နှုတ်ပြောကဗျာများအဖြစ် ပေါ်ပေါက်နေပြီဖြစ်ကြောင်း ပညာရှင်များ၏ သုတေသနပြုချက်များက ဖော်ပြနေပါသည်။ ထင်ရှားသော သာဓကတစ်ခုမှာ စာအရေးအသား မရှိသေးသော လူမျိုးစုံများတွင်လည်း နှုတ်ပြောကဗျာများ ရှိနေခြင်း ဖြစ်သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအသီးသီး၏ ယဉ်ကျေးမှုဓလေ့များကို စူးစမ်းလေ့လာကြည့်လျှင် စာအရေးအသားရှိသော လူမျိုးစုတွင်ဖြစ်စေ၊ စာအရေးအသား မရှိသေးသော လူမျိုးစုတွင်ဖြစ်စေ ရိုးရာဓလေ့ တေးကဗျာများမှာမူ အထင်အရှားရှိနေကြောင်း တွေ့ရမည်ဖြစ်သည်။

စာအရေးအသား မပေါ်ပေါက်မီကပင် လူတို့၏ နှုတ်ဖျားမှာရှိခဲ့ပြီး အစဉ်အဆက် နှုတ်ဆင့်ကမ်းခဲ့သော နှုတ်ပြောကဗျာများသည် စာအရေးအသား ပေါ်ပေါက်လာသောအခါ အက္ခရာတင်သော ကဗျာများအဖြစ် တင့်တင့်တယ်တယ်၊ ခိုင်ခိုင်မာမာ

mgyoe.com

mgyoe.com

ရပ်တည်လာခဲ့သည်။ ပုဂံခေတ်ကတည်းက ကျောက်ချပ်များပေါ်တွင် စတင်အခြေတည်ခဲ့သော မြန်မာကဗျာသည် ကဗျာစာဆိုတို့၏ အတွေးအမျိုးမျိုး၊ ကဗျာပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့ပြီး ဆက်လက်ရှင်သန်ဖွံ့ဖြိုးနေသည်ကိုကြည့်၍ မြန်မာကဗျာများ၏ ဝယဝုဓိဂုဏ်၊ တစ်နည်းအားဖြင့် သက်ကြီးဝါကြီးပုဂ္ဂိုလ်ဟူသော လေးစားဖွယ်ဂုဏ်ကို ဆောင်လျက်ရှိကြောင်း အထင်အရှားတွေ့ရပါသည်။

မြန်မာကဗျာ၏ ဂုဏဝုဓိဂုဏ်မှာ အလွန်ထင်ရှားကြီးကျယ်သော ဂုဏ်ဖြစ်သည်။ ဗုဒ္ဓစာပေကို အခြေပြု၍ ပေါ်ထွန်းလာသော မြန်မာစာပေလမ်းကြောင်းတွင် မြန်မာကဗျာသည် 'ပီတိရသာ၊ လင်္ကာချိုဆိမ့်၊ သည်းတွင်းငြိမ့်မျှ' ဟူသော ရှင်မဟာရဋ္ဌသာရ၏ အဆိုအတိုင်း ကဗျာဖတ်သူတို့၏ အသည်းနှလုံးတွင် ပီတီအရသာကို တငြိမ့်ငြိမ့်ခံစားရအောင် ဖန်တီးနိုင်သော ညှို့ဓာတ်အင်အားဖြင့် စိတ်အရည်အသွေးကောင်းများ ကိန်းအောင်းလာအောင် ခေတ်အဆက်ဆက် စွမ်းဆောင်ခဲ့သည်။ အင်းဝခေတ်တွင် ဗုဒ္ဓစာပေလာ ဇာတကဝတ္ထုများကို အရောင်အသွေးစုံစွာ အပြောက်အမွမ်းခြယ်၍ ကဗျာဖတ်သူ၏ ရင်ထဲရောက်အောင် ပို့ပေးနိုင်သော 'ပျို့' ဟူသည့် ကဗျာအစဉ်အလာကြီးကို ရှင်မဟာရဋ္ဌသာရ စတင်တည်ထောင်သည်ကစ၍ ပျို့၊ မော်ကွန်း၊ ဧချင်း၊ ရတု စသည့် လေးလုံးစပ်ကဗျာများ၊ တျာချင်း၊ အိုင်ချင်း၊ အဲချင်း၊ လွမ်းချင်း၊ ညည်းချင်း စသည့် အချင်းကဗျာများ၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး စသည့်အချိုး ကဗျာများ ရကန်၊ တေးထပ်၊ ဘောလယ် စသည့် ဖွဲ့နည်းအမျိုးမျိုးဖြင့် ဖွဲ့သောကဗျာများခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သည်။ ဖွဲ့နည်းတစ်ခုကို အခြေခံကာ ကွန့်၍၊ ညွှန့်၍ ဖွဲ့နည်းသစ်များ ဖွဲ့ခဲ့သည်။ ထိုကာလတစ်လျှောက်တွင် ဆရာဒဂုန်တာရာ မိန့်ဆိုသကဲ့သို့ လေးကိုင်းကဲ့သို့ ပျော့လည်းပျော့ပျောင်းစွာ သန်လည်းသန်စွမ်းသော လေးလုံးစပ်လင်္ကာအဖွဲ့သည် နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းပြီး ယခုတိုင် အသုံးတွင်ကျယ်နေဆဲဖြစ်သည်။ မြန်မာကဗျာ ဖွံ့ဖြိုးမှုလမ်းကြောင်းတွင် ပေါ်ထွန်းပြီးသော ကဗျာပုံသဏ္ဌာန်ဟောင်းများ ဆက်လက်ရှင်သန်နေဆဲမှာပင် ကဗျာပုံသဏ္ဌာန်သစ်များအဟန့်အတားမရှိဘဲ လွတ်လပ်စွာ ပေါ်ထွန်းခဲ့သော အစဉ်အလာ ထင်ရှားသည်။ ၂၀၀၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့ ပါရဂူဘွဲ့အတွက် တင်သွင်းခဲ့သော ဒေါ်မေမျိုးလှ၏ 'မြန်မာကဗျာဖွဲ့နည်း ကျမ်းများလာ မြန်မာကဗျာ အမျိုးအစားများနှင့် သွင်ပြင်လက္ခဏာများကို စိစစ်ခြင်း' ကျမ်းတွင် မြန်မာကဗျာမျိုးရင်း ၇၂

mgyoe.com

mgyoe.com

မျိုး၊ မျိုးစိတ် ၁၄၁ မျိုးရှိကြောင်း စိစစ်ပြထားသည်။ အကြောင်းအရာအရလည်းကောင်း၊ အရေးအဖွဲ့ပုံသဏ္ဌာန်အရလည်းကောင်း၊ ဝေဝေဆာဆာရှိသော မြန်မာကဗျာ၏ ဂုဏ်ကို ချင့်တွယ်ကြည့်နိုင်ပါသည်။ ဤသို့ ဝေဝေဆာဆာ ပေါ်ထွန်းခဲ့သော ကဗျာ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကဗျာဖတ်ပရိသတ်ကို ရသနှစ်သက်မှု အမျိုးမျိုးနှင့်အတူ ဘဝအသိအမြင်၊ လောကအသိအမြင်များ ပေးစွမ်းနိုင် ခဲ့သည်။

ကဗျာ၏ အင်္ဂါရပ်များတွင် 'အသံ'၏ အလှသည် ကဏ္ဍတစ်ခုဖြစ်သည်။ ခေတ်အဆက်ဆက် မြန်မာကဗျာတို့တွင် 'ကာရန်' ခေါ် အဆုံးသရသံတို့ဖြင့် အဆင်အကွက်အမျိုးမျိုး ရက်ဖွဲ့ကာ မြန်မာကဗျာ၏ အလှကိုဖန်တီးခဲ့ကြသည်။ ကာရန်ဖြင့် အသံအနုအကြမ်း၊ အပြင်း၊ အပျော့တို့ကို အကြောင်းအရာနှင့် လိုက်ဖက်အောင်၊ စိတ်ကူးဖြင့် လိုက်ဖက်အောင် ဖန်တီးပုံဖော်ခဲ့သည်။ ကာရန်မှအပဖြစ်သော အသံဖွဲ့ထုံးများကိုလည်း အသုံးပြုခဲ့သည်။ ကာရန်တူဖွဲ့စပ်မှုကြောင့် အကြောင်းအရာကို စိတ်ထဲမှာ စွဲမြဲမှတ်မိစေသည့် အကျိုးကိုလည်းရခဲ့သည်။ မှတ်သားဖွယ်များကို ကာရန်ဖြင့် ဖွဲ့ဆိုမှတ်သားသည့် အလေ့သည်လည်း တွင်ကျယ်ခဲ့သည်။ ကဗျာရေးဖွဲ့သူတို့သည် ကာရန်ခေါ် အဆုံးသရသံစနစ်အပြင် အသုံးပြုနိုင်ဖွယ်ရှိသော အခြားအသံစနစ်များကို စူးစမ်းရှာဖွေဖော်ထုတ်ရန် ကြိုးပမ်းနေကြသည်။ ကာရန်စနစ်ကို မသုံးဘဲ အခြားသံစနစ်များဖြင့် ကဗျာရေးဖွဲ့ရန် ကြိုးပမ်းနေကြသည်။ အောင်မြင်မှုရတန်သလောက်လည်း ရနေပြီဖြစ်သည်။ ဆက်လက် စူးစမ်းစရာများလည်း ရှိနိုင်သည်။ ဤပုံ ဤနည်းအတိုင်း ကဗျာပုံသဏ္ဌာန်သစ်များ ပေါ်ထွန်းလာခဲ့သည့် အတိတ် အစဉ်အလာအရ ပေါ်ထွန်းလာမည့် ကဗျာပုံသဏ္ဌာန်သစ်များကို ကြိုဆိုရမည်ဖြစ်သည်။

ဤနေရာတွင် အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အသစ်တီထွင်ဖန်တီးခြင်းဟူသော 'ဘက်နှစ်ဖက်' ကို သဟဇာတဖြစ်အောင် ဆက်စပ်ဆောင်ရွက်ရန် လိုအပ်သည်ဟု ယူဆပါသည်။ နှစ်ပေါင်းတစ်ထောင်ကျော် ရှင်သန်ဖွံ့ဖြိုးလာခဲ့သော မြန်မာကဗျာ၏ ဝယဝုမိဂုဏ်၊ ဂုဏဝုမိဂုဏ်တို့ အစဉ်အဆက်လေးစားတန်ဖိုးထားခဲ့ကြသော ဂုဏ်များဖြစ်သည်။ ထိုဂုဏ်များနှင့် ပြည့်စုံသော မြန်မာကဗျာ၏ အစဉ်အလာကြီးမားမှုကို အလေးအမြတ်ပြု၍ မြန်မာစာပေ အမွေအနှစ်များ အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သကဲ့သို့ စူးစမ်းဖော်ထုတ် တီထွင်မှုများဖြင့် အသစ်အသစ် ပေါ်ထွန်းလာမည့် ကဗျာသစ်များကိုလည်း လက်ကမ်းကြို

mgyoe.com

mgyoe.com

ဆိုရန် လိုအပ်ပါသည်။

မြန်မာကဗျာ၏ ဝယဝုမိုဂုဏ်နှင့် ဂုဏဝုမိုဂုဏ်တို့သည် ဆက်လက်စည်ပင်ဖွံ့ဖြိုးနေမည်မလွဲဟု ယုံကြည်ပါသည်။

ရုပ်ရှင်တေးကဗျာရသစုံမဂ္ဂဇင်း၊ မတ်၊ ၂၀၁၈ ခုနှစ်။

-- ✿ --

mgyoe.com

mgyoe.com

မျက်စိကာရန် (အမြင်ကာရန်) ပြဿနာ

မြန်မာကဗျာများတွင် ကာရန်ယူရာ၌ 'အရေး'နှင့် 'အသံ' ဆက်သွယ်မှုကို အခြေပြု၍ ကာရန်သုံးမျိုးခွဲခြားပြောဆိုလေ့ရှိသည်။ ကာရန်ယူရာ၌ အရေးရောအသံပါတူလျှင် အထွေအထူး ပြဿနာမရှိသည့်အတွက် ထိုကာရန်ကို ကာရန်ရိုးရိုးဟု ပင်ခေါ်သည်။ 'ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကျမ်းမာန်လျှော့' ဟူသော အဖွဲ့တွင် 'ခန်း–ပန်း–ကျန်း' တို့သည် အရေးအရ 'အသတ်' ချင်းလည်းတူသည်။ အသံအရ 'အန်း' ဟူသော အသံချင်းလည်းတူသည်။ ထို့ကြောင့် ကာရန်ရိုးရိုးဖြစ်သည်။

အရေးတူသော်လည်း အသံမတူလျှင်မူ မျက်စိကာရန်ဟုခေါ်သည်။ အမြင်ကာရန်ဟုလည်း ခေါ်သည်။ အရေးတူသည့်အတွက် မျက်စိဖြင့် အမြင်အရတူသော်လည်း အသံကွဲသော ကာရန်မျိုးဖြစ်သည်။ 'ရင့်မြဲရွှေကျန်၊ ရွက်မပွန်တည့်၊ ဝါကြန်နီမောင်း' ဟူသော အဖွဲ့တွင် 'ကျန်–ပွန်–ကြန်' ဟု ကာရန်ယူရာ၌ အားလုံး နသတ်ကာရန်ချည်း ဖြစ်သည့်အတွက် အရေးတူ၊ အသတ်တူဖြစ်သည်။ သို့သော် 'ပွန်' မှာ 'အွန်' ကာရန်ဖြစ်နေသည့်အတွက် 'ကျန်'၊ 'ကြန်' တို့၏ 'အန်' ကာရန်နှင့် အသံချင်းကွဲပြားနေသည့် 'အန်း'နှင့် 'အွန်း'အသံမတူပါ။ ထို့ကြောင့် အသံမတူဘဲ အမြင်သာတူသော မျက်စိကာရန် (အမြင်ကာရန်)ဖြစ်သည်။

အသံတူသော်လည်း အရေး(အသတ်)မတူလျှင်မူ နားကာရန်ဟုခေါ်သည်။ အကြားကာရန်ဟုလည်း ခေါ်သည်။ အသံတူသည့်အတွက် နားဖြင့်အကြားတူသော်လည်း အသတ်မတူသော ကာရန်မျိုးဖြစ်သည်။ 'ပါဠိသရုပ်၊ ပတ်တကုတ်ကို၊

mgyoe.com

mgyoe.com

ဖွေထုတ်ကျမ်းလာ' ဟူသော အဖွဲ့တွင် 'ရုပ်–ကုတ်–ထုတ်' ဟု ကာရန်ယူရာ၌ 'အုတ်' ဟူသော အသံချင်းတူသည့်အတွက် နားတွင် အကြားတူသော်လည်း 'ရုပ်' နှင့် 'ကုတ်'၊ 'ထုတ်' တို့မှာ 'ပသတ်' နှင့် 'တသတ်' ဖြစ်နေသည့်အတွက် အသတ်မတူဘဲ အကြားသာတူသော နားကာရန် (အကြားကာရန်) ဖြစ်သည်။

ဤဆောင်းပါးတွင် တင်ပြလိုသော ပြဿနာမှာ မျက်စိကာရန် (အမြင် ကာရန်) ဟုခေါ်သော အသတ်တူပြီး အသံမတူသည့် ကာရန်နှင့်ပတ်သက်သည့် ပြဿနာဖြစ်ပါသည်။

ရှေးမြန်မာကဗျာများတွင် အသတ်တူပြီး အသံမတူသော မျက်စိကာရန် (အမြင်ကာရန်) ဖြင့် ဖွဲ့သော အဖွဲ့များစွာ တွေ့ရပါသည်။ သာဓကပြပါမည်။

ရွှေရည်ဆံဝတ်၊ ကြာတောင်ခတ်သို့၊ နတ်တည့်တန်ခိုး

(နေမိဘုံခန်းပျို့၊ ၂၃)

ခြေထုတင်ခတ်၊ နယ်ပွတ်ဆီသွင်း

(သံဝရပျို့၊ ၁၆၁)

စီရင်မတတ်၊ လုပ်ကြံချွတ်၍၊ ကိုယ်ဝတ်ပုဆိုး

(ကိုးခန်းပျို့၊ ၂၂၂)

မြားမြောင်အားအန်၊ တိုင်းထက်လွန်က

(ယိုးဒယားမိဖုရားချောင်း၊ ၂၉)

ဆုံးရောက်ရှယ်လွန်၊ ကြီးအိုမှန်လျက်

(ကိုးခန်းပျို့၊ ၂၈၄)

မိတ္ထီလာကန်၊ ရေလွှတ်ပြွန်၊ ဆဒ္ဒန်လျှိုးဝင်သာ

(ကဝိလက္ခဏာသတ်ပုံသံပေါက်၊ ၅၂၃)

ရှင်တော်တုလွတ်၊ သုံးလူ့ထွတ်၊ လှနတ်ထိပ်သျှောင်ကျင်

(ကဝိလက္ခဏာသတ်ပုံသံပေါက်၊ ၉၄၇)

ဤသာဓကများတွင် 'တ' သတ်ချင်းတူသော်လည်း 'ခတ်–ပွတ်' 'နတ်–ထွတ်' စသည်ဖြင့် အတ်နှင့်အွတ် အသံကွဲနေသော စကားလုံးများဖြင့် အန်နှင့်အွန် အသံကွဲနေသော စကားလုံးများကို ကာရန်ယူထားကြောင်း တွေ့ရပါသည်။ ထိုကာရန်များကို 'အမြင်တူသော်လည်း အသံမတူ' ဟူသော သဘောဖြင့် 'မျက်စိကာရန်၊ အမြင်ကာရန်' ဟု ပညာရှင်များက သတ်မှတ်အမည်ပေးခြင်းဖြစ်ပါသည်။

mgyoe.com

mgyoe.com

ဤနေရာတွင် အခြေခံကျသော အချက်တစ်ချက်ကို စဉ်းစားရန် လိုအပ်ပါသည်။ ကဗျာရေးဖွဲ့ရာတွင် ကာရန်ယူသည်ဆိုသည်မှာ အသံတူများကို ယူခြင်း မဟုတ်ပါလား။ 'ကာရန်' ဆိုသော စကားသည် 'ကာရန္တ' ဟူသော ပါဠိစကားမှယူထားခြင်းဖြစ်ပြီး 'အဆုံးသံ၊ အဆုံးသရသံ' ဟု အဓိပ္ပာယ်ရပါသည်။ ကဗျာရေးဖွဲ့ရာတွင် ကာရန်ယူသည်ဆိုသည်မှာ အဆုံးသရသံတူသော စကားလုံးများကို ချိတ်ဆက်ခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ကာရန်ကို ရည်ညွှန်းရာတွင် 'အေ' ကာရန်ယူထားသည်။ 'အန်' ကာရန်ယူထားသည်ဟု ရည်ညွှန်းလေ့ရှိကြပါသည်။ ဆိုလိုသည်မှာ ကာရန်ယူသည်ဟူသော အဓိပ္ပာယ်သည် အသံတူများကို ချိတ်ဆက်ဖွဲ့စပ်ခြင်းပင် ဖြစ်ပါသည်။ အသံမတူသည့် 'စကားလုံးချင်း ချိတ်ဆက်လျှင် ကာရန်မညီ၊ ကာရန်လွတ်နေသည်' ဟုဆိုလေ့ရှိကြပါသည်။ 'တို့သွေးတို့သက်၊ တို့လွတ်လပ်ရေး၊ တို့ယူပေးခဲ့' ဟု ဖွဲ့သည်ဆိုပါစို့။ ကာရန်ယူထားသော 'သက်' နှင့် 'လပ်' မှာအဆုံးသံ 'အက်'နှင့် 'အပ်' ဖြစ်နေသည့်အတွက် ကာရန်လွတ်နေကြောင်း တွေ့မြင်နိုင်ပါသည်။

သို့သော် အရေးချင်း၊ အသတ်ချင်းမတူစေကာမူ အသံ(အဆုံးသံ)တူလျှင် ကာရန်ယူ၍ ဖွဲ့လေ့ရှိကြောင်း သာဓကများစွာရှိပါသည်။ အောက်တွင် ဖော်ပြပါမည်။

ကနကဒဏ်၊ ဗိတာန်ပစ္စူ၊ ဖြန့်တော်မူလျက်

(ပြည်စုန်မော်ကွန်း၊ ၁၇)

ကျွန်ုပ်ပြန်အံ့၊ ဘုန်းဉာဏ်စက်ရှင်၊ နားထောင်တင်လေ့

(နတ်ရှင်နောင်ဆိုရတု)

ရဟန်းတေရသ်၊ ပဋ္ဌပတ်၊ ထေရ်ကဿပတွင်

(ကဝိလက္ခဏာသတ်ပုံသံပေါက်၊ ၁၀၉)

သုံးတန်ပြာသာဒ်၊ ဆောင်လုံးညွတ်မျှ၊ ကရကတ်အာလူ

(ဝိဓူရပျို့၊ ၂၆၀)

အနက်ကိလိဋ္ဌ်၊ မြေကြီးပိတ်သို့၊ ပဋိစ္ဆန္န

(မဃဒေဝလင်္ကာသစ်၊ ၂၁)

ပြရာနိဒသ်၊ ကြီးမြတ်တေဇ

(မဃဒေဝလင်္ကာသစ်၊ ၆၁၅)

ဤသာဓကများကို ကြည့်လျှင် 'ဒဏ်–တာန်၊ ရသ်–ပတ်၊ သာဒ်–ညွတ်၊ လိဋ္ဌ်–ပိတ်–ဋိစ်၊ ဒသ်–မြတ်' စသည့်စကားလုံးများ အသတ်ချင်းမတူသော်လည်း အသံတူ

mgyoe.com

mgyoe.com

သည့်အတွက် ကာရန်ယူထားသည်ကို တွေ့နိုင်ပါသည်။

ကာရန်ဆိုသည်မှာ 'အဆုံးသံ၊ အဆုံးသရသံ' ဖြစ်သည့်အတွက် သံတူများကိုသာ ကာရန်ယူရသည်။ အသံမတူလျှင် ကာရန်ယူ၍မရပါ။ အသံမတူဘဲ ကာရန်ယူမိလျှင် ကာရန်ပျက်သွားမည် ဖြစ်ပါသည်။ ရှေးအစဉ်အဆက် မြန်မာစာဆိုတို့သည် အသံတူများကို ကာရန်ယူခဲ့ကြပါသည်။ စာလုံးပေါင်းသတ်ပုံကိုပါ တစ်ဖက်တစ်လမ်းက ထိန်းသိမ်းလိုသော ရည်ရွယ်ချက်ဖြင့် အသတ်လည်းတူ၊ အသံလည်းတူအောင် ကာရန်ယူလေ့ရှိကြပါသည်။ အသတ်မတူဘဲ အသံသာတူသော စကားလုံးများကိုလည်း ကာရန်ယူလေ့ရှိကြောင်း ရှေ့တွင်ပြခဲ့သော သာဓကများတွင် တွေ့နိုင်ပါသည်။ အသံမတူဘဲနှင့်တော့ ကာရန်မယူကြပါ။ ယင်းမှာ အခြေခံကျသော မြန်မာကဗျာစည်းကမ်းတစ်ခုဖြစ်ပါသည်။

သို့ဆိုလျှင် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော အသတ်တူ အသံမတူသည့် မျက်စိကာရန် (အမြင်ကာရန်)ဆိုသည့် အဖွဲ့များ အဘယ်ကြောင့် ရှိနေပါသလဲ။ ထိုကာရန်များဖြင့် ဖွဲ့သော စာဆိုများမှာ နယ်နယ်ရရမဟုတ်ကြပါ။ ရှင်မဟာရဋ္ဌသာရ ကစ၍ နတ်ရှင်နောင်၊ စိန္တကျော်သူဦးဩ၊ မန်လည်ဆရာတော် စသည့် ထိပ်တန်းစာဆိုကြီးများ ဖြစ်နေသည့်အတွက် စဉ်းစားစရာဖြစ်နေပါသည်။ မြန်မာစာပေနှံ့စပ်ကျွမ်းကျင်သော စာဆိုကြီးများကိုယ်တိုင်က အသံမတူသော မျက်စိကာရန်(အမြင်ကာရန်)များဖြင့် ဖွဲ့သည်ဆိုလျှင် အသံကို ပဓာနပြု၍ ကာရန်ယူသော မြန်မာကဗျာကာရန်စနစ်ကို ထိုစာဆိုတော်ကြီးများ ကိုယ်တိုင်က ချိုးဖောက်ရာရောက်နေပါသည်။ ထိုစာဆိုတော်ကြီးများသည် အသံတူကာရန်များကို မရှာနိုင်သည့်အတွက် အသံမတူသော အမြင်ကာရန်များကို သုံးခြင်းဖြစ်သည်ဟု ယူဆလျှင်လည်း စာဆိုတော်ကြီးများကို ထိပါးစော်ကားရာ ရောက်ပါလိမ့်မည်။ မြန်မာစာပေ အလွန်နှံ့စပ်သော ရှင်မဟာရဋ္ဌသာရလို စာဆိုတော်ကြီးက အသတ်ရော အသံပါတူသော ကာရန်များကို မရှာနိုင်စရာအကြောင်းမရှိပါ။

သို့ဆိုလျှင် တစ်မျိုးစဉ်းစားကြည့်ရပါလိမ့်မည်။ 'စာဆိုတော်ကြီးများသည် အသတ်တူ အသံတူ ကာရန်ယူ၍သာ အမြဲဖွဲ့သည်' ဟူသောအချက်ကို အခိုင်အမာလက်ခံ၍ စဉ်းစားရန်ဖြစ်သည်။ သို့ဆိုလျှင် စာဆိုတော်ကြီးများက အသတ်တူ အသံတူ ကာရန်ယူခဲ့ပါလျက် ယခုအခါ အမြင်သာတူပြီး အသံမတူသည့် မျက်စိကာရန်အဖြစ် အချို့ပညာရှင်များက ဘာကြောင့်သတ်မှတ်နေကြပါသလဲ။

mgyoe.com

mgyoe.com

စာဆိုတော်ကြီးများ ရေးဖွဲ့စဉ်က အသတ်တူ အသံတူဖြစ်ပါလျက် ယခုအသံမတူခြင်းမှာ ထိုအသံများသည် စာဆိုတော်ကြီးများ၏ ခေတ်က အသံနှင့်မတူတော့ဘဲ အသံပြောင်းလဲနေသောကြောင့် ဖြစ်မည်ဟု ယူဆနိုင်ပါသည်။

ထိုအယူအဆကို ထောက်ခံနေသော အချက်မှာ ပထဝီဒေသအလျောက် အသွင်ကွဲနေသော မြန်မာဒေသိယစကားများ (dialects)၏ အသံထွက်များဖြစ်ပါသည်။ မြန်မာဒေသိယစကားများတွင် ရခိုင်၊ ထားဝယ်၊ မြိတ်၊ တောင်ရိုး၊ အင်းသား၊ ဓနု၊ ယောတို့သည် မြေပြန့်တွင် အသုံးပြုနေသော မြန်မာစကားနှင့် အသံထွက်ချင်း၊ အသုံးအနှုန်းချင်း သိသိသာသာ ကွဲပြားနေသော အသွင်ကွဲ မြန်မာစကားများဖြစ်သည်။ ထိုစကားများတွင် ရှေးကျသော မြန်မာစကားသွင်ပြင်လက္ခဏာများကို ထိန်းသိမ်းထားဆဲဖြစ်သည်။ ပထဝီဝင်အနေအထားအရ အခြားဒေသများနှင့် အရော အနှော အဆက်အဆံမများသည့်အတွက် ရှေးကျသော သွင်ပြင်များပြောင်းလဲမသွားဘဲ ဒေသိယစကားများတွင် ဆက်လက်ရှိနေဆဲ ဖြစ်သည်။

ရခိုင်ဒေသ၊ အဝကျွန်းတွင် လွန်ခဲ့သော နှစ် ၅၀ က ပြောဆိုသုံးနှုန်းသော စကားသံများကို ထိုဒေသခံ ဒေါ်တင်တင်ဦးက ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြခဲ့ဖူးပါသည်။ 'ပြာပြာလတ်လတ်၊ မွတ်မွတ်ညက်ညက်' ဟူသော အဖွဲ့တွင် ကာရန်ယူထားသော 'လတ်' နှင့် 'မွတ်' သည် ရခိုင်စကားတွင် အသံတူဖြစ်သည်။ 'မွတ်'ကို 'လတ်' နှင့် ကာရန်တူ 'မ်ဝပ်'ဟု အသံထွက်သည်။ 'လူ့ဘုံလူ့ထွတ်၊ ကြင်သူမတ်ကို' ဟူသော အဖွဲ့မှာ ကာရန်ယူထားသော 'ထွတ်' နှင့် 'မတ်' သည်လည်း အသံတူဖြစ်သည်။ 'ထွတ်' ကို 'မတ်' နှင့် အသံတူ 'ထ်ဝပ်' ဟု အသံထွက်သည်။ 'မင်းတွင် ပျံ့မွှန်း၊ တရွှန်းရွှန်းလျှင်၊ တိမ်ပန်းတိမ်ဦး' မှ 'ရွှန်း'နှင့် 'ပန်း' သည်လည်း အသံတူသည်။ 'ရွှန်း' ကို 'ရှ်ဝမ်း' ဟုအသံထွက်သည်။ 'ညီစေသည့်ဟန်၊ မြမျိုးလွန်သည်' မှ 'ဟန်' နှင့် 'လွန်'လည်း အသံတူသည်။ 'လွန်' ကို 'လ်ဝမ်' ဟု အသံထွက်သည်ဟု ရှင်းပြထားပါသည်။ သို့ဆိုလျှင် ထိုကဗျာများကို စာဆိုတော်ကြီးများ ရေးဖွဲ့စဉ်က ကာရန်ယူထားသော စကားလုံးများ အသံတူကြောင်း၊ နောက်မှ အသံပြောင်းလာခြင်းဖြစ် ကြောင်း ထင်ရှားပါသည်။

ယောဒေသသို့ ကွင်းဆင်း၍ သုတေသနပြုခဲ့သူများက ယောဒေသိယစကား၏ စကားသံများကို လေ့လာရာတွင် ယနေ့ရန်ကုန်၊ ပုသိမ်ကဲ့သို့ဒေသများတွင် ပြောဆိုနေသော 'ဝတ်၊ ခွတ်၊ ပွတ်' တို့ကို ယောဒေသိယစကားတွင် 'ဝပ်၊ ခွပ်၊ ပွပ်'

mgyoe.com

mgyoe.com

ဟု အသံထွက်ကြောင်း 'လွန်၊ ထွန်၊ အကျွန်' တို့ကို ယောဒေသိယတွင် 'လွမ်၊ ပွမ်၊ အကျွမ်' ဟု အသံထွက်ကြောင်း ရေးသားချက်များ တွေ့ရပါသည်။ ယခုပြောင်းလဲနေပြီဖြစ်သော ရှေးကျသည့် အသံများကို ဒေသိယစကားများတွင် တွေ့ပါကြောင်း သာဓကဆောင်ခြင်းဖြစ်ပါသည်။ ကျန်ဒေသိယစကားများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာခြင်းဖြင့် ရှေးမြန်မာစကားသံများကို ပြန်လည်ဖော်ထုတ်နိုင်ပါလိမ့်မည်။

သို့ဆိုလျှင် ရှေ့မှာတင်ပြခဲ့သော မျက်စိကာရန်(အမြင်ကာရန်) များသည် စာဆိုတော်ကြီးများ ရေးဖွဲ့စဉ်က အသတ်တူ၊ အသံတူ ကာရန်များပင်ဖြစ်မည်ဟု ကောက်ချက်ချနိုင်ပါသည်။ ရှင်မဟာရဋ္ဌသာရက 'ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူနတ်ဦးခိုက်' ဟု ဖွဲ့ရာတွင် 'ဝတ်' မှ ယခုအသံထွက်သကဲ့သို့ 'ဝတ်' ဟုမထွက်ဘဲ ဒေသိယစကားများမှာကဲ့သို့ 'ဝပ်'(ကီလိုဝပ်မှအသံမျိုး) ထွက်သည့်အတွက် 'တတ်–နတ်' တို့နှင့် အသတ်တူ အသံတူဖြစ်ပါလိမ့်မည်။ စိန္တကျော်သူဦးဩက 'မိတ္ထီလာကန်၊ ရေလွတ်ပြွန်၊ ဆဒ္ဒန်လျှိုးဝင်သာ' ဟု ဖွဲ့ရာတွင် 'ပြွန်' သည် ယခုအသံထွက်သကဲ့သို့ 'ပြွန်' ဟုအသံမထွက်ဘဲ 'ပြွမ်' ဟုအသံထွက်ပါလိမ့်မည်။ ထို့ကြောင့် ကန်–ဒန်တို့နှင့် အသတ်တူ အသံတူ ကာရန်ယူခြင်းဖြစ်ပါလိမ့်မည်။

တစ်ခုဆိုစရာရှိပါသည်။ ခေတ်ကဗျာများတွင် တွေ့ရတတ်သော အသံတစ်ဝက်နှင့် အသံပြည့်ကို အရေးတူသည့်အတွက် ကာရန်ယူသော မျက်စိကာရန် (အမြင်ကာရန်)ကိစ္စဖြစ်ပါသည်။ ဆရာဒဂုန်တာရာ၏ 'ပင်လယ်ဝသို့၊ လှေကလေးနှင့် ထွက်ခဲ့တယ်'၊ 'လူ့ဘဝ၏၊ အပေါ်ယံလွှာ' ဟူသော ကာရန်မျိုးဖြစ်ပါသည်။ ယခုခေတ်တွင် ကဗျာကို အသံတိတ် ဖတ်လေ့ရှိကြသည့်အတွက် အမြင်ကာရန်ဖြင့် ဖွဲ့ခြင်းသည် ပြဿနာမရှိကြောင်း ဆိုကြပါသည်။ ဤဆောင်းပါးတွင်မူ ဤပြဿနာကို ဆွေးနွေးခြင်းမဟုတ်ပါ။ ရှေးကဗျာများတွင် တွေ့ရသော 'အမြင်ကာရန်' ဟု ယနေ့ သတ်မှတ်ကြသော အသတ်တူကာရန်များမှာ အမြင်ကာရန်မျှသာ မဟုတ်ဘဲ အသတ်ရောအသံပါတူသည့် ပုံမှန်ကာရန်ဖြစ်ကြောင်း၊ ကာလအလျောက် အသံပြောင်းသွားသည့်အတွက် ကာရန်ယူသည့် အသံချင်းမတူတော့သဖြင့် အမြင်ကာရန်ဟု သတ်မှတ်ကြခြင်းဖြစ်ကြောင်း ဆွေးနွေးခြင်းဖြစ်ပါသည်။

အတွေးအမြင်မဂ္ဂဇင်း၊ ဇူလိုင်၊ ၂၀၁၈ ခုနှစ်။

-- ✿ --

mgyoe.com

mgyoe.com

တောင်ငူခေတ်စာပေမှ ပေါ်ထွန်းလာသော အသီးအပွင့် ကဗျာတစ်ပုဒ်

လှံဓားကိုလှဲ၊ စစ်မြေထဲ၌
မင်းရဲကျော်စွာ၊ စေတီသာကို
ရာဇဓိရာဇ၊ ရေစက်ချလျက်
အမျှယူလေ၊ သုံးကြိမ်ဝေသည်
မြိုင်ခြေဒလ တောကြီးတန်း၊

ရာဇာဓိရာဇ်နှင့် မင်းရဲကျော်စွာ...

ရာဇာဓိရာဇ်က မင်းရဲကျော်စွာကို 'တူတော်' ဟု ချစ်ကြည်စွာခေါ်လေ့ရှိသည့်နည်းတူ မင်းရဲကျော်စွာကလည်း ရာဇာဓိရာဇ်ကို 'ဘကြီးတော်' ဟုလေးမြတ်စွာ ခေါ်လေ့ရှိသည်။

မင်းရဲကျော်စွာသည် အင်းဝဘုရင်မင်းခေါင်၏ သားတော်ဖြစ်သည်။ အင်းဝဘုရင်မင်းခေါင်နှင့် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်တို့သည်လည်း တစ်ဦးနှင့်တစ်ဦး 'နောင်တော်' 'ညီတော်' ခေါ်၍ ချစ်ကြည်ရင်းနှီးကြသည်။ သို့သော် ထိုဘုရင်နှစ်ပါးသည် သူတို့ခေတ် သူတို့အခါက ပဒေသရာဇ်မင်းတို့၏ သဘာဝနှင့်အညီ တစ်ဖက်နှင့်တစ်ဖက် သူနိုင်ကိုယ်နိုင် အင်အားချင်း ပြိုင်ဆိုင်မှုများကို သက်ဆုံးတိုင် ကျင့်သုံးခဲ့ကြသည်။ အင်အားပြိုင်၍ ငြီးငွေ့ပင်ပန်းလာသောအခါတွင် ပြည်မြို့ရှိ မြသိန်းတန်(ရွှေဆံတော်) ဘုရားရင်ပြင်တော်တွင် နှစ်ပါးတွေ့ဆုံ၍ တရားဓမ္မအကြောင်းများ

mgyoe.com

mgyoe.com

ဆွေးနွေးကြသည်။ မင်းခေါင်နတ်ရွာစံသွားသောအခါ ရာဇာဓိရာဇ်မှာ များစွာ ဝမ်းနည်းကြေကွဲကာ သံဝေဂစကားဆိုသည်။ တစ်ဖက်တွင်မူ ရာဇာဓိရာဇ်နှင့် မင်းခေါင်တို့ညီနောင်သည် မကြာခဏ ရင်ဆိုင်တိုက်ခိုက်ကြသကဲ့သို့ ရာဇဓိရာဇ်နှင့် မင်းရဲကျော်စွာတို့ 'တူအရီး' သည်လည်း မကြာခဏရင်ဆိုင်တိုက်ခိုက်ကြသည်။

မင်းရဲကျော်စွာ၏ ကြေကွဲဖွယ်ဘဝနိဂုံးကို ရာဇာဓိရာဇ် အရေးတော်ပုံတွင် တွေ့ရသည်။ ရာဇာဓိရာဇ် အရေးတော်ပုံသည် တောင်ငူခေတ်တွင် ဝန်ကြီးဗညားဒလ ရေးသားသော စာဖြစ်သည်ဟု ယူဆကြသည်။ ရာဇာဓိရာဇ်၏တပ်နှင့် မင်းရဲကျော်စွာ၏ တပ်တို့ရင်ဆိုင်ကြစဉ် မင်းရဲကျော်စွာ ဒဏ်ရာရပြီး ရာဇာဓိရာဇ်၏ တပ်ထဲမှာ ကျဆုံးသွားရပုံကို ရေးသားထားခြင်းဖြစ်သည်။ တောင်ငူခေတ်စာပေဖြစ်သော ထိုအရေးတော်ပုံကျမ်းတွင် ထိုဖြစ်ရပ်ကို အစောဆုံးဖော်ပြခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

တိုက်ပွဲတွင် မင်းရဲကျော်စွာစီးသော ဆင်တော် ချစ်ခိုင် ဒဏ်ရာပြင်းစွာရပြီး ခါချသည့်အတွက် မင်းရဲကျော်စွာ ဆင်ပေါ်ကကျပြီး ဆင်နင်းမိသောဒဏ်ရာဖြင့် ဥန္နပင်အောက်မှာ လဲကျနေစဉ် ရာဇာဓိရာဇ်လူများတွေ့၍ ရာဇာဓိရာဇ်ထံခေါ်သွားသည်။ ရာဇာဓိရာဇ်က မင်းရဲကျော်စွာကို 'ဆေးဝါးကုသ၍ ကျန်းမာလာလျှင် အင်းဝသို့ပြန်လိုလည်း အင်းဝတိုင် ငါကပို့ပါမည်။ ပဲခူးမြို့တွင် နေထိုင်လျှင်လည်း ငါ့သမီးနှင့်ပြုစု၍ အိမ်ရှေ့အရာပေးမည်။ မင်းကိုယ်ကို ကျန်းမာအောင်ပြုပါ' ဟု မိန့်ပြီး ဆေးပေးသည်။ သို့သော် မင်းရဲကျော်စွာက ဆေးမသောက် ဘကြီးတော်ကိုငါစစ်ပြုမည်။ သည်ကာလ ပဲခူးမြို့ကိုမရဘဲ မဖြစ်ပြီကတိရှိသည်။ ဆေးကိုလည်း မသောက်ပြီ။ ယခုငါသို့စဉ် ဖြစ်ခဲ့ပြီးသော သူ့ကျွန်ဟူသောအမည်ကို မခံပြီ။ ငါ့အသက်ရှင်တာထက် သေရသော် မြတ်၏' ဟုဆိုသည်။ အရေးတော်ပုံတွင် ထိုသို့ဖော်ပြပြီးနောက် 'ဆေးမသောက်၍ ညဉ့်သုံးချက်တီးလောက်ကျော် လွန်လေ၏။ အမှုုအမတ်များကို သင်္ဂြိုဟ်၍ အရိုးကိုကောင်းမွန်စွာ ခွာလျက်မြှုပ်စေ၏' ဟု ဆက်လက်ဖော်ပြထားသည်။

ဆရာကြီး မင်းသုဝဏ်သည် ရာဇာဓိရာဇ်နှင့် မင်းရဲကျော်စွာကို အပြန်အလှန်ပြောကြပုံနှင့် မင်းရဲကျော်စွာ၏ ကြေကွဲဖွယ်ဘဝနိဂုံးကို 'မင်းရဲကျော်စွာ' ဆိုသော ကဗျာဖြင့် ပုံဖော်ထားသည်။ ဘကြီးတော်နှင့် တူတော်တို့၏ တွေ့ဆုံခန်းသည် ကဗျာတွင် ပို၍အသက်ဝင်လာသည်။ ရုပ်လုံးကြွလာသည်။ လွမ်းစရာလည်း ကောင်း သည်။

ဆရာကြီးက 'လုံ တား ပိုး ဝင်း၊ စစ်မြေခင်းတွင်၊ ဆင်မြင်းရုံလျက် ထိုနေ့က' ဟူ၍ ရာဇာဓိရာဇ်စခန်းချရာ စစ်မြေခင်း၏ မြင်ကွင်းကို နောက်ခံပြုလျက် ကဗျာကို

mgyoe.com

mgyoe.com

ဖွင့်လိုက်သည်။ ထို့နောက် မင်းရဲကျော်စွာ၏ အမူအရာကို စိတ်ကူးဖြင့်ပုံဖော်သည်။ ဒဏ်ရာကို အံကြိတ်ခံကာ နေပြည်တော်ရှိရာကို မျှော်ရှုရင်း လက်ယာလက်က ရွှေဓား၊ လက်ဝဲလက်က ရွှေလှံကို ကိုင်ကာ နံရံကိုမှီရင်း အားတင်းနေရသည့် အမူအရာဖြစ်သည်။

ထို့နောက် တူအရီးနှစ်ယောက် အပြန်အလှန် ပြောခန်းဖြင့်ဖြစ်ရပ်ကို တဖြည်းဖြည်း အရှိန်မြှင့်သွားသည်။ မင်းရဲကျော်စွာ၏ အဖြေစကားများကို တစ်ဆင့်ပြီးတစ်ဆင့် အရှိန်မြှင့်သွားခြင်းဖြစ်သည်။ ရာဇာဓိရာဇ်က 'ငါရှိပေလျက်၊ ပြည့်ကို ဝက်၍နန်းထက်မင်းမူ၊ ငါ၏တူ' ဟူ၍ 'တိုင်းပြည်ကို တစ်ဝက်ယူပြီး မင်းပြုပါတူတော်မောင်' ဟု အသာတကြည် ဖိတ်ခေါ်သောအခါ မင်းရဲကျော်စွာက 'ဘကြီးတော်ရဲ့ ကျေးဇူးငှဲ့လည်း တိုင်းပြည်မဲ့သူမဟုတ်ပါ' ဟု ငြင်းပယ်လိုက်သည်။ တစ်ဖန် ရာဇာဓိရာဇ်က 'သမီးတော်နှင့် ဥကင်ဖွင့်၍ အသင့် မင်းမူ ငါ၏တူ' ဟူ၍ 'သမီးတော်နှင့် ထိမ်းမြားပြီး မင်းပြုပါ တူတော်မောင်' ဟု ဖိတ်ခေါ်ပြန်သည်။ ထိုအခါ မင်းရဲကျော်စွာက 'ဘကြီးတော်ရဲ့ ကျေးဇူးငှဲ့လည်း မယားမဲ့သူမဟုတ်ပါ' ဟု ငြင်းပယ်လိုက်ပြန်သည်။

နောက်တစ်ဖန် ရာဇာဓိရာဇ်က 'သားတော်ရင်နှစ် သားရင်းစစ်သို့ ထီးလှစ်မင်းမူ ငါ၏တူ' ဟူ၍ 'သားအဖြစ် ထီးနန်းဆက်ခံပါ တူတော်မောင်' ဟု ဖိတ်ခေါ်သောအခါတွင်လည်း မင်းရဲကျော်စွာက 'ဘကြီးတော်ရဲ့ကျေးဇူးငှဲ့လည်း ဖခင်မဲ့သူမဟုတ်ပါ' ဟူ၍ ပြတ်ပြတ်သားသား ငြင်းပယ်လိုက်ပြန်သည်။ နောက်ဆုံးတွင် ရာဇာဓိရာဇ်က 'ငါ၏ထံမှောက်၊ ဆေးဝါးသောက်၍ ထမြောက်ကာမူ ပြန်လေတူ' ဟူ၍ 'ဆေးဝါးသောက်ပြီး ဒဏ်ရာပျောက်အောင် ကုသပြီးလျှင် အင်းဝသို့ပြန်ပါတူတော်မောင်' ဟု တိုက်တွန်းသည်။ ထိုအခါ မင်းရဲကျော်စွာက 'ဘကြီးတော်ရဲ့ ကျေးဇူးငှဲ့လည်း သေခြင်းမဲ့သူမဟုတ်ပါ' ဟူ၍ သေရမြဲမမွတာဖြစ်ကြောင်း၊ သေရသည်က မြတ်ကြောင်း အဆုံးစွန်အထိ ငြင်းပယ်ကာ အသက်စွန့်သွားပုံကို ဖွဲ့ထားသည်။

ဆရာကြီး မင်းသုဝဏ်သည် တူအရီးနှစ်ယောက်၏ အပြန်အလှန်စကားများကို အရှိန်အမြင့်ဆုံးအထိ မြှင့်လိုက်ပြီး နောက်၌ ဆောင်းပါးအစတွင် ဖော်ပြထားသော အဖွဲ့လေးဖြင့် ကဗျာကို အဆုံးသတ်လိုက်သည်။ ကဗျာအစတွင် ဖွဲ့ခဲ့သော လှံတွေဓားတွေ ရိုးရိုးစင်းစင်း မြင်ကွင်းမှာ ကဗျာအဆုံးတွင် ပြောင်းလဲသွားသည်။ ကျဆုံးသွားသော သူရဲကောင်းမင်းရဲကျော်စွာကို အလေးပြုသောအားဖြင့် လှံတွေဓားတွေကို ထောင်မတ်ထားရာမှ လှဲချလိုက်သည်။ နောက်မြင်ကွင်းတစ်ခုမှာ မင်းရဲကျော်စွာ၏

mgyoe.com

mgyoe.com

အထိမ်းအမှတ်စေတီတွင် ရာဇာဓိရာဇ် ကိုယ်တော်တိုင် ရေစက်သွန်းချ၍ အမျှသုံးကြိမ် ဝေနေသည့် မြင်ကွင်းဖြစ်သည်။

မင်းရဲကျော်စွာ ကျဆုံးသည့်နေရာသည် ယခင်က ဒလဟုခေါ်၍ ယခု တွံတေး တောကြီးတန်းဟု သိကြသော တောမြိုင်ခြေပင်ဖြစ်ပါသည်ဟု ဆရာကြီးက 'မြိုင်ခြေ ဒလတောကြီးတန်း' ဟူသော စကားကလေးဖြင့် ကဗျာကို အဆုံးသတ်လိုက်ပါသည်။ အတိတ်ဖြစ်ရပ်ကို ပစ္စုပ္ပန်နှင့်ဆက်စပ်၍ အတွေးဆန့်နိုင်သည့် အဖွဲ့ကလေးဖြစ်ပါ သည်။

ဤဖြစ်ရပ်ကို ရာဇာဓိရာဇ် အရေးတော်ပုံ၏နောက်တွင် ပေါ်ပေါက်သော ညောင်ရမ်းခေတ်မှ 'ဦးကုလားမဟာရာဇဝင်ကြီး' နှင့် ကုန်းဘောင်ခေတ်မှ 'တွင်းသင်း ရာဇဝင်သစ်' တို့တွင်လည်း တွေ့ရပါသည်။ အရင်းခံအကြောင်းအရာမှ အတူတူပင် ဖြစ်သော်လည်း ကွဲလွဲချက်တစ်ခုတွေ့ရပါသည်။ ရာဇာဓိရာဇ် အရေးတော်ပုံတွင် 'ဆေးမသောက်၍ ညဥ့်သုံးချက်တီးလောက်တွင် လွန်လေ၏' ဟုဆိုသော်လည်း ဦးကုလားမဟာရာဇဝင်ကြီးတွင် (မင်းရဲကျော်စွာက) ငါ့အသက်ရှင်သောထက် သေသော်မြတ်၏ ငါ့ကိုသတ်မည့် အခင်းကိုသာ စီရင်တော့ဟုဆိုလျှင် ရာဇာဓိရာဇ် လည်း မင်းရဲကျော်စွာကို သေခါနီးတိုင်အောင်မှ စိတ်ကိုမလျှော့။ နောင်သော် ငါ့ကိုပင် ကြံဖြစ်လိမ့်မည်ဟု ထိုညဥ့်တွင်လုပ်ကြံ၍ မိုးသောက်၍ ဆင်ထိသောအနာ သည်း၍ အနိစ္စရောက်သည့် အဟန်ကောင်းမွန်စွာ သင်္ဂြိုဟ်လေ၏' ဟုဆိုထားသည်။ မင်းရဲကျော်စွာကျဆုံးကြောင်း ဘုရင်မင်းခေါင်ကြားသောအခါ ဒလသို့ချီတက်လာ သည်။ 'ဘုရင်မင်းခေါင်လည်း ဒလသို့ရောက်တော်မူလျှင် အလုံးအရင်း ဆင်မြင်း ဝန်းရံ၍ သားတော်သင်္ချိုင်းရာသို့ သွားတော်မူ၏။ သားတော်အရိုးကိုလည်း ရာဇာဓိရာဇ်မြှုပ်ရာမှ ယူပြီးလျှင် ထီးဖြူအုပ်၍ အမွှေးအမတ်တကာအပေါင်း ပူဇော်စေ မှ ရွှေအိုးတွင်ထည့်ပြီးလျှင် လှော်ကားတွင်တင်၍ 'ပန်းမတီမှာချရ၏' ဟူ၍ ဆက်လက် ဖော်ပြထားပါသည်။

တွင်းသင်းရာဇဝင်သစ်တွင်လည်း ဦးကုလားရာဇဝင်မှ ဖော်ပြသကဲ့သို့ပင် မင်းရဲကျော်စွာ 'သူ့ကျွန်ဟူသော အမည်ကို ငါမခံလိုပြီ၊ သတ်မည်ကိုသာ စီရင်တော့' ဟုဆိုသဖြင့် ရာဇာဓိရာဇ်က 'သေခါနီးတိုင်အောင်မျှ မာန်မလျှော့' ဟုဆို၏။ မင်းရဲကျော်စွာကို သတ်ပြီးလျှင် ဆင်ထိသည့်အနာဖြင့် သေလေဟန် ကောင်းမွန်စွာ သင်္ဂြိုဟ်လျက် အရိုးကို ရွှေခွက်နှင့် မြှုပ်ထားကြောင်း၊ မင်းခေါင်ရောက်လာသောအခါ

mgyoe.com

mgyoe.com

အရိုးကိုဖော်၍ ရွှေအိုးတွင်ထည့်ပြီး ရွှေလော့်ကားနှင့် 'ပန်းမတီ' အဝမှာ ချကြောင်းဖော်ပြသည်။

မည်သို့ပင်ဖြစ်စေ ဆရာကြီးမင်းသုဝဏ် စိတ်ကူးပုံဖော်ပြသော မင်းရဲကျော်စွာအထိမ်းအမှတ် စေတီတော်တွင် ရာဇာဓိရာဇ်ရေစက်ချ အမျှဝေသည့် မြင်ကွင်းကလေးကား လွမ်းစရာကောင်းလှပါသည်။

တောင်ငူခေတ် စာပေတစ်ရပ်ကို အခြေခံ၍ ပေါ်ထွန်းလာသော စာပေအသီးအပွင့်တစ်ခုဟု ဆိုနိုင်ပါလိမ့်မည်။

ရတုမြေမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၂၀၁၅ ခုနှစ်။

-- ✿ --

mgyoe.com

mgyoe.com

ကလေးကဗျာယောင်ဆောင်နေသော လူကြီးကဗျာများ

သုံးနှစ်သား၊ လေးနှစ်သားအရွယ် ကလေးလေးတွေ မောင့်ကျက်သရေခေါင်းပေါင်းနှင့် တိုက်ပုံအင်္ကျီနှင့် တောင်ရှည်ပုဆိုးနှင့် လူကြီးလိုဝတ်ဆင်ပြီး သရုပ်ဆောင်သည်ကို မြင်ဖူးကြပါလိမ့်မည်။ ကလေးက လူကြီးစတိုင်ဖမ်းပြီး ပြောဆိုနေပုံမှာ အလွန်ချစ်စရာကောင်းပါသည်။ သို့သော်...

လူကြီးက ကလေးအဝတ်ကိုဝတ်ပြီး ကလေးလို သရုပ်ဆောင်လျှင်တော့ ကြည့်မကောင်းပါ။ ဘယ်လိုပဲ ကလေးယောင်ဆောင်ထားထား သူ့မျက်နှာက ရင့်နေသည်။ ကလေးလိုပြောဆိုနေပုံကလည်း ကလက်တက်တက်ဖြစ်နေတတ်သည်။ အသက် ၄၀ ကျော်မင်းသား၊ မင်းသမီးတွေ တက္ကသိုလ်ကျောင်းသား ကျောင်းသူလို သရုပ်ဆောင်သော ရုပ်ရှင်တွေကို ကြည့်ရလျှင် ထိုသို့ပင်ခံစားရတတ်ပါသည်။

ဖေဖော်ဝါရီလ ၁၁ ရက်တွင် Myanmar Book Plaza မှာ ကျင်းပသော ဆရာကြီးမင်းသုဝဏ် ၁၀၉ နှစ်ပြည့်ပွဲသို့ တက်ခဲ့ရာမှ ဆက်စပ်ပြီး အတွေးမျှင်တန်းမိခြင်းဖြစ်သည်။ ထိုပွဲမှာ ပန်းဘဲတန်းမြို့နယ် အထက များမှ ကလေးများက ဆရာကြီး၏ ကဗျာများကို ဟန်အမူအရာများဖြင့် ချစ်စဖွယ်ရွတ်ဆိုပြကြသည်။ 'သပြေသီးကောက်'၊ 'ဥပုသ်စောင့်'၊ 'ဝဏ်ပါ' စသည့် ကဗျာများဖြစ်သည်။ ဆရာကြီး၏ နာမည်ကျော် ကလေးကဗျာများကို မူလတန်းကျောင်းသားအရွယ် ကလေးများက ကလေးအမူအရာများဖြင့် ရွတ်ဆိုကြသည်ကို နားထောင်ရသည်မှာ ပျော်စရာ၊ ကြည်နူးစရာ ကောင်းပါသည်။ ကလေးများ ပျော်ရွှင်စေလိုသော စေတနာ၊ ကလေး

mgyoe.com

mgyoe.com

များကို ချစ်သောစိတ်ဖြင့် ရေးဖွဲ့သော ကဗျာများဖြစ်၍ အသံသာသည်။ ပြေပြစ်သည်။ ဆို၍ရွတ်၍ ကောင်းသည်။ ထိုမျှမကရေးဖွဲ့သော အကြောင်းအရာများကလည်း ကလေးများ၏ ပတ်ဝန်းကျင်မှာ ကလေးများ နေ့စဉ်တွေ့မြင်နေရသော ကျေးငှက်များ၊ သစ်ပင်ပန်းမန်များ၊ ကစားစရာများ၊ သူငယ်ချင်းများ၊ ဖေဖေ၊ မေမေ၊ ကိုကို၊ မမ များစသည်တို့ဖြစ်သည်။

ဆရာကြီးမင်းသုဝဏ်သည် ကလေးများ ကကြီးခခွေးသင်ရင်း ပျော်ပျော်ရွှင်ရွှင် ရွတ်ဆိုဖို့ 'သင်ပုန်းကြီးလင်္ကာ' ခေါ် ကကြီးခခွေး ကဗျာကလေးကိုလည်း ရေးဖွဲ့ခဲ့သည်။ 'က–ကန်စွန်းပင် ရေမှာရှင်၊ ခ–ခရမ်းသီးစားနဲ့လို့း' စသည့်ဖြင့် ဗျည်းစဉ် အတိုင်းရေးဖွဲ့ထားသည်။ 'ဆ–ဆရာကြီး ခေါင်းလောင်းတီး' ကျတော့ ကျောင်းတက် ခေါင်းလောင်းကို ဂလောင်ဂလောင်မြည်အောင် တီးနေသော သူတို့ဆရာကြီးကို မြင်ယောင်လာနိုင်သည်။ အသံကို ချီလိုက်ချလိုက်၊ နိမ့်လိုက်မြင့်လိုက် တစ်လှည့်စီ ရေးဖွဲ့ထားသဖြင့် လှိုင်းစီးနေရသလို၊ စီးဆောစီးနေရသလို သွက်လက်လှုပ်ရှားနေ သည်။ ရေးဖွဲ့သည့် အကြောင်းအရာတွေကကော။ ခရမ်းသီး၊ ငါးပုဏ္ဏား၊ စံပယ်ဖြူ ညနေခင်း၊ ပလူ၊ ပရွက်၊ နဖူး၊ ထရံ၊ အိမ်မြှောင်၊ မရန်းသီး၊ ဒရယ်၊ ရထား၊ မြင်း၊ နွား စသည့်ကလေးနှင့် ရင်းနှီးသော၊ ကလေးသိပြီးသား အကြောင်းအရာတွေ ဖြစ် သည်။ ကဗျာကလေးတွေကို ရွတ်ရင်းဆိုရင်း ပတ်ဝန်းကျင်က လူတွေ၊ ကျေးငှက် တိရစ္ဆာန်တွေ၊ အရာဝတ္ထုတွေ၊ သစ်ပင်ပန်းမန်တွေကို မြင်ယောင်လာအောင် ထိုမှတစ် ဆင့် သဘောကျလာအောင်၊ ပျော်လာအောင် ဖန်တီးပေးနိုင်သော ကဗျာကလေးများ ဖြစ်ပါသည်။

'ပထမ ခေတ်သစ်ကလေးကဗျာစာဆို' ဟု ဝိသေသပြုအပ်သော ဆရာကြီး မင်းသုဝဏ်၏ နောက်တွင် ကဗျာစာဆိုပေါင်းများစွာတို့သည် ကလေးချစ်သော စိတ်၊ ကလေးများကို ပျော်ရွှင်စေလိုသောစိတ်ဖြင့် ကလေးကဗျာပေါင်းများစွာ ရေးဖွဲ့ခဲ့ကြပါ သည်။ ထိုကဗျာများကို ရွတ်ဆိုပြီး ကလေးများ ပျော်ရွှင်ကြည်နူးခဲ့ရပါသည်။ ကဗျာ ဆရာညွှန်ပြသော ပျော်စရာကောင်းသော လောကသစ်ကို ကလေးများ အမြင်သစ်ဖြင့် မြင်တတ်ကြည့်တတ်အောင် သရုပ်ဖော်ပေးသည်လည်း ရှိပါသည်။ ကဗျာဆရာ နာမည်တွေအားလုံး ဖော်ပြဖို့ မလွယ်လှပါ။ တစ်ယောက် နှစ်ယောက်ပြရလျှင် မောင် သက်ကြူ၏ ကဗျာကလေးတစ်ပုဒ်မှ 'ဘူးသီးကလေးဝတုတ်တုတ် ညီညီဖိုးဝရုပ်၊ ခေါင်းစုတ်ဖွားနဲ့ စောင်ခြုံတယ်၊ ပြောင်းဖူးအဖျားသည်' ဆိုသော အဖွဲ့ကလေးကို

mgyoe.com

mgyoe.com

ကြည့်ပါ။ ကလေးတွေ မြင်တွေ့နေကျ ဘူးသီးဝဝကလေးကို ဖိုးဝရုပ်ကလေးအဖြစ် ပြောင်းပြီးမြင်ခိုင်းသည်။ အမွေးစုတ်ဖွားနှင့်၊ အခွံတွေနှင့် ပြောင်းဖူးကြီးကျတော့ ခေါင်းစုတ်ဖွားကြီးနှင့် စောင်ခြုံပြီး အဖျားတက်နေရှာသော အဖျားသည်ကြီးအဖြစ် မြင်ခိုင်းပြန်သည်။ ဘယ်လောက် ဆန်းသစ်လိုက်ပါသလဲ။ ဘယ်လောက်ပျော်စရာကောင်းလိုက်ပါသလဲ။ တင်မိုးက 'ကောင်းကင်ကြီးဟာ ကျောက်သင်ပုန်းပေါ့၊ ကြယ်ဝလုံးတွေရေးရမယ်' ဟု ကလေးအတွက် လောကသစ်တစ်ခု ဖန်ဆင်းပြသည်။ ကလေးလေးတစ်ယောက် တစ်ခါမှ စိတ်မကူးဖူးသည့် သစ်ဆန်းသော လောကကြီးဖြစ်သည်။ ကျယ်ပြန့်သော ကောင်းကင်ကြီးသည် ဧရာမ ကျောက်သင်ပုန်းကြီး ဖြစ်သွားသည်။ ကောင်းကင်မှာ တလက်လက်တောက်ပနေသော ကြယ်ကလေးတွေသည် ကလေးရေးနေသော ကျောက်သင်ပုန်းကြီးပေါ်က ဝလုံးကလေးတွေဖြစ်သွားသည်။ ပျော်စရာလောကကြီးဖြစ်သည်။ ဆန်းသစ်သော လောကကြီးဖြစ်သည်။ ထိုအဖွဲ့ကလေးတွေက ကလေးများ၏ စိတ်ကူးကို ကွန့်မြူးနိုင်အောင် လမ်းဖွင့်ပေးသည်။

တစ်ခါတစ်ခါကျတော့ 'ကလေးကဗျာသည် ကလေးအတွက်ဟူသော လမ်းကြောင်းမှ သွေဖည်သွားတာတွေလည်းရှိသည်။ ဆရာကြီးမင်းသုဝဏ်၏ သင်ပုန်းကြီးကဗျာကို "ရှိးသွားပြီ၊ အသစ်ပြောင်းဖို့လိုပြီ' ဟု ထင်လေသောကြောင့်လားတော့မသိပါ။ ၁၉၆၀ ကျော်ကာလ သင်ပုန်းကြီးလက်ာ အသစ်တစ်မျိုး ပြောင်းလိုက်သည်။ 'က–ကညစ် ပေမှာခြစ်၊ ခ–ခရာ အသံသာ၊ ဂ–ဂဏန်းရေမှာဖမ်း။ င–ငရုတ်စိမ်း စပ်ရှိန်းရှိန်း၊ စ–စပါးတို့အားထား၊ ဆ–ဆရာရှိသေပါ၊ ဇ–ဇရပ်မှာ တည်းခိုပါ' တဲ့။ ကဗျာ၏ အသံက ချိုလိုက်ချုလိုက် တစ်လှည့်စီမဟုတ်တော့ဘဲ ချုသည့် အသံချည်း နှစ်ကြိမ်ထပ်ချင်ထပ်သည်။ ချိုသည့်အသံချည်း နှစ်ကြိမ်ထပ်ချင် ထပ်သည်။ ရွတ်ဆိုရတာ မပြေပြစ်ပါ။ က–ကန်စွန်းပင်ဟု သုံးသံမထားတော့ဘဲ က–ကညစ်ဟု နှစ်သံထပ်ထားသဖြင့် အသံဆွဲ၍မရဘဲ ပြတ်တောက်တောက် ဖြစ်နေသည်။ ရေးဖွဲ့သည့် အကြောင်းအရာကကော။ ကလေးမပြောနှင့် လူကြီးတွေတောင် သိပ်မမြင်ဖူးသော 'ကညစ်' က အစချီပြီး 'စပ်ရှိန်းရှိန်း' စသည့် စကားတွေပါနေသည်။ ထိုသင်ပုန်းကြီးလက်ာ ပြဋ္ဌာန်းစဉ်ကတော်တော် ဝေဖန်ခံလိုက်ရသည်။ ယခု ကလေးတွေ ရွတ်ဆိုနေကြသော 'က–ကလေးငယ်၊ ချစ်စဖွယ်၊ ခ–ခရေကုံးမလေးပြုံး၊ ဂ–ဂဏန်းသင် ပြုံးရွှင်ရွှင်၊ င–ငချိပ်ပေါင်းစားလို့ကောင်း' ဆိုသော ကဗျာကျတော့ အသံအချိုအချုလည်း မှန်သည်။ အရေးအဖွဲ့လည်း ပြေပြစ်သည်။ အကြောင်းအရာကလည်း ကလေးနှင့်လိုက်ဖက်သည်။ ဆရာ

mgyoe.com

mgyoe.com

တင်မိုး ရေးဖွဲ့ထားသော ကဗျာဖြစ်သည်။

ဆရာကြီးမင်းသုဝဏ်က သင်ပုန်းကြီးလင်္ကာမှာ ကလေးများအတွက် ခက်ခဲသော 'ဃ၊ ဈ၊ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ' စသည့်ဗျည်းများချန်ခဲ့သည်။ ထိုအက္ခရာများဖြင့် စသော စကားလုံးများမှာ ရှားလည်းရှားသည်။ ခက်လည်းခက်သည်။ ဤအခြေအနေကို ဂရုမပြုမိသူအချို့က ဗျည်း ၃၃ လုံးပြည့်စုံအောင်ပြသော ရုပ်ပုံတွေ၊ လင်္ကာတွေ၊ ဖန်တီးကြသေးသည်။ ဃ–ဃဋီကာရဖြဟ္မာဆင်းသက်လာ ဆိုတာမျိုးဖြစ်သည်။ သို့သော် အများအသုံးမပြုသဖြင့် ပျောက်ကွယ်သွားသည်။

ကလေးများအတွက် ရေးသည်ဆိုသော ကလေးကဗျာ တော်တော်များများသည် ရေးဖွဲ့ပုံ ဆန်းသစ်ခြင်းမရှိဘဲ အပ်ကြောင်းထပ်နေသည်ကို တွေ့ရပါသည်။ ဆရာကြီး မင်းသုဝဏ်၏ ဝါဆိုဝါခေါင်ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်၊ ပုံစံမျိုး၊ 'မောင်လေးရေထပါတော့၊ ရောင်နီလာလှပေါ့'·ပုံစံမျိုးတို့ကို ထပ်တလဲလဲ ရေးနေကြပြီး ပုံစံသစ်ဖြင့် ရေးဖွဲ့ပုံမျိုး၊ ဆန်းသစ်တီထွင်ပုံမျိုး နည်းပါးနေသည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။ ထားပါတော့။ ရေးဖွဲ့သည့် အကြောင်းအရာများက ကလေးကဗျာလမ်းကြောင်းမှ များစွာသွေဖည်နေသည်ကို တွေ့ရပါသည်။ ကလေးကဗျာဆိုသည်မှာ စာမဖတ်တတ်သေးသော ကလေးအရွယ်မှစ၍ အလွန်ဆုံးအသက် ၁၂ နှစ်အရွယ် လောက်အထိ ကလေးများအတွက် ရည်ရွယ်ရေးဖွဲ့သော ကဗျာများဖြစ်သည်ဟု နားလည်ထားပါသည်။ သို့သော် ရေးဖွဲ့သည့် အကြောင်းအရာမှာ ကလေးများ၏ ဉာဏ်ရည်အသက်အရွယ်တို့ထက် များစွာမြင့်နေသော အကြောင်းအရာများဖြစ်နေသည်။ နက်နဲသော ဗုဒ္ဓဘာသာ တရားဓမ္မဆိုင်ရာ အကြောင်းအရာများကို ကလေးကဗျာပုံစံဖြင့် ဖွဲ့သောအခါ ဒါန၊ သီလ၊ ဘာဝနာအကြောင်း၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်အကြောင်း၊ ငါးပါးသီလအကြောင်းတွေ အတုံးလိုက်အတစ်လိုက် ရေးဖွဲ့သော ကဗျာတွေဖြစ်လာပါသည်။

နိုင်ငံရေးအကြောင်း ကျတော့လည်း ပျူခေတ်ကစ၍ ပုဂံခေတ်မှ ကိုလိုနီခေတ်အထိ သမိုင်းကြောင်းတွေကို ကလေးကဗျာပုံစံဖြင့် ရေးကြသည်။ ဆရာစံတို့၊ ရဲဘော်သုံးကျိပ်တို့၊ ပင်လုံစာချုပ်တို့၊ အာဇာနည် ကိုးဦးတို့ အစုံပါသည်။ မြန်မာ့သမိုင်းမှာ ထင်ရှားသော မင်းဇကရာဇ်တွေ၊ ခေါင်းဆောင်တွေ၊ စာဆိုတော်တွေ၏ အတ္ထုပ္ပတ္တိကိုရေးသော ကဗျာများလည်းမရှားပါ။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းတွေချည်း ကဗျာတစ်အုပ်လုံး ရေးထားတာမျိုးလည်းရှိသည်။ စာပေကျမ်းဂန်ဘက် ကြည့်ပြန်

mgyoe.com

mgyoe.com

တော့ ဓမ္မပဒတို့၊ ဟိတောပဒေသတို့ ပဉ္စတန္တရတို့ဆိုသော ဝတ္ထုတွေကို ကလေးကဗျာပုံစံဖြင့် ဖွဲ့ကြသည်။ 'အေ' က 'ဇက်' အထိ အင်္ဂလိပ်ဗျည်း ၂၆ လုံး၊ 'က' မှ 'အ' အထိ မြန်မာဗျည်း ၃၃ လုံးကို ဘယ်လိုရေးရမည်။ ဆွဲရမည်ဟု လမ်းညွှန်သော ကဗျာမျိုးတွေလည်းပါသည်။ ကလေးတွေ လိမ္မာရေးခြားရှိဖို့ဆိုပြီး အခြောက်တိုက်သြဝါဒပေးသော ကဗျာမျိုးတွေလည်း တွေ့ရပါသည်။ ကလေးတွေသိသင့်သော အိုင်တီဗဟုသုတတွေဆိုပြီး ဗဟုသုတအချက်အလက်တွေကို ကာရန်ချိတ်ပြီး ကလေးကဗျာပုံစံနှင့် ရေးထားတာမျိုးတွေလည်း တွေ့ရသည်။

နောက်ထပ် တွေ့ရသည်မှာ ကလေးကဗျာ တော်တော်များများသည် အသက်မပါဘဲ ခြောက်ခြောက်ကပ်ကပ် ဖြစ်နေခြင်းဖြစ်သည်။ သက်ရှိသက်မဲ့တို့၏ သွင်ပြင်မူရာ လှုပ်ရှားမှုအသံ၊ အနံ့၊ အရသာ စသည်တို့ကို နှစ်သက်ဖွယ်ဖြစ်အောင် သရုပ်ပေါ်အောင် ရေးဖွဲ့ခြင်းမျိုးထက် သိစရာ၊ မှတ်စရာ အချက်လက်သုတကို အားပြုရေးဖွဲ့ခြင်းမျိုးကို အတွေ့ရများပါသည်။ ကလေးတွေဘက်က စဉ်းစားကြည့်တော့ ကဗျာပုံစံတွေထပ်နေသဖြင့် ကလေးတွေ စိတ်မဝင်စားပါ့မလား၊ စိတ်ဝင်တစား ရွတ်ချင်ဆိုချင်ပါ့မလားဟု တွေးစရာဖြစ်သည်။ ပျော်စရာ၊ နှစ်သက်စရာ အရသာကလေးများဖြင့် စိုစိုပြည်ပြည် ဝေဝေဆာဆာ ရေးဖွဲ့ခြင်းမျိုးမဟုတ်ဘဲ အချက်အလက်တွေကို ကာရန်ချိတ်ပြီး ခြောက်ကပ်ကပ်ရေးထားပုံမျိုး တွေ့ရပါသည်။

ထိုကဗျာမျိုးတွေကိုဖတ်ပြီး ဆောင်းပါးအစမှာ ဖော်ပြခဲ့သလို အသက်အရွယ်ရနေပြီဖြစ်သော လူကြီးတွေက ကလေးဝတ်သည့် အဝတ်အစား အဆင်အပြင်မျိုးဖြင့် ကလေးလုပ်နေသည်ကို မြင်နေရသလိုမျိုး ခံစားမိပါသည်။ ပုံသဏ္ဍာန်ကတော့ ကလေးကဗျာတွေပါပဲ။ အတွင်းသားကိုကြည့်တော့ ကလေးကဗျာယောင်ဆောင်နေသော 'လူကြီးကဗျာ' တွေများ ဖြစ်နေလေပြီလားဟူ၍သာ။ ။

၂၄-၂-၂၀၁၈၊
New watch၊ ဖေဖော်ဝါရီ၊ ၂၀၁၈ ခုနှစ်။

-- ● --

mgyoe.com

mgyoe.com

ရသနှင့်မယဉ်ပါးလေသောအခါ

တလောက "မီ" ရုပ်ရှင်ဇာတ်ကားနှင့် စီးကရက်ပြဿနာနှင့် ပတ်သက်၍ လူမှုကွန်ရက်မှာ အပြန်အလှန်ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြသည်ကို ဖတ်လိုက်ရသည်။ တစ်ခါက ကျွန်တော်ရေးခဲ့ဖူးသော ဆောင်းပါးတစ်ပုဒ်ကို ကိုးကားပြီးဆွေးနွေးသည်ကိုလည်း သတိထားလိုက်မိပါသည်။ ထိုအကြောင်းနှင့် ဆက်စပ်၍ ပြောချင်စရာကလေးတွေ စိတ်ထဲမှာပေါ်လာပါသည်။

တော်တော်တော့ ကြာသွားပါပြီ။ ၁၉၈၀ ကျော်ကဖြစ်သည်။ ထိုအချိန်က ကျွန်တော်သည် အခြေခံပညာ မြန်မာစာသင်ရိုးသစ်အတွက် ပြဋ္ဌာန်းစာအုပ်များ ပြုစုသည့်အဖွဲ့တွင် အဖွဲ့ဝင်တစ်ယောက်အဖြစ် ပါဝင်ဆောင်ရွက်နေပါသည်။ သူငယ်တန်းမှ ဒသမတန်းအထိ မြန်မာစာပြဋ္ဌာန်းစာအုပ်များ ပြုစုပြီး၍ ကျောင်းများမှာ စတင်သင်ကြားနေချိန်ဖြစ်သည်။ တစ်နေ့မှာတော့ ပညာရေးဝန်ကြီးရုံးမှ ကျွန်တော်တို့ သင်ရိုးအဖွဲ့သို့ စာတစ်စောင်ရောက်လာသည်။ ထိုစာတွင် ဆရာဝန်လေးတစ်ယောက်က မြန်မာစာပြဋ္ဌာန်းစာထဲမှ မယ်ခွေ၏ ဆေးလိပ်လက်ဆောင်ကဗျာကို မပြဋ္ဌာန်းသင့်သည့်အတွက် ပြဋ္ဌာန်းစာထဲမှ ဖြုတ်ပေးရန် ပညာရေးဝန်ကြီးသို့ တိုင်ကြားထားသည့်စာကို ရည်ညွှန်းထားသည်။ ဆရာဝန်လေး၏ အကြောင်းပြချက်မှာ ဆေးလိပ်လက်ဆောင်ကဗျာသည် ကျောင်းသားလူငယ်များ ဆေးလိပ်သောက်ချင်အောင် လှုံ့ဆော်သည့်ကဗျာဖြစ်သည့်အတွက် ကျောင်းမှာ မသင်သင့်သော ကဗျာဖြစ်သည်။ ထို့ကြောင့် ဖြုတ်ထားသင့်သည်ဟူ၍ ဖြစ်ပါသည်။

mgyoe.com

mgyoe.com

သင်ရိုးအဖွဲ့ဥက္ကဋ္ဌဖြစ်သော မြန်မာစာပါမောက္ခ ဆရာမကြီးနှင့်တကွ အဖွဲ့ဝင် ဆရာ၊ ဆရာမအားလုံး သဘောပေါက်လိုက်သည်ကတော့ "ဩော် ဒီဆရာဝန်ကလေး နှယ်၊ ရသနဲ့ မယဉ်ပါးရှာဘဲကိုး" ဟူ၍ ဖြစ်ပါသည်။ သူတိုင်ကြားသော ကဗျာမှာ ကုန်းဘောင်ခေတ်စာဆို မယ်ခွေ၏ "မဝယ်ဘူး၊ မယ်ရှူးတဲ့ဖက်စို" အစချီ လေးဆစ် ကဗျာကလေးဖြစ်သည်။ ကိုလိုနီခေတ်မှစ၍ ခေတ်အဆက်ဆက် အမြတ်တနိုးသင် ကြားလာခဲ့သော မေတ္တာဘွဲ့ကဗျာလေးဖြစ်သည်။ မိန်းကလေး သူ့ချစ်သူ 'ငယ်ချစ် မောင်' ကိုမေတ္တာသင်္ကေတအဖြစ် လက်ဆောင်ပေးရန် ကိုယ်တိုင်ဆေးလိပ်ကလေး လိပ်ပြီး လက်ဆောင်ပေးပုံကို လှလှပပဖွဲ့ထားသော ကဗျာကလေးဖြစ်သည်။ မိန်းကလေးက ချစ်သူအတွက် ဆေးလိပ်လိပ်ရန် ဖက်ကလေးကို ဆိုင်မှပင်မဝယ်ဘဲ အပင်မှ ကိုယ်တိုင်ရှူးခဲ့သည်။ လတ်လတ်ဆတ်ဆတ် ရှူးခါစဖက်ကလေးမှာ စိုနေ သေးသည်။ ဖက်ကလေးကို မီးလည်းမကင်ရက်၊ နေလည်းမပြရက်သဖြင့် ကိုယ်ငွေ့ ကလေးဖြင့် ခြောက်သွေ့အောင် သူ့အိပ်ရာအောက်မှာ အသာအယာထားလိုက်သည်။ ဆေးလိပ်လိပ်သောအခါ ဖက်ရွက်အညှာကလေးကို ရွှေ့သွားကလေးဖြင့် ကိုက်ဖြတ် လိုက်သေးသည်။ ဆေးလိပ်လိပ်ပြီးသောအခါ ပိုးချည်မသုံးဘဲ ဝါချည်ဖြူကလေး တစ်ပင်နှင့် ရစ်ပတ်လိုက်သည်။ အလွန်အရသာရှိမည့် ဆေးလိပ်ကလေးလိပ်ပြီးသွား ပြီမို့ အင်းဝသို့သွားမည့် ငယ်ချစ်မောင်ကို ဆေးလိပ်ကလေး လက်ဆောင်ပါးလိုက်ပါ ပြီဟု လှလှပပရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဤကဗျာကလေးသည် ဆေးလိပ်လက်ဆောင်အကြောင်း ဖွဲ့သော်လည်း ဆေးလိပ်ကို သင်္ကေတပြု၍ မိန်းကလေး၏မေတ္တာကို လှပသိမ်မွေ့စွာ ဖွဲ့ထားခြင်းသာ ဖြစ်ကြောင်း၊ ဆေးလိပ်ထက် မေတ္တာက ပဓာနကျကြောင်း၊ ရသနှင့် ယဉ်ပါးသူတိုင်း၊ စာပေမွေ့လျော်သူတိုင်း နားလည်သဘောပေါက်ကာ ထိုကဗျာကပေးသော ရသကို နှစ်နှစ်သက်သက် ခံစားဖူးကြမည်ဖြစ်ပါသည်။ သင်သော ဆရာ၊ ဆရာမကလည်း ကဗျာအရသာပေါ်အောင်၊ ရင်ထဲရောက်အောင် သင်ကြားပေးသည်။ ကျောင်းသူ ကျောင်းသားကလည်း ကဗျာအရသာကို ရင်ထဲကခံစားပြီး မိန်းကလေး၏ မေတ္တာကို နားလည်သွားသည်။ ကျောင်းမှထွက်ခဲ့သော်လည်း မမေ့နိုင်စရာ ကဗျာကလေးအဖြစ် ရင်ထဲ့ာ စွဲကျန်ရစ်ခဲ့သည်။ ဆေးလိပ်ကို ပဓာနထား ဖွဲ့ခြင်းမဟုတ်သည့်အတွက် ကဗျာဖတ်သူတို့ ဆေးလိပ်ကိုမမြင်မိပါ။ ဆေးလိပ်သောက်ချင်စိတ်လည်း မပေါ်မိပါ။ "ဩော် ဒီဆရာဝန်ကလေးက ဆေးလိပ်ကို မေတ္တာအမှတ်အသားလို့မမြင်ဘဲ ဆေးလိပ်

mgyoe.com

mgyoe.com

ကို ဆေးလိပ်လို့ပဲမြင်နေတာကိုး” ဟုလည်း ဆွေးနွေးမိကြသည်။ ထိုအကြောင်းကို “ဆေးလိပ်လက်ဆောင် မရောင်ရာဆီလူး” ဟူသောခေါင်းစဉ်ဖြင့် ကျွန်တော်စာတစ်ပုဒ် ရေးဖြစ်ခဲ့သည်။ ထိုမှနှစ် ၃၀ လောက်ကြာသောအခါ ယခု မရောင်ရာဆီလူးသည့် အလားတူဖြစ်ရပ်တစ်ခု ထပ်ပေါ်လာပြန်ပါပြီ။

အလားတူဖြစ်ရပ်တစ်ခုကို သတိရလာမိသည်။ ဆရာဇော်ဂျီ၏ ဗေဒါလမ်း ကဗျာကို အများသိကြပါသည်။ မြစ်ကြောတစ်လျှောက်တွင် ဒီရေနှင့်အတူ တက်လိုက် သက်လိုက် စုန်လိုက်ဆန်လိုက် ရုန်းကန်လှုပ်ရှားနေသော ဗေဒါ၏အမူအရာကို ဖွဲ့ထား သော ထိုကဗျာများတွင် ဗေဒါကို ဗေဒါအဖြစ် ဖွဲ့ခြင်းမဟုတ်ဘဲ လူသားအဖြစ်လူမှု ပြု၍ တင်စားရေးဖွဲ့ခြင်းဖြစ်သည်ကို စာပေသမားတိုင်းသိကြပါသည်။ တစ်ခါတွင် ဆရာမတစ်ယောက်က ဗေဒါလမ်းကဗျာကို သင်ကြားရာတွင် တကယ့်ဗေဒါပန်း ကလေးတစ်ပွင့်ကို ကိုင်၍ သင်ကြားကြောင်း ကြားရသောအခါ “မရောင်ရာဆီလူးပြန် ပြီကော” ဟု တွေးမိပါသည်။ ဗေဒါကို တကယ့်ဗေဒါအဖြစ် ရှုမြင်ခြင်းထက်ဗေဒါဖြင့် တင်စားသောလူ့သဘော၊ လူ့အမူအရာကို ပေါ်လွင်အောင် ဖော်ထုတ်ခြင်းက ကဗျာ့ ဂုဏ်ကို ပို၍ထင်ရှားစေပါလိမ့်မည်။ ထို့ထက်ပိုဆိုးသည်က ဆွေးနွေးပွဲတစ်ခုတွင် ဗေဒါလမ်းကဗျာကို ဝေဖန်ရာ၌ မြစ်ထဲချောင်းထဲမှာ လေ့လှော်၍မရအောင် ချောင်းကို ပိတ်ဆို့နှောင့်ယှက်တတ်သည့် ဗေဒါလိုအပင်မျိုးကို ကဗျာဖွဲ့ရကောင်းလားဟု ဝေဖန် ခြင်းဖြစ်သည်။ ဗေဒါလမ်းသည် ဗေဒါကိုဖွဲ့ခြင်းမဟုတ်၊ လူကိုဖွဲ့ခြင်းဖြစ်ကြောင်း ဝေဖန်သူ စာရေးဆရာကြီး ပညာရှင်ကြီးတို့ မသိစရာမရှိပါ။ သိလျက်နှင့် တမင်တိုက် ခိုက်လိုသည့်အတွက် ဤသို့ဝေဖန်ခဲ့ကြခြင်းဖြစ်ပုံရပါသည်။

ဆရာဝန်များထဲတွင် ရသနှင့် မစိမ်းရုံမက ရသစာပေများကို ရေးဖွဲ့ဖန်တီးခဲ့ ကြသော ဆရာဝန်စာရေးဆရာများစွာ ပေါ်ပေါက်ခဲ့ပြီးပါပြီ။ ‘တစ်ထောင့်တစ်ည’ ကို ခံ့ညားလှပစွာ မြန်မာဘာသာပြန်ဆိုခဲ့သော ဆရာဝန်ကြီး ဒေါက်တာရာမန် (ဒဂုံပ ဦးဘတင်၏ဖခင်) မှစ၍ ဒေါက်တာထွန်းရွှေ၊ မောင်သင်၊ ယုဝတီခင်ဦး၊ ဂျူး၊ မြနှောင်း ညို စသည်တို့မှသည် ယနေ့ထင်ရှားသော လက်ရာရည်ကျော်တို့အထိ ဆရာဝန်များ ထံမှ ထိုသို့သော ရှုမြင်သုံးသပ်မှုမျိုး၊ မကြားဖူး၊ မဖတ်ဖူးသည်ကတော့ အမှန်ပင်။

သိပ္ပံပညာရှင်နှင့် အနုပညာရှင်တို့ အမှန်တရားဆီသို့ ရောက်အောင်သွား သည်။ လမ်းချင်းသွားပုံသွားနည်းချင်း မတူကြပုံကို ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ် စသည့် ပညာရှင်များ မိန့်ဆိုဖူးပါသည်။ စာသားအတိအကျမဟုတ်သော်လည်း

mgyoe.com

mgyoe.com

သဘောကိုမှတ်မိနေပါသည်။

ပတ်ဝန်းကျင်ရှိ ပကတိလောကသည် သိပ္ပံပညာရှင်အတွက် အမှန်တရားဖြစ်သည်။ သိပ္ပံပညာရှင်က ပကတိလောကတွင်တွေ့ရသော အတိုင်းအတာ၊ ပမာဏစသည်တို့ကို အမှန်တရားအဖြစ် အရှိအတိုင်းယူသည်။ အနုပညာရှင်အတွက်မူ စိတ်ကူးဖြင့်တင်စားအပ်သော လောကသည် အမှန်တရားဖြစ်သည်။ အနုပညာရှင်သည် အမှန်တရားကို တင်စားဖော်ပြရာ၌ ပကတိလောကကို စွန့်တန်လျှင်စွန့်ရ သည်။ သိပ္ပံပညာရှင်နှင့် အနုပညာရှင်တို့ သွားသည့်လမ်းလည်း မတူသော်လည်း ပန်းတိုင်မှာ အတူတူပင်ဖြစ်သည်ဟူသာ အဆိုအမိန့်ဖြစ်သည်။

ကြားဖူးသည့် အကြောင်းတစ်ခုဖြင့် နိဂုံးချုပ်ပါသည်။ ဇာတ်မင်းသားကြီး ဂရိတ်ဦးဖိုးစိန် ကျော်ကြားသည့်ကာလ ဦးဖိုးစိန်၏ဇာတ်သဘင်ကို ပရိသတ်က သောင်းသောင်းဖြဖြ အားပေးကြသည်။ တစ်ညတွင် ဦးဖိုးစိန်က 'ကာကဝလ္လိယ' ဇာတ်ကို ကပြသည်။ ကာလဝလ္လိယမှာ အလွန်ဆင်းရဲသူဖြစ်သည်။ "နေပူကျဲကျဲ၊ ဝက်သိုက်တဲတွင် အုတ်ခဲခေါင်းအုံး၊ အိုးတစ်လုံးဖျာမရှိ၊ ဘူမိကမ္ဗလာ၊ မြေမွေ့ရာတွင်၊ ချူချာတော်မူလှသော" ဟူ၍ ဦးပုညကပင် စာဖွဲ့ရသည်။ သူဆင်းရဲကြီး ကာလဝလ္လိယက မိမိအလွန်ဆင်းရဲလှကြောင်းပြောရင်း ဝမ်းနည်းစွာ ငိုချင်းချပြီး မျက်နှာကို ပုဆိုးဖြင့်အုပ်လိုက်ရာ ပရိသတ်မှာ အလွမ်းကောင်းသော သူဆင်းရဲကြီးကို သနားလှသည့်အတွက် ဝမ်းနည်းကြရသည်။ သို့သော် မျက်နှာကို ပုဆိုးဖြင့်အုပ်လိုက်စဉ် လက်မှာဝတ်ဆင်ထားသော စိန်လက်စွပ်ကြီး တဖျတ်ဖျတ်လက်နေသည်ကို သတိမထားမိလိုက်ကြဟု ဆိုပါသည်။

၁၉-၁-၂၀၁၉၊

News Watch၊ ဇန်နဝါရီ၊ ၂၀၁၉ ခုနှစ်။

— ✿ —

mgyoe.com

mgyoe.com

သင်္ကေတဖန်တီးပုံများ

သင်္ကေတဖန်တီးမှုသည် လူသားများတွင်သာ အထင်အရှားတွေ့မြင်ရသော လိုအပ်ချက်ဖြစ်သည်။ သင်္ကေတဖန်တီးမှုသည် စားခြင်း ကြည့်ခြင်း လှုပ်ရှားခြင်းတို့ ကဲ့သို့ လူသား၏ အခြေခံကျသော လှုပ်ရှားမှုတစ်ခုဖြစ်သည်။ အမြဲလှုပ်ရှားနေသော စိတ်၏အခြေခံဖြစ်စဉ်တစ်ရပ်လည်း ဖြစ်သည်။ လူသား၏ စွမ်းဆောင်မှုများသည် သင်္ကေတအသုံးပြုမှုပေါ်တွင် တည်နေသည်။

တိရစ္ဆာန်များသည် အစားအစာအတွက်ဖြစ်စေ၊ အနိုင်ယူလွှမ်းမိုးလိုမှုအတွက် ဖြစ်စေ တစ်ကောင်နှင့်တစ်ကောင် အားပြိုင်တိုက်ခိုက်ကြသော်လည်း အစားအစာကို ကိုယ်စားပြုသော သင်္ကေတများ သို့မဟုတ် အနိုင်ယူလွှမ်းမိုးမှုကို ကိုယ်စားပြုသော သင်္ကေတများကို ရယူပိုင်ဆိုင်လိုမှုအတွက် လူအချင်းချင်း အားပြိုင်တိုက်ခိုက်ခြင်းကဲ့သို့ တိုက်ခိုက်ခြင်းမျိုးကို မပြုကြပေ။ သင်္ကေတများဆိုရာ၌ မနုဥစ္စာကို ကိုယ်စားပြုသော ငွေကြေးပိုက်ဆံများ ရာထူးအဆင့်အရ တပ်ဆင်သည့် တံဆိပ်များ လူမှုအဆင့်အတန်းကို ဖော်ပြသည့် အမှတ်အသားများ စသည်တို့ဖြစ်သည်။

"တစ်စုံတစ်ရာ" ကိုကိုယ်စားပြုသော အခြားတစ်စုံတစ်ရာကို လူသားများ ဖန်တီးသည့်ဖြစ်စဉ်သည် သင်္ကေတဖန်တီးမှုဖြစ်စဉ်ပင် ဖြစ်သည်။ လူနှစ်ယောက်ဆက်သွယ်ရာတွင် ဤသို့သော သင်္ကေတများကို နှစ်ဦးသဘောတူဖန်တီးနိုင်သည်။ 'က' နှင့် 'ခ' ဟူသော သင်္ကေတနှစ်ခု သတ်မှတ်ထားသည်ဆိုပါစို့။ နှစ်ဦးသဘောတူညီချက်အရ 'က' သည် စာအုပ်များကို ကိုယ်စားပြုသည်။ 'ခ' သည် ခဲတံများကို ကိုယ်စားပြု

mgyoe.com

mgyoe.com

သည်ဟု သတ်မှတ်နိုင်သည်။ ထိုမှတစ်ဖန် သဘောတူညီချက် ပြောင်းလဲပြန်ပြီး 'က' သည် ရန်ကုန်ကိုကိုယ်စားပြုပြီး 'ခ' သည် မန္တလေးကို ကိုယ်စားပြုသည်ဟု သတ်မှတ်နိုင်သည်။

ထိုမှတစ်ဖန် သဘောတူညီချက်ပြောင်းလဲပြီး 'က' သည် ပီမိုးနင်းကိုကိုယ်စားပြုသည်။ 'ခ' သည် ရွှေဥဒေါင်းကို ကိုယ်စားပြုသည်။ သို့မဟုတ် 'က' သည် အာရှနိုင်ငံများ၊ 'ခ' သည် ဥရောပနိုင်ငံများကို ကိုယ်စားပြုသည် စသည်ဖြင့် သင်္ကေတဖန်တီးပုံအမျိုးမျိုး ပြောင်းလဲနိုင်ပါသည်။ လူများသည် ထို့မှမက 'သင်္ကေတများကို ကိုယ်စားပြုသော 'က' သင်္ကေတများ(စာအုပ်များ၊ ရန်ကုန်၊ ပီမိုးနင်း၊ အာရှနိုင်ငံများ) ကို ကိုယ်စားပြုသော သင်္ကေတအဖြစ် 'ဋ' ကိုသတ်မှတ်ပြီး 'ခ' သင်္ကေတများ (ခဲတံများ၊ မန္တလေး၊ ပီမိုးနင်း၊ ဥရောပနိုင်ငံများ) ကို ကိုယ်စားပြုသော သင်္ကေတအဖြစ် 'ဌ' ကို သတ်မှတ်နိုင်သည်။ ထိုမှတစ်ဖန် 'ဏ' ကို 'ဋ' နှင့် 'ဌ' တို့အား ကိုယ်စားပြုသည့် သင်္ကေတအဖြစ် သတ်မှတ်နိုင်ပြန်သည်။ သို့ဖြင့် 'ဏ' သည် သင်္ကေတများကို ကိုယ်စားပြုသော သင်္ကေတနှစ်ခုကို ထပ်မံကိုယ်စားပြုသော သင်္ကေတတစ်ခု ဖြစ်သွားပါသည်။ ဤသို့ဖြင့် လူများသည် သင်္ကေတဖန်တီးမှု ဖြစ်စဉ်အရ သင်္ကေတများကို လွတ်လပ်စွာ အဆင့်ဆင့်ဖန်တီးနိုင်ပါသည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်လျှင် သင်္ကေတဖန်တီးမှု ဖြစ်စဉ်အမျိုးမျိုးကို တွေ့မြင်နိုင်ပါသည်။ ရွှေသပြေခက်များ၊ ရွှေကြယ်ပွင့်များသည် တပ်မတော်အရာရှိ အဆင့်များကို ကိုယ်စားပြုသော သင်္ကေတများဖြစ်သည်။ ခြသေ့ရုပ် ဆင်ရုပ်စသည့်တို့ ရိုက်နှိပ်ထားသော လေးထောင့်စက္ကူချပ်များသည် ဓနဥစ္စာကို ကိုယ်စားပြုသော ပိုက်ဆံသင်္ကေတများဖြစ်သည်။ အောင်လက်မှတ်သည် ပညာအဆင့်ကို ကိုယ်စားပြုသော သင်္ကေတဖြစ်သည်။ အလုပ်တာဝန်အလိုက် ဝတ်ဆင်ရသော ဝတ်စုံများသည် လူမှုရေးသင်္ကေတများ ဖြစ်သည်။ စေတီပုထိုးများ ဘုရားရှိခိုးကျောင်းများ ဗလီများသည် ဘာသာရေး သင်္ကေတများဖြစ်သည်။ ကမ္ဘာဦးကစ၍ မျက်မှောက်ခေတ်အထိ လူကိုဖန်တီးသော သင်္ကေတများသည် လူ့ဘဝထဲတွင် သိမ်မွေ့နက်ရှိုင်းစွာ ပျံ့နှံ့ဖွဲ့ယှက်လျက်ရှိသည်။

ဝတ်စားဆင်ယင်မှုများသည် အပူအချမ်းနှင့် အရှက်အကြောက်ကို ကာကွယ်ရန်ဟူသော အခြေခံလိုအပ်ချက်ထက် များစွာပိုလွန်သော လူမှုအဆင့်အတန်းကို ဖော်ပြသည့် သင်္ကေတများအဖြစ်သို့ ရောက်နေပြီဖြစ်သည်။ ဖက်ရှင်ဒီဇိုင်းအမျိုးမျိုး

mgyoe.com

mgyoe.com

သည့် ခေတ်မီခြင်း ချမ်းသာကြွယ်ဝခြင်း လူမှုအဆင့်မြင့်မားခြင်း စသော လူမှုဆိုင်ရာ သင်္ကေတများပင်ဖြစ်သည်။

အစားအသောက်များသည်လည်း သင်္ကေတသဘောဆောင်သည်။ ဘာသာရေးပွဲများတွင် သတ်မှတ်ထားသော အစားအသောက်များသည် ဘာသာရေးအခင်းအကျင်းကို ကိုယ်စားပြုသော သင်္ကေတများဖြစ်သည်။ မြန်မာ့ရိုးရာပွဲတော်များတွင် ကျွေးမွေးသော သင်္ကြန်ထမင်း၊ ထမနဲ၊ မုန့်လုံးရေပေါ်တို့၏ သင်္ကေတသဘောကို စဉ်းစားကြည့်နိုင်ပါသည်။

အိုးအိမ်တိုက်တာများ မော်တော်ကား စသည့်အသုံးအဆောင်များမှာ ပိုင်ရှင်တို့၏အကြိုက် ငွေကြေးချမ်းသာမှုနှင့် လူမှုအဆင့်အတန်းတို့ကို ကိုယ်စားပြုသော သင်္ကေတများအဖြစ် မြင်သာပါသည်။ မော်တော်ကားကို နောက်ဆုံးပေါ် မော်ဒယ်လဲ၍စီးခြင်းသည် သွားလာရေး အဆင်ပြေကောင်းမွန်စေရန် သက်သက်မဟုတ်ဘဲ ဤကားမျိုးဝယ်စီးနိုင်သည်ဟူသော ပတ်ဝန်းကျင်အထင်အမြင်ကို ရယူလိုသည့် သက်သေအဖြစ် ဝယ်စီးခြင်းလည်းဖြစ်သည့်အတွက် သင်္ကေတသဘော ဆောင်ပါသည်။

ဤသို့ဖြင့် လူသားသည် သင်္ကေတများကို ဖန်တီးရုံမကဘဲ သင်္ကေတများကို အမြတ်တနိုးအသုံးပြုသော သတ္တဝါလည်းဖြစ်ပါသည်။ လူသား၏သင်္ကေတ မြတ်နိုးသောအပြုအမူမှာ တစ်ခါတစ်ခါတွင် ရယ်စရာကောင်းသည့် လုပ်ရပ်များပင်ဖြစ်နေတတ်သည်။ ဂီတအကြောင်း လုံးဝနားမလည်သော်လည်း ဧည့်ခန်းတွင် မှန်စီရွှေချစောင်းကောက်ကြီးကို အမြတ်တနိုးပြထားသော အပြုအမူမျိုးဖြစ်သည်။ သင်္ကေတဖန်တီးမှုဖြစ်စဉ်ကို သဘောပေါက်နားလည်ခြင်းဖြင့် သင်္ကေတ၏ ကျေးကျွန်အဖြစ်သို့ မရောက်စေဘဲ သင်္ကေတ၏အရှင်သခင်အဖြစ်သို့ ရောက်စေရန် သတိမူနိုင်မည်ဖြစ်သည်။

သင်္ကေတစနစ်အားလုံးတွင် ဘာသာစကားသည် အဖွံ့ဖြိုးဆုံး အသိမ်မွေ့ဆုံး အရှုပ်ထွေးဆုံးသင်္ကေတဖြစ်သည်။ လူသားများသည် ရာစုပေါင်းများစွာကပင် အချင်းချင်း ဆက်သွယ်ရာ၌ အသက်ရှူသွင်းပြီး အဆုတ်ထဲကပြန်ထုတ်လိုက်သော လေနှင့် လည်ချောင်း လျှာ သွား နှုတ်ခမ်းတို့ ထိတွေ့ခြင်းဖြင့် ဖြစ်ပေါ်လာသော အသံများကို ဖြစ်ရပ်အမျိုးမျိုးကို ကိုယ်စားပြုသည့် သင်္ကေတများအဖြစ် အသုံးပြုခဲ့ကြသည်။ ဤသို့ အသံများဖြင့် သဘောတူသတ်မှတ်သော သင်္ကေတစနစ်ကို

mgyoe.com